ဉာဏာလင်္ကာရာဘိဝံသဓမ္မဓဇ
မဟာဓမ္မရာဇဂုရု
ပထမဆင်တဲဆရာတော်ဘုရားကြီး
ရေးသားတော်မူခဲ့သော

# ဝဇိရဗုဒ္ဓိဋီကာ
# နိဿယကျမ်း

(ပထမတွဲ)

ပိဋကဗျူဟာအဖွဲ့
ရွှေတိဂုံစေတီတော်-တနင်္ဂနွေဆောင်
အာဇာနည်ဗိမာန်လမ်း၊ ရန်ကုန်မြို့

အဘ ဦး[illegible]

[illegible] ဦး [illegible] ဦး

[illegible] (၃၀၃) [illegible]

[illegible]

[illegible]

[illegible]

ဉာဏာလင်္ကာရာဘိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရု

## ပထမဆင်တဲဆရာတော်ဘုရားကြီး

## စီရင်တော်မူသော

# ဝဇိရဗုဒ္ဓိဋီကာနိဿယ

## ( ပထမတွဲ )




## ပိဋကဗျူဟာအဖွဲ့

ရွှေတိဂုံစေတီတော် တနင်္ဂနွေတောင်

အာဇာနည်ဗိမာန်လမ်း၊ ရွှေဂုံတိုင်စာတိုက်၊ ရန်ကုန်မြို့။

---

( ပေမူမှ ပုံနှိပ်မူသို့ ပိဋကဗျူဟာမှ ပေါ်ထုတ်ပူဇော်သည် )



H 677—A [ဟံသာဝတီ] သာသနာ့အောင်ကွန်းအာဏာပြန်ပွားရေးဦးစီးဌာန

စာကြည့်တိုက်

ကမ္ဘာအေး-ရန်ကုန်။

# ပိဋကဗျူဟာအဖွဲ့ - တတိယကျမ်းစာ
# ဝဇိရဗုဒ္ဓိဋီကာနိဿယကျမ်း ( ပထမတွဲ )


ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက် အမှတ် (၄၅၉)

မျက်နှာဖုံးခွင့်ပြုချက် အမှတ် (၂၃၀၅)

ပထမအကြိမ်

အုပ်ရေ (၂၀၀၀)

တန်ဖိုး (၃၀ိ)

သာသနာတော်နှစ် (၂၅၂၄)

၁၃၄၂-ခုနှစ်၊ ကဆုန်လ

၁၉၈၀-ခုနှစ်၊ မေလ

ပန်းချီ ။ ။ ဦးတင်ဦး

မျက်နှာဖုံး ။ ။ ကာလာမောင်ဝင်း

ထုတ်ဝေသူ ။ ။ ဦးအောင်သိမ်း (ဥက္ကဋ္ဌ)
ကင်းလွတ်ခွင့် အမှတ် (၁၈၁)
ပိဋကဗျူဟာအဖွဲ့
အာဇာနည်ဗိမာန်လမ်း
ရွှေဂုံတိုင်စာတိုက်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ။ ။ ဦးဇော်ဝင်း (၀၁၄၈၅)
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၃၄၉-ဗိုလ်အောင်ကျော်လမ်း
ရန်ကုန်မြို့။

ဝဇီရဗုဒ္ဓိဋီကာနိဿယ

( ပထမတွဲ )

# မာတိကာ

အကြောင်းအရာ


ကျမ်းဦးပလ္လင်

ကျမ်းဦးနိဒါန်း

နိဿယပဏာမ ....

ဝဇီရဗုဒ္ဓိဂန္ထာရမ္ဘကထာ ....

ဂန္ထာရမ္ဘကထာဝဏ္ဏနာ ....

ဗာဟိရနိဒါနကထာ

ဗာဟိရနိဒါနကထာဝဏ္ဏနာ ....

ပထမမဟာသင်္ဂီတိကထာဝဏ္ဏနာ ....

ဒုတိယသင်္ဂီတိကထာဝဏ္ဏနာ ....

တတိယသင်္ဂီတိကထာဝဏ္ဏနာ ....

ဝိနယာနိသံသကထာဝဏ္ဏနာ ....

အဗ္ဘန္တရနိဒါနကထာ

ဝေရဉ္ဇကဏ္ဍ

ဝေရဉ္ဇကဏ္ဍဝဏ္ဏနာ ....

ပုဗ္ဗေနိဝါသကထာဝဏ္ဏနာ ....

ဒိဗ္ဗစက္ခုဉာဏကထာဝဏ္ဏနာ ....

အာသဝက္ခယဉာဏကထာဝဏ္ဏနာ ....

ဥပါသကတ္တပဋိဝေဒနာကထာဝဏ္ဏနာ ....

၁ - ပါရာဇိကကဏ္ဍ

၁ — ပထမပါရာဇိက

သုဒိန္နဘာဏဝါရဝဏ္ဏနာ ....

မက္ကဋီဝတ္ထုကထာဝဏ္ဏနာ ....

ဝဇ္ဇိပုတ္တကဝတ္ထုဝဏ္ဏနာ ....

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| စတုပ္ပဒဝိနယကထာဝဏ္ဏနာ | .... | ၂၂၇ |
| ပဒဘာဇနီယဝဏ္ဏနာ | .... | ၂၃၉ |
| သာဓိပဒဘာဇနီယဝဏ္ဏနာ | .... | ၂၅၂ |
| သိက္ခာပစ္စက္ခာနကထာဝဏ္ဏနာ | .... | ၂၅၇ |
| မူလပညတ္တိကထာဝဏ္ဏနာ | .... | ၂၆၁ |
| ပထမစတုက္ကကထာဝဏ္ဏနာ | .... | ၂၆၄ |
| ဧကူနသတ္တတိဒွိသတစတုက္ကကထာဝဏ္ဏနာ | .... | ၂၆၉ |
| သန္ထတစတုက္ကဘေဒကထာဝဏ္ဏနာ | .... | ၂၇၃ |
| ပကိဏ္ဏက ကထာဝဏ္ဏနာ | .... | ၂၇၄ |
| ဝိနီတဝတ္ထုဝဏ္ဏနာ | .... | ၂၈၆ |


### ၂—ဒုတိယပါရာဇိက


| | | |
|---|---|---|
| ဓနိယဝတ္ထုဝဏ္ဏနာ | .... | ၃၀၅ |
| ပါဠိမုတ္တကဝိနိစ္ဆယဝဏ္ဏနာ | .... | ၃၁၂ |
| ပဒဘာဇနီယဝဏ္ဏနာ | .... | ၃၁၉ |
| ပဉ္စဝီသတိအဝဟာရကထာဝဏ္ဏနာ | .... | ၃၂၃ |
| ဘူမဋ္ဌကထာဒိဝဏ္ဏနာ | .... | ၃၂၅ |
| အာကာသဋ္ဌကထာဝဏ္ဏနာ | .... | ၃၃၀ |
| ဝေဟာသဋ္ဌကထာဝဏ္ဏနာ | .... | ၃၃၁ |
| ဥဒကဋ္ဌကထာဝဏ္ဏနာ | .... | ၃၃၂ |
| နာဝါဋ္ဌကထာဝဏ္ဏနာ | .... | ၃၃၃ |
| ခေတ္တဋ္ဌကထာဝဏ္ဏနာ | .... | ၃၃၃ |
| ဂါမဋ္ဌကထာဝဏ္ဏနာ | .... | ၃၃၃ |
| အရညဋ္ဌကထာဝဏ္ဏနာ | .... | ၃၃၄ |
| ဥဒက ကထာဝဏ္ဏနာ | .... | ၃၃၄ |
| ဒန္တပေါနကထာဝဏ္ဏနာ | .... | ၃၃၅ |
| ဝနပ္ပတိကထာဝဏ္ဏနာ | .... | ၃၃၆ |
| ဟရဏက ကထာဝဏ္ဏနာ | .... | ၃၃၆ |
| ဥပနိဓိကထာဝဏ္ဏနာ | .... | ၃၃၇ |
| သုင်္ကဃာတကထာဝဏ္ဏနာ | .... | ၃၄၀ |
| ပါဏကထာဝဏ္ဏနာ | .... | ၃၄၂ |

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| စတုပ္ပဒကထာဝဏ္ဏနာ | .... | ၃၄၃ |
| သံဝိဒါဝဟာရကထာဝဏ္ဏနာ | .... | ၃၄၃ |
| သင်္ကေတကမ္မကထာဝဏ္ဏနာ | .... | ၃၄၅ |
| အာဏတ္တိကထာဝဏ္ဏနာ | .... | ၃၄၆ |
| အာပတ္တိဘေဒဝဏ္ဏနာ | .... | ၃၅၀ |
| အနာပတ္တိဘေဒဝဏ္ဏနာ | .... | ၃၅၄ |
| ပကိဏ္ဏက ကထာဝဏ္ဏနာ | .... | ၃၅၆ |
| ဝိနီတဝတ္ထုဝဏ္ဏနာ | .... | ၃၆၁ |
| ကုသသင်္ကာမနဝတ္ထုဝဏ္ဏနာ | .... | ၃၆၂ |

### ၃–တတိယပါရာဇိက

| | | |
|---|---|---|
| ပဌမပညတ္တိနိဒါနဝဏ္ဏနာ | .... | ၃၇၀ |
| အာနာပါနဿတိသမာဓိကထာဝဏ္ဏနာ | .... | ၃၈၁ |
| ပဒဘာဇနီယဝဏ္ဏနာ | .... | ၃၉၈ |
| ဝိနီတဝတ္ထုဝဏ္ဏနာ | .... | ၄၂၉ |

### ၄–စတုတ္ထပါရာဇိက

| | | |
|---|---|---|
| ဝဂ္ဂုမုဒါတီရိယဘိက္ခုဝဏ္ဏနာ | .... | ၄၃၆ |
| သဝိဘင်္ဂသိက္ခာပဒဝဏ္ဏနာ | .... | ၄၃၈ |
| ပဒဘာဇနီယဝဏ္ဏနာ | .... | ၄၃၈ |
| ဝတ္ထုကာမဝါရကထာဝဏ္ဏနာ | .... | ၄၄၂ |
| အာပတ္တိဘေဒကထာဝဏ္ဏနာ | .... | ၄၄၂ |
| ဝိနီတဝတ္ထုဝဏ္ဏနာ | .... | ၄၄၃ |
| နိဂမနကထာဝဏ္ဏနာ | .... | ၄၄၄ |

### ၂–သံဃာဒိသေသကဏ္ဍ

| | | |
|---|---|---|
| ၁–သုက္ကဝိဿဋ္ဌိသိက္ခာပဒဝဏ္ဏနာ | .... | ၄၄၆ |
| ၂–ကာယသံသဂ္ဂသိက္ခာပဒဝဏ္ဏနာ | .... | ၄၅၈ |
| ပဒဘာဇနီယဝဏ္ဏနာ | .... | ၄၆၂ |
| ဝိနီတဝတ္ထုဝဏ္ဏနာ | .... | ၄၇၁ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၃–ဒုဋ္ဌုလ္လဝါစာသိက္ခာပဒဝဏ္ဏနာ | .... | ၄၇၂ |
| ပဒဘာဇနီယဝဏ္ဏနာ | .... | ၄၇၄ |
| ဝိနီတဝတ္ထုဝဏ္ဏနာ | .... | ၄၇၆ |
| ၄–အတ္တကာမပါရိစရိယသိက္ခာပဒဝဏ္ဏနာ | .... | ၄၇၆ |
| ၅–သဉ္စရိတ္တသိက္ခာပဒဝဏ္ဏနာ | .... | ၄၇၈ |
| ပဒဘာဇနီယဝဏ္ဏနာ | .... | ၄၇၈ |
| ဝိနီတဝတ္ထုဝဏ္ဏနာ | .... | ၄၈၀ |
| ၆–ကုဋိကာရသိက္ခာပဒဝဏ္ဏနာ | .... | ၄၈၀ |
| ၇–ဝိဟာရကာရသိက္ခာပဒဝဏ္ဏနာ | .... | ၄၈၉ |
| ၈–ပဌမဒုဋ္ဌဒေါသသိက္ခာပဒဝဏ္ဏနာ | .... | ၄၈၉ |
| ၉–ဒုတိယဒုဋ္ဌဒေါသသိက္ခာပဒဝဏ္ဏနာ | .... | ၅၀၀ |
| ၁၀–ပဌမသံဃဘေဒ သိက္ခာပဒဝဏ္ဏနာ | .... | ၅၀၉ |
| ၁၁–ဒုတိယသံဃဘေဒ သိက္ခာပဒဝဏ္ဏနာဝဏ္ဏနာ | .... | ၅၁၄ |
| ၁၂–ဒုဗ္ဗစသိက္ခာပဒဝဏ္ဏနာ | .... | ၅၁၄ |
| ၁၃–ကုလဒူသကသိက္ခာပဒဝဏ္ဏနာ | .... | ၅၁၅ |


## ၃–အနိယတကဏ္ဍ


| | | |
|---|---|---|
| ၁–ပဌမအနိယတသိက္ခာပဒဝဏ္ဏနာ | .... | ၅၂၀ |
| ၂–ဒုတိယအနိယတသိက္ခာပဒဝဏ္ဏနာ | .... | ၅၂၃ |
| ပကိဏ္ဏကဝဏ္ဏနာ | ... | ၅၂၅ |


## ၄–နိဿဂ္ဂိယကဏ္ဍ

### ၁–စီဝရဝဂ္ဂ


| | | |
|---|---|---|
| ၁–ပဌမကထိနသိက္ခာပဒဝဏ္ဏနာ | .... | ၅၂၉ |
| ၂–ဥဒေါသိတသိက္ခာပဒဝဏ္ဏနာ | .... | ၅၆၅ |
| ၃–တတိယကထိနသိက္ခာပဒ ဝဏ္ဏနာ | .... | ၅၇၆ |
| ၄–ပုရာဏစီဝရသိက္ခာပဒဝဏ္ဏနာ | .... | ၅၈၂ |
| ၅–စီဝရပဋိဂ္ဂဟဏသိက္ခာပဒ ဝဏ္ဏနာ | .... | ၅၈၅ |
| ၆–အညာတကဝိညတ္တိသိက္ခာပဒ ဝဏ္ဏနာ | .... | ၅၉၀ |
| ၇–တတုတ္တရိသိက္ခာပဒ ဝဏ္ဏနာ | .... | ၅၉၆ |
| ၈–ပဌမဥပက္ခဋသိက္ခာပဒ ဝဏ္ဏနာ | .... | ၅၉၉ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၉-ဒုတိယဥပက္ခဋသိက္ခာပဒ ဝဏ္ဏနာ | .... | ၅၉၉ |
| ၁၀-ရာဇသိက္ခာပဒ ဝဏ္ဏနာ | .... | ၆၀၄ |
| **၂-ကောသိယဝဂ္ဂ** | | |
| ၁-ကောသိယသိက္ခာပဒ ဝဏ္ဏနာ | .... | ၆၁၂ |
| ၂ သုဒ္ဓကာဠကသိက္ခာပဒ ဝဏ္ဏနာ | .... | ၆၁၃ |
| ၃-ဒွေဘာဂသိက္ခာပဒ ဝဏ္ဏနာ | .... | ၆၁၃ |
| ၄-ဆဗ္ဗဿသိက္ခာပဒ ဝဏ္ဏနာ | .... | ၆၁၄ |
| ၅-နိသီဒနသန္ထတသိက္ခာပဒ ဝဏ္ဏနာ | .... | ၆၁၈ |
| ၆-ဧဠကလောမသိက္ခာပဒ ဝဏ္ဏနာ | .... | ၆၂၄ |
| ၇-ဧဠကလောမဓောဝါပနသိက္ခာပဒ ဝဏ္ဏနာ | .... | ၆၃၀ |
| ၈-ရူပိယသိက္ခာပဒဝဏ္ဏနာ | .... | ၆၃၃ |
| ၉-ရူပိယ သံဝေါဟာရသိက္ခာပဒဝဏ္ဏနာ | .... | ၆၄၃ |
| ၁၀-ကယဝိက္ကယ သိက္ခာပဒဝဏ္ဏနာ | .... | ၆၄၉ |
| **၃-ပတ္တဝဂ္ဂ** | | |
| ၁-ပတ္တသိက္ခာပဒဝဏ္ဏနာ | .... | ၆၅၀ |
| ၂-ဦနပဉ္စဗန္ဓနသိက္ခာပဒဝဏ္ဏနာ | .... | ၆၅၂ |
| ၃-ဘေသဇ္ဇသိက္ခာပဒဝဏ္ဏနာ | .... | ၆၅၃ |
| ၄-ဝဿိက သာဋိက သိက္ခာပဒဝဏ္ဏနာ | .... | ၆၆၅ |
| ၅-စီဝရအစ္ဆိန္ဒနသိက္ခာပဒဝဏ္ဏနာ | .... | ၆၇၁ |
| ၆-သုတ္တဝိညတ္တိသိက္ခာပဒဝဏ္ဏနာ | .... | ၆၇၆ |
| ၇-မဟာပေသကာရ သိက္ခာပဒဝဏ္ဏနာ | .... | ၆၇၇ |
| ၈-အစ္စေကစီဝရ သိက္ခာပဒဝဏ္ဏနာ | .... | ၆၇၇ |
| ၉-သာသင်္က သိက္ခာပဒဝဏ္ဏနာ | .... | ၆၈၇ |
| ၁၀-ပရိဏတ သိက္ခာပဒဝဏ္ဏနာ | .... | ၆၉၀ |


ဝဇိရဗုဒ္ဓိဋီကာနိဿယ(ပထမတွဲ) မာတိကာပြီး၏။

# ကျမ်းဦးပလ္လင်

## တိပိဋကံ ဗုဒ္ဓဝစနံ စိရံ တိဋ္ဌတု

၁။ ပုံနှိပ်မှုအဖြစ်သို့ မရောက်ဘူးပဲ တိမ်မြုပ်ပျောက်ကွယ်နေသော ပိဋကစာပေ (ပေမူ) တို့ကို ပုံနှိပ်မှု အဖြစ်သို့ ဖော်ထုတ် ပူဇော်၍ ပရိယတ္တိသာသနာတော်ကို အားဖြည့်ရန်–ဟူသော ရည်ရွယ်ချက်ဖြင့် ၁၃၃၇–ခုနှစ် ကဆုန်လပြည့်နေ့(၂၄–၅–၇၅)တွင် ဩဝါဒါစရိယ ဆရာတော်ကြီးများကို အမှူးထား၍ ပိဋကဗျူဟာအဖွဲ့ကို စတင် ဖွဲ့စည်း တည်ထောင်ခဲ့ပါသည်။ (ဖွဲ့စည်းပုံ အကျယ်ကို ပထမကျမ်းစာ–ကလျာဏီကျောက်စာ မြန်မာပြန်ကျမ်းတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်)။

၂။ ပိဋကဗျူဟာအဖွဲ့၏ ပထမကျမ်းစာ အဖြစ် ကျောက်စာသက် နှစ် ၅၀၀–ကျော်, ပေစာသက် နှစ် ၂၀၀–ကျော်ရှိခဲ့ပြီး တကြိမ်တခါမျှ ပုံမနှိပ်ဘူးသေးသော မ–ကာရလောပ တောင်တွင်းကြီး သာသနာပိုင်ဆရာတော် ခင်ကြီးဖျော်၏ "ကလျာဏီ ကျောက်စာ မြန်မာပြန်" ( ပေမူ ) ကို ပုံနှိပ်စာအုပ်အဖြစ်သို့ ၁၃၃၈–ခုနှစ်၊ သီတင်းကျွတ်လ (၁၉၇၇–အောက်တိုဘာလ)တွင် ဖော်ထုတ်ပူဇော်ခဲ့ပါသည်။

၃။ ပိဋကဗျူဟာအဖွဲ့၏ ဒုတိယကျမ်းစာ အဖြစ် ပေစာသက် နှစ် ၅၀၀–ကျော်ရှိခဲ့ပြီး တကြိမ်တခါမျှ ပုံမနှိပ်ဘူးသေးသော အင်းဝခေတ်–မဏိသာရမဉ္ဇူသာဋီကာကျမ်းပြုအကျော် "သမန္တပါသာဒိက အရှင်မဟာအရိယဝံသ ဓမ္မသေနာပတိ" ( စစ်ကိုင်း ) ၏ "ဇာတ်ဝိသောဓနကျမ်း" (ပေမူ)ကို ပုံနှိပ်စာအုပ်အဖြစ်သို့ ၁၃၄၀–ပြည့်နှစ် သီတင်းကျွတ်လ(၁၉၇၈-အောက်တိုဘာလ)တွင် ဖော်ထုတ်ပူဇော်ခဲ့ပါသည်။

၄။ ပိဋကဗျူဟာအဖွဲ့၏ တတိယကျမ်းစာ အဖြစ် ပေစာသက် ၁၇၅–နှစ်ကျော် ရှိခဲ့ပြီး တကြိမ်တခါမျှ ပုံမနှိပ်ဘူးသေးသော အမရပူရခေတ်–ဉာဏာလင်္ကာရဘိသဒ္ဓမ္မဓဇမဟာဓမ္မရာဇဂုရု ပထမ ဆင်တဲဆရာတော်ဘုရားကြီး၏ "ဝဇီရဗုဒ္ဓိဋီကာနိဿယကျမ်းကြီး" (ပထမတွဲ) ကို ၁၃၄၁–ခုနှစ်၊ တပေါင်းလ(၁၉၈၀-မတ်လ)တွင် ဖော်ထုတ်ပူဇော်လိုက်ပါသည်။

၃။ ဝဇိရဗုဒ္ဓိဋီကာနိဿယကျမ်းကြီးကို မဖတ်ရှုမလေ့လာမီ မြန်မာပြည်နိဿယကျမ်းသမိုင်းကို အားရပါးရ ဖတ်ရှုလေ့လာရမည့်အပြင်၊ ဝဇိရဗုဒ္ဓိဋီကာ ကျမ်းအကြောင်းကိုလည်းကောင်း, ဝဇိရဗုဒ္ဓိဋီကာ နိဿယကျမ်းအကြောင်းကိုလည်းကောင်း, ဝဇိရဗုဒ္ဓိဋီကာနိဿယ ကျမ်းပြုပထမဆင်တဲဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိ အကျဉ်းချုပ်ကိုလည်းကောင်း ''ကျမ်းဦးနိဒါန်း''ဖြင့် ပိဋကဗျူဟာ-စာပေဦးဆောင်အဖွဲ့မှ ကြိုးပမ်းပေးထားပါသည်။

၄။ ကျမ်းဦးနိဒါန်းကို ဖတ်ရှု လေ့လာပြီးနောက် ဤ နိဿယကျမ်းကို လေ့လာရမည့်အခန်းသို့ ရောက်ပါပြီ၊ တကြိမ်တခါမျှ ပုံနှိပ်မူအဖြစ်သို့ မရောက်ဘူးသေးသော ပေမူဖြစ်ပါသဖြင့် တည်းဖြတ်သုတ်သင်ရာ၌ အခက်အခဲရှိပါသည်၊ သို့ရာတွင် စာချ-စာသင် အရှင်တို့အတွက် အဆင်ပြေနိုင်သမျှ ပြေအောင်ထား၍ ကြိုးပမ်းထားပါသည်၊ ပေမူနှင့် ဆဋ္ဌသံဂါယနာမူတို့၏ ဋီကာပါဠိ အနေအထား ကွဲပြားချက်တို့ကို အလွယ်တကူ တိုက်ဆိုင် လေ့လာနိုင်ကြပါစေရန် ဆဋ္ဌသံဂါယနာမူ (ဝဇိရဗုဒ္ဓိဋီကာပါဠိ)တို့ကို အောက်ခြေတွင်ပြထားပါသည်၊ ပေမူ၏ မူရင်းအနေအထားတို့ကို မူရင်းအတိုင်း လေ့လာနိုင်ပါစေရန် မူရင်းကျကျ စီရင်ထားပါကြောင်း အစီရင်ခံပါသည်။

၅။ ဝဇိရဗုဒ္ဓိဋီကာနိဿယကျမ်း (ဒုတိယတွဲ) အပါအဝင် သာရတ္ထဒီပနီဋီကာနိဿယ - ဝိမတိဝိနောဒနီဋီကာနိဿယ — ဝိနယာလင်္ကာရဋီကာနိဿယ—စသော အဖိုးတန်နိဿယကျမ်းများစွာကို ပေမူမှလက်ရေးမူ-လက်ရေးမူမှ လက်နှိပ်စက်မူသို့ အဆင့်ဆင့် ကူးယူ တည်းဖြတ်၍ ပုံနှိပ်ရန် အဆင်သင့်အနေအထားသို့ ရောက်အောင် ပိဋကဗျူဟာ အဖွဲ့မှ ကြိုးပမ်းထားပြီးဖြစ်ပါသည်၊ ဤနိဿယကျမ်းကြီးတို့ကို ပုံနှိပ်မူအဖြစ်သို့ ဖော်ဆောင်ရာတွင် တစ်အုပ်လျှင်သုံးသောင်းကျပ်ဝန်းကျင်ကုန်ကျစရိတ် ရှိပါသဖြင့် တစ်အုပ်ပြီးတစ်အုပ် သွက်သွက်လက်လက် ဖော်ထုတ်ရန်များစွာအခက်အခဲရှိပါသည်၊ ဤကျမ်းကြီးများသည် အရေအတွက် နည်းပါးလှသော အထက်တန်းစာချ-စာသင်အရှင်မြတ်တို့သာ သုံးစွဲနိုင်ပါသဖြင့် ဖြန့်ဝေရာတွင် များစွာ နှောင့်နှေးတတ်ပါသည်၊ သို့အတွက် အရင်းအနှီး ရန်ပုံငွေလည်ပတ်မှု ကြန့်ကြာတတ်ပါသည်၊ ယင်းကဲ့သို့ ရင်းနှီးမြှုပ်နှံမှု များသလောက် ဖြန့်ဝေရာတွင် နှောင့်နှေးသဖြင့်လည်း

ရှေးခေတ်နှင့် မျက်မှောက်ခေတ် စာအုပ်ထုတ်ဝေသူများက ဤကျမ်း စာကြီးတို့ကို မထုတ်ဝေရဲပဲ မျက်နှာလွှဲခဲ့ကြခြင်းဖြစ်ပါသည်။

၈။ ပိဋကဗျူဟာသည် ပရိယတ္တိ သာသနာတော်အတွက် ရည်ရွယ်ချက် အပြည့်အဝဖြင့် ဖွဲ့စည်းခဲ့သော သာသနာရေးအဖွဲ့အစည်းသက်သက် ဖြစ်ပါသည်၊ သာသနာရေးအဖွဲ့အစည်း ဖြစ်ပါသဖြင့် သာသနာဝင် တို့၏ စေတနာသဒ္ဓါတရားကို ယုံကြည်မှုကြီးစွာထား၍ သာသနာစိတ် အပြည့်အဝဖြင့် မည်သူမျှ မထုတ်ဝေရဲခဲ့သော ဤ ဝဇိရဗုဒ္ဓိဋီကာ နိဿယကျမ်းကြီးကို ကြိုးပမ်း၍ ဖော်ထုတ်ပူဇော်လိုက်ပါသည်၊ သဒ္ဓါ ရှင်–ပညာရှင်တို့ ကြည်လင်သဒ္ဓါဝမ်းမြောက်စွာဖြင့်သာခုခေါ်တော်မူ ကြပါကုန်လော့၊ တိမ်မြုပ်နေသော အဖိုးတန် ပေမူကျမ်းစာတို့ကို ပုံနှိပ် မူ အဖြစ်သို့ ဖော်ယုတ်ပူဇော်ခြင်းသည် "ဓမ္မစေတီ" တို့ကိုတည်ထား ကိုးကွယ် ပူဇော်ခြင်း မည်ပါသည်၊ ဓာတုစေတီ–ဥဒ္ဒိဿ စေတီ တို့ကို တည်ထားကိုးကွယ်ပူဇော်မှု၌ သဒ္ဓါအားကြီးတော်မူကြသော စေတနာ ရှင်တို့သည် ပိဋကဗျူဟာအဖွဲ့၏ ဓမ္မစေတီတည်ထား ကိုးကွယ်ပူဇော် သော သာသနာပြု လုပ်ငန်းကြီး၌လည်း တတပ်တအား ပါဝင်၍ သာသနာပြုတော်မူကြပါရန်နှင့် လက်ဆင့်ကမ်း နှိုးဆော် တိုက်တွန်း ပေးတော်မူကြပါရန် ပန်ကြားအပ်ပါသည်။

၉။ ပိဋကဗျူဟာအဖွဲ့ ငါးနှစ်တာ သက်တမ်းကာလအတွင်း အဖိုးတန်ပေ မူကျမ်းစာပေါင်း ၅၀–ကျော်ကို ရှာဖွေ၍ လက်ရေးမူ–လက်နှိပ်စက် မူတို့ဖြင့် မှတ်တမ်းတင်၍ ပုံနှိပ်ရန် အဆင်သင့်ဖြစ်စေခဲ့ပါပြီ၊ ငါးနှစ် ကာလအတွင်း ကျောက်စာသက်နှစ် ၅၀၀–ကျော် "ကလျာဏီ ကျောက်စာ မြန်မာပြန်ကျမ်း"ကိုလည်းကောင်း၊ စာပေသက် နှစ် ၅၀၀–ကျော် "ဇာတ်ပိုသောမနကျမ်း"ကိုလည်းကောင်း၊ ပေစာ သက် ၁၇၅–နှစ်ကျော် "ဝဇိရဗုဒ္ဓိဋီကာ နိဿယကျမ်း" (ပထမတွဲ) ကိုလည်းကောင်း ပေမူမှ ပုံနှိပ်စာအုပ်အဖြစ်သို့ ဖော်ယုတ်ပူဇော် နိုင်ခဲ့ပါပြီ၊ (စက္ကူအခက်အခဲမရှိပါမူ ယခုထက် များမြန်စွာ ပုံနှိပ် ဖော်ယုတ်နိုင်ပါမည်) ငါးနှစ်တာကာလအတွင်း ပေမူသုံးပုံ (တစ် သုံးလုံး)ကို ရည်မှန်း၍ ၁၁၁–ကျပ် (တစ်ရာတစ်ဆယ့်တစ်ကျပ်) ပါဝင်လှူဒါန်းအားပေး ကူညီကြသော "ပိဋကဝန်ဆောင်"အဖွဲ့ဝင် ပုဂ္ဂိုလ်ပေါင်း ၄၀၀ ကျော်ကိုလည်း စုစည်းနိုင်ခဲ့ပါပြီ၊ အဖိုးတန်

## ကျမ်းဦးပလ္လင်

ကျမ်းကြီးများကို တကျမ်းပြီးတကျမ်း လျင်မြန်စွာ ဖော်ထုတ်ပူဇော်နိုင်ရေးအတွက် ကျမ်းစာအုပ်အလှူရှင် သီးသန့်စေတနာရှင်များနှင့် ၁၁၁ ကျပ် အလှူရှင် စေတနာရှင်များကို ပိဋကဗျူဟာအဖွဲ့မှ စောင့်မျှော် ကြိုဆိုလျက် ရှိပါကြောင်း ဤကျမ်းဦးပလ္လင်ဖြင့် အစီရင်ခံအပ်ပါသည်။

ပိဋကဗျူဟာအဖွဲ့

## ပိဋကဝန်ဆောင်အဖွဲ့ဝင်တို့၏ ကုသိုလ်စေတနာဖြင့်
## ပိဋကဗျူဟာအဖွဲ့တွင် ပေမူမှလက်ရေးမူ-လက်ရေးမူမှလက်နှိပ်စက်မူသို့
## အဆင့်ဆင့်ကူးယူပြီးသော အဖိုးတန်ရှားပါး
## ကျမ်းစာမူများစာရင်း

၁။ မဏိဒီပပါဠိ
၂။ ဝိသုဒ္ဓိမဂ် ဂဏ္ဌိပါဠိ
၃။ ပဋိသမ္ဘိဒါမဂ် ဂဏ္ဌိပါဠိ
၄။ ဆဂတိဒီပနီပါဠိ
၅။ ယမကဋီကာ ဝဏ္ဏနာပါဠိ
၆။ ဓမ္မသင်္ဂဏီမူလဋီကာ ယောဇနာပါဠိ
၇။ ဇာတကဋီကာပါဠိ
၈။ သီမာလင်္ကာရဋီကာပါဠိ
၉။ ဝိနယရာသိပါဠိ
၁၀။ စူဠဂန္ထဝင်ပါဠိ
၁၁။ လောကဒီပနီပါဠိ
၁၂။ လောကုပ္ပတ္တိပကာသနီပါဠိ
၁၃။ သုစိတ္တာလင်္ကာရပါဠိ
၁၄။ သင်္ချာပကာသကဋီကာပါဠိ
၁၅။ မဟာပဏာမကြီးပါဠိ
၁၆။ တိဂုမ္ဘစေတီယထောမနာပါဠိ
၁၇။ စူဠထူပဝင်ပါဠိ
၁၈။ မဟာထူပဝင်ပါဠိ
၁၉။ အနာဂတဝင်ပါဠိ
၂၀။ ဒီပဝင်ပါဠိ
၂၁။ မဟာဝင်ပါဠိ
၂၂။ ဗောဓိဝင်ပါဠိ
၂၃။ ကေသဓာတုဝင်ပါဠိ
၂၄။ နဠာဋဓာတုဝင်ပါဠိ
၂၅။ ဝိမတိဝိနောဒနီဋီကာနိဿယ (ပ)
၂၆။ ဂိမတိဂိနောဒနီဋီကာနိဿယ (ဒု)
၂၇။ ဝဇိရဗုဒ္ဓိဋီကာနိဿယ (ပ) (ပုံနှိပ်မှုရိုက်ပြီး)

၂၈။ ဝဇိရဗုဒ္ဓိဋီကာ နိဿယ(ဒု)
၂၉။ သာရတ္ထဒီပနီ ဋီကာနိဿယ(ပ)
၃၀။ သာရတ္ထဒီပနီ ဋီကာနိဿယ(ဒု)
၃၁။ ဝိနယာလင်္ကာရ ဋီကာနိဿယ(ပ)
၃၂။ ဝိနယာလင်္ကာရ ဋီကာနိဿယ(ဒု)
၃၃။ ဗုဒ္ဓဝင်အဋ္ဌကထာ နိဿယ
၃၄။ သုတ္တနိပါတ အဋ္ဌကထာနိဿယ(ပ)
၃၅။ သုတ္တနိပါတ အဋ္ဌကထာနိဿယ(ဒု)
၃၆။ သုတ္တနိပါတ အဋ္ဌကထာနိဿယ(တ)
၃၇။ နေတ္တိအဋ္ဌကထာနိဿယ
၃၈။ နေတ္တိဋီကာဟောင်းနိဿယ
၃၉။ သုစိတ္တာလင်္ကာရ နိဿယ
၄၀။ သုတ္တသင်္ဂဟနိဿယသစ်
၄၁။ တိဂုမ္ဘစေတီယ ထောမနာနိဿယ
၄၂။ မောဂ္ဂလာန် သဒ္ဒါနိဿယ(၃-စောင်)
၄၃။ အလင်္ကာဒေါသ အဓိပ္ပါယ်ကောက်
၄၄။ ကလျာဏီကျောက်စာမြန်မာပြန်(ပုံနှိပ်မှုရိုက်ပြီး)
၄၅။ ဇာတ်ဝိသောဓနကျမ်း(ပုံနှိပ်မှုရိုက်ပြီး)
၄၆။ ဂူဠတ္ထဒီပနီပါဌ်
၄၇။ အင်္ဂုတ္တရအဋ္ဌကထာ နိဿယ(ပ)
၄၈။ ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာနိဿယ
၄၉။ သဠာယတနဝဂ္ဂသံယုတ်အဋ္ဌကထာ နိဿယ
၅၀။ မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ နိဿယ
၅၁။ ဝိမာနဝတ္ထုအဋ္ဌကထာ နိဿယ
၅၂။ ဝိနယရာသိ ပါဌ်,နိဿယ
၅၃။ ခုဒ္ဒသိက္ခာဋီကာသစ် နိဿယ
၅၄။ ကင်္ခါဋီကာသစ်နိဿယ

# ကျမ်းဦးနိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## မဇ္ဈိမဒေသအပိုင်းအခြား

"ပုရတ္ထိမာယ ဒိသာယ ဂဇင်္ဂလံ နာမ နိဂမော၊ တဿာ ပရေန မဟာသာလော,–ပုရတ္ထိမဒက္ခိဏာယ ဒိသာယ သလ္လဝတီ နာမ နဒီ,–ဒက္ခိဏာယ ဒိသာယ သေတကဏ္ဏိကံ နာမ နိဂမော,–ပစ္ဆိမာယ ဒိသာယ ထူဏံ နာမ ဗြာဟ္မဏဂါမော,–ဥတ္တရာယ ဒိသာယ ဥသီရဒ္ဓဇော နာမ ပဗ္ဗတော၊ တတော ပရာ ပစ္စန္တိမာ ဇနပဒါ၊ ဩရတော မဇ္ဈေ...."(မ၊ ဋ္ဌ၊ ၂-၁၀၄-၅)

အရှေ့အလား ဂဇင်္ဂလနိဂုံး, အရှေ့တောင်အလား သလ္လဝတီမြစ်, တောင်အလား သေတကဏ္ဏိကနိဂုံး, အနောက်အလား ထူဏပုဏ္ဏားရွာ, မြောက်အလား ဥသီရဒ္ဓဇတောင်၊ ဤ ငါး၌သာ အပိုင်းအခြားအတွင်း အလျားယူဇနာ ၃၀၀၊ အနံယူဇနာ ၂၅၀၊ အဝန်းယူဇနာ ၉၀၀-ရှိသော မဇ္ဈိမဒေသအရပ်အတွင်း မင်းနေပြည်ဖြစ်သည့် သက္ကတိုင်း ကပိလဝတ်ပြည် သုဒ္ဓေါဒနမင်းကြီးနှင့် မဟာမာယာဒေဝီတို့မှ ဖွားမြင်တော်မူသော သိဒ္ဓတ္ထမင်းသားသည် မဂဓတိုင်း ရာဇဂြိုဟ်မြို့အနီး ဥရုဝေဠ တောအရပ် မြင့်မြတ်သော မဟာဗောဓိမြေပလ္လင်၌ မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ဝိသာခါနက္ခတ်နှင့် စန်းယှဉ်သော (ကဆုန်လပြည့်နေ့) အချိန်အခါတွင် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင်တော်မူသော ဘုရားမြတ်အဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

### ဗုဒ္ဓဝစန ပါဠိတော် အင်္ဂကထာများ

ယင်းသို့ လောကသုံးပါး၌ အတုမရှိသော ဘုရားမြတ်အဖြစ်သို့ ရောက်တော်မူပြီးနောက် အနေကဇာတိ သံသာရံ–စသော ပဌမဗုဒ္ဓဝစန, ဟန္ဒဒါနိ ဘိက္ခဝေ–စသော ပစ္ဆိမဗုဒ္ဓဝစနနှင့် ၄၅-ဝါ ကာလပတ်လုံးဖော်ပြပါ မဇ္ဈိမဒေသအတွင်း မင်းနေပြည်အဖြာဖြာ နိဂုံးမြို့ရွာတို့သို့ ဒေသစာရီ ကြွချီတော်မူ၍ နတ်လူများစွာ ဝေနေယျ သတ္တဝါတို့အား ကရုဏာ ရှေ့ထားဟောကြားတော်မူခဲ့သော မဇ္ဈိမဗုဒ္ဓဝစန ဓမ္မကထာ တရားတော် ရတနာတို့ကား–"သုတ္တန်, ဝိနည်း, အဘိဓမ္မာဟု ဆိုအပ်သော ပိဋကအားဖြင့် ၃ သုံး

ပါး၊ ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်, ခုဒ္ဒကနိကာယ်ဟု ဆိုအပ်သော နိကာယ်အားဖြင့် ငါးပါး၊ သုတ္တ, ဂေယျ, ဝေယျာကရဏ, ဂါထာ, ဥဒါန, ဣတိဝုတ္တက, ဇာတက, အဗ္ဘုတဓမ္မ, ဝေဒလ္လ–ဟု ဆိုအပ်သော အင်္ဂါအားဖြင့် ကိုးပါး၊ သုတ္တန်ပိဋက၌ဓမ္မက္ခန္ဓာ နှစ်သောင်း တထောင်, ဝိနည်း ပိဋက၌ ဓမ္မက္ခန္ဓာနှစ်သောင်းတထောင်, အဘိဓမ္မာပိဋက၌ ဓမ္မက္ခန္ဓာ လေးသောင်းနှစ်ထောင်အားဖြင့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်” အရေအတွက်ရှိသော ပါဠိတော်များနှင့် အချို့သော ပကိဏ္ဏကဒေသနာ အဋ္ဌကထာများပင် ဖြစ်လေသည်။

## မရေမတွက်နိုင်သော ဂန္ထန္တရများ

ယင်းဒေသနာတော်များကို နောက်နောက်ပညာရှင် ဗုဒ္ဓမတညုသခင်တို့ ပေါ်လွင်အောင် ဖွင့်ဆို ပြုစုတော်မူခဲ့သော ကျမ်းဂန် စာပေတို့သည်ကား— အဋ္ဌကထာ, ဋီကာ, ဂန္ထန္တရ, ဒီပနီ, အနု, မဓု, လက်သန်း, ဝိနိစ္ဆယ, ယောဇနာ, ဂဏ္ဌိ–အစရှိသည်ဖြင့် ပိဋကနယ်ပယ်တွင် ကျယ်ဝန်းသည်နှင့်အမျှ ရာထောင်မက ဂဏန်းမပြုနိုင်အောင် ယူဇနာပေါင်း ရှစ်သောင်းလေးထောင် အနက်ဆောင်သည့် ရေဘောင်သမုဒ်၏ အစုတ်မြားမြောက် ရေပေါက်ရေစက် ပမာ ရေတွက်၍ မရသာအောင် လွန်စွာပင် များပြားလှပေ၏။

## ဇမ္ဗူဒီပါကျွန်းလုံးအနှံ့

ထို ဗုဒ္ဓဘာသိတနှင့် ဗုဒ္ဓမတညုဆရာတို့၏ များစွာသော ပိဋကကျမ်းဂန်တို့သည် မဇ္ဈိမဒေသမှ တမ္ဗပဏ္ဏိမည်သော သီဟိုဠ်ကျွန်းတို့၌ ထွန်းပေါက်ထင်ရှား ပြန့်ပွား၍နေရာမှ သာသနာတော်နှစ် ကိုးရာကျော် (အေဒီ ၅–ရာစု)အတွင်း၌ ကျော်စောထင်ရှားသော အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်၏ လုံ့လဥဿာဟကြောင့် မူလပါဠိဘာသာဖြင့်ပင် ဇမ္ဗူဒီပါအနှံ့ ပြန့်ပွားထွန်းကား၍ လာခဲ့ရပြန်လေသည်။

## မြန်မာနိုင်ငံတော်သို့

ဇမ္ဗူဒီပါကျွန်းကြီး၏ အစွန်းတွဲဖက် ယာလက်သဖွယ် တင့်တယ်စွာသော ဤမြန်မာနိုင်ငံသို့လည်း တချိန်တည်းမှာပင် ဖော်ပြပါ ဗုဒ္ဓစာပေတို့ ပျံ့နှံ့၍ လာခဲ့ပေရာ ဗုဒ္ဓသာသနာတော်ထမ်း ရဟန်းတော် အရှင်မြတ်တို့က ကြပ်မတ်ချ၍ လုံ့လပြင်းစွာ လေ့လာသင်ကြားခဲ့ကြကုန်၏၊ သာသနာပြု မူလ ကိုးတိုင်း ကိုးဌာန အပါအဝင်ဖြစ်သည့် မြန်မာနိုင်ငံတော်အောက်ပိုင်း ရာမညတိုင်း သုဝဏ္ဏဘူမိမှ သာသနာတော် တထောင့်ခြောက်ရာတနှစ် (မြန်မာနှစ်

၄၀၉၊ ခရစ်အေဒီ-၁၁၄၇)တွင် ပုဂံပြည် အနိရုဒ္ဓ (အနော်ရထာ)မင်းကြီး၏ ကောင်းမှုကြောင့် အထက်မြန်မာနိုင်ငံသို့ပါ ဗုဒ္ဓသာသနာတော်နှင့် ဗုဒ္ဓစာပေများ ပျံ့နှံ့ ထင်ရှားရှိလာလေသည်၊ သို့တစေ-ယင်း ဗုဒ္ဓစာပေတို့ကား မူလအနေပါဠိဘာသာအားဖြင့်သာရှိခဲ့ပေရာ များစွာသော သဒ္ဓမရမ္မိကပုဂ္ဂိုလ် အမိဘာသာ မြန်မာသက်သက်ကိုသာ တတ်ကျွမ်းပြောဆိုကြသည့် ထိုထိုသော ရဟန်းရှင်လူတို့အတွက်မှာ အခက်အခဲရှိ၍နေလေတော့သည်။

## နိဿယသမိုင်း (ပုဂံခေတ်)

ထို့ကြောင့် ပုဂံပြည်ဖွား ပညာရှိရဟန်းတော် အများတို့သည် ထင်ရှားသော ပါဠိကျမ်းဂန်တို့ကို မြန်မာနိဿယ (နိသျ) ပြန်ဆိုတော်မူခဲ့ကြကုန်၏၊ ယင်းသို့ မြန်မာဘာသာပြန်ဆိုကြရာ၌ နိဿယဟူသော ပါဠိတကျော့ မြန်မာ (အနက်) တကျော့ ပြန်ဆိုနည်းကား ထင်ရှားသော ပြန်ဆိုနည်းပင် ဖြစ်၏၊ အခြားပြန်ဆိုနည်းများမှာ တိုက်ရိုက်မြန်မာ (စကားပြေ) ပြန်ဆို နည်းနှင့် လင်္ကာဖြင့် ဖြစ်စေ, မှီငြမ်းချဲ့ထွင် ပြင်ဆင်ရေးသားခြင်းဖြင့် ဖြစ်စေ ရေးသား ပြန်ဆိုနည်းများပင် ဖြစ်သည်၊ မည်သည့်နည်းဖြင့်ပင် ဖြစ်စေ ပါဠိလာ အဓိပ္ပါယ်တို့ကို မြန်မာတို့အသိဉာဏ်ဝယ် နှီးနွှယ်ထိရောက်စေသဖြင့် ကောင်းမွန်သော လုပ်ဆောင်မှုများချည်းပင် ဖြစ်ပါ၏။

ယင်းပြန်ဆိုနည်းတို့တွင် ပါဠိတကျော့ မြန်မာတကျော့ ပြန်ဆိုနည်း ဖြစ်သော နိဿယပြန်ဆိုနည်းကား မြန်မာနိုင်ငံ ဗုဒ္ဓသာသနာတော်၌ အလွန် ကျေးဇူးများသော ပြန်ဆိုနည်းပင် ဖြစ်သည်၊ ပါဠိနှင့်မြန်မာ နှစ်ဘာသာကို အဓိပ္ပါယ်တူ တွဲစပ်၍ ပြထားသဖြင့် ပါဠိဘာသာမတတ်ကျွမ်းသူ သဒ္ဓမရမ္မိက ပုဂ္ဂိုလ်တို့အား ပါဠိဘာသာကို မှတ်မိ တတ်သိ၍သွားစေသဖြင့် မြန်မာ့ သာသနာဝင်တွင် အများပင် နှစ်ခြိုက်၍ အစဉ်တစိုက် လိုက်နာခဲ့ကြသော ပြန်ဆိုနည်းပင်ဖြစ်သည်၊ ဤ နိဿယပြန်ဆိုနည်းသည် မြန်မာ နိုင်ငံရောက် ပါဠိကျမ်းဂန်တို့ကို အစောဆုံး ဘာသာပြန်ဆိုရာ၌ သုံးစွဲသောနည်းပင်ဖြစ်ရာ ပေသည်၊ မည်သည့်ခေတ်တွင်စ၍ နိဿယပြန်ဆိုနည်းကို ပြုလုပ်ခဲ့သည်ဟု ပြောဆိုရန် မလွယ်ကူသော်လည်း အောက်ပါပုဂံပြည် ကျန်စစ်မင်းကြီး ရေးထိုးခဲ့သည့် ရွှေစည်းခုံ မွန်ကျောက်စာပါ ပါဠိဂါထာနှင့် မွန်ဘာသာနိဿယ ပြန်ချက်ကိုကြည့်လျှင် ယင်းကျန်စစ်မင်းကြီး လက်ထက်(မြန်မာနှစ် ၄၄၆-၄၇၄) ကပင် ဤနိဿယပြန်ဆိုနည်းမှာ ခေတ်စား၍ နေပြီဖြစ်ကြောင်း သိသာပေသည်။

အင်္ဂီရသော သကျမုနိ၊ သဗ္ဗညူတာ နုကမ္ပကော။
သဗ္ဗသတ္တုတ္တမော သိဟော၊ ရာဇဥပ္ပတ္တိ ဒေသယီ–တိ။

သကျမုနိ-ဘဂဝါ ဘုရားသခင် သကျမုနိ၊ ကိံ ဝိသေသော–သခင်၏ ရုပ်အဆင်းထူးကား အဘယ်သို့နည်း၊ အင်္ဂီရသော–ကိုယ်၏ အရောင်တော်တောက်ပခြင်းရှိသော သခင်၊ ပုန ဝိသေသော–တဖန်တို့ သခင်၏ ရုပ်အဆင်းထူးကား အဘယ်သို့နည်း၊ သဗ္ဗညူတာနုကမ္ပကော-သတ္တဝါ အားလုံးတို့ကို ချစ်သော သခင်၊ သဗ္ဗသတ္တုတ္တမော- သတ္တဝါအားလုံးထက် မြတ်သော၊ သိဟော-ကေသရာခြင်္သေ့နှင့်တူသော သခင်၊ ရာဇဥပ္ပတ္တိံ-ဘုန်းပညာ ရဲစွမ်းဂုဏ်အသရေ ဝီရိယ ကျော်စောခြင်း အခြွေအရံရှိသော ပြိုင်သူမရှိအောင် မြတ်သော ဗြိတိဘုဝနာဒိတျဓမ္မရာဇာမင်း၏ ဖြစ်ပေါ်ခြင်းကို၊ ဒေသယီ–ဒေသေသိ–ဘုရားသခင်သည် ဗြိတိဘုဝနာဒိတျဓမ္မရာဇာ မင်း၏ ဖြစ်ပေါ်တည်နေခြင်း၏ အကြောင်းအားလုံးတို့ကို ဟောပြောပြသ ထုတ်ဖော်တော်မူပေ၏[၁]။

တဖန် ယင်းကျန်စစ်မင်းတရားကြီး နတ်ရွာစံခါနီးတွင် ဖြစ်ပေါ်ခဲ့သော အရေးအခင်းကို မင်းကြီး၏သားတော်တပါးဖြစ်သော ရာဇကုမာရ်မင်းသားက ကျောက်စာရေးထိုးခဲ့သည့် မြစေတီကျောက်စာခေါ် ရာဇကုမာရ်ကျောက်စာ[၂] တွင် အခြားပြန်ဆိုနည်းတနည်းဖြစ်သော တိုက်ရိုက်ပြန်ဆိုနည်းဖြင့် ပြန်ဆိုထားသည်ကိုတွေ့ရသေးသည်။

မြစေတီကျောက်စာသည် ပါဠိ, မြန်မာ, မွန်နှင့် ပျူ လေးဘာသာရေးထိုးထားရာ မူလပါဠိဘာသာဖြင့် ရေးထိုးပြီးမှ ယင်းပါဠိဘာသာကို အခြားမြန်မာ, မွန်နှင့် ပျူဘာသာတို့သို့ ပြန်ဆိုသည်ဟုယူဆရပေသည်၊ ဤယူဆချက်၌ အချို့ပညာရှင်တို့က မြန်မာဘာသာမှ ပါဠိဘာသာသို့ပြန်ဆိုသည်ဟု ယူဆ

---

၁။ မွန်ဘာသာမှ ဆရာကြီး ဦးဖေမောင်တင် ပြန်ဆိုသည့် မူဖြစ်သည်။

၂။ မြစေတီကျောက်စာ–ခေါ် ရာဇကုမာရ်ကျောက်စာကို ၁၈၈၆–၇ (၁၂၄၈–ခုနှစ်) လောက်က ကျောက်စာဝန် ဒေါက်တာဖိုရှမ်းမား (ဂျာမန်လူမျိုး) က တွေ့ရှိ၍၊ ပုဂံမြို့တောင်ဘက်မြင်းကပါရွာ မြစေတီဘုရားအနီး၌ တွေ့ခဲ့သည်ကို အကြောင်းပြု၍ မြစေတီကျောက်စာဟု တွင်သည်၊ ကျောက်စာတိုင်လေးမျက်နှာတွင် ပါဠိ, မြန်မာ, မွန်နှင့် ပျူစာ ၄-မျိုး ရေးထိုးထားသဖြင့် စာပေကျေးဇူး ကြီးမားလှစွာ၏၊ ၄-မျက်နှာ အညီအမျှ အမြင့် ၃-ပေ ၆-လက်မ, အကျယ် ၁-ပေ ၂-လက်မခန့်စီ ရှိသည်၊ ကျောက်တိုင်မိတ္တူ။ ၂-တိုင်ရှိရာ တတိုင်ကိုပုဂံပြတိုက်တွင်စိုက်ထူထား၍ တတိုင်ကို မြစေတီရင်ပြင်တွင်စိုက်ထူထားရှိသည်။

ကြသည်၊ သို့သော်မူလစာမူကို ဆင့်ပွားပြန်ဆိုမှုက မပြည့်စုံသည်ကိုပြည့်စုံအောင် ဖြည့်စွက်ပြန်ဆိုမြဲမူဖြင့်ကြည့်လျှင် ပါဠိဘာသာက မူလဖြစ်ကြောင်း သိသာသည်၊ ယင်းကို အောက်ပါ ပါဠိဂါထာမူရင်းနှင့် မြန်မာဘာသာကိုနှိုင်းယှဉ်ခြင်းဖြင့် ထင်ရှားလှပါသည်။

"အနိစ္စတာ ဝသံ တဿာ–ဂတာယ ပန ဒေဝိယာ၊
ရဇ္ဇာ ရဇ္ဇကုမာရဿ၊ အဒါ ဂါမတ္တယံ ပုန"။(ပါဠိ)

"ထို ပယ်မယားသေရကား ထို ပယ်မယားတန်ဆာနှင့် ထို ကျွန်သုံးရွာတို့ကိုလည်း ထို ပယ်မယားသား ရာဇကုမာရ် မည်သောအားမင်းပေးတုံ၏" (မြန်မာခေတ်ရေး ပြန်ဆိုချက်)။

ပါဠိတွင်မိဖုရားနတ်ရွာစံ၍ မိဖုရား၏ရွာသုံးရွာကို မင်းက မင်းသားအားပေးသည်–ဟုသာ ဆို၏၊ အဆင်တန်ဆာများကို ပေးသည်ဟု မပါပေ၊ သို့သော် မြန်မာမူ၌ကား ထိုပယ်မယားတန်ဆာနှင့်–ဟု ပါသဖြင့် မြန်မာဘာသာကနောက်မှအပြည့်အစုံ ဖြည့်စွက်ပြန်ဆိုသည်ဟု သိနိုင်တော့သည်။

ထို့ကြောင့် မြန်မာသက္ကရာဇ် ၄၇၄–ထိုးသော ယင်း ကျောက်စာအရ ပါဠိကို မြန်မာဘာသာသို့ စကားပြေနည်းဖြင့်လည်း ပြန်ဆိုခဲ့ကြပြီကို သိသာလှပေသည်။

ထို့ပြင် ယင်းမြစေတီကျောက်စာပါ ပါဠိမူနှင့် မြန်မာမူတို့ကို နှိုင်းယှဉ်ကြည့်ရှုလျှင်လည်း ပါဠိမူမှာ ဂါထာအနေဖြင့် ဆန်း သဒ္ဒါကျနလှ၍ လှပချောမွေ့သော်လည်း မြန်မာဘာသာမှာ အဓိပ္ပါယ်စေ့ငှရုံမျှ ရိုးရိုးကလေး ရှိနေသဖြင့် ပါဠိစာပေအဆင့်အတန်းက မြန်မာစာပေအဆင့်အတန်းထက် မြင့်မားနေသည်ကို သိသာနိုင်ပြန်၏၊ မြန်မာစာပေမှာ ထိုအချိန်က မွန်,ပျူတို့လောက်ပင် ပွင့်လင်းခြင်းမရှိသေးဟု မှန်းဆရသဖြင့် ပါဠိကိုသာ မူရင်းပြုမည်မှာ ပိုမိုသေချာသလောက်ပင် ရှိလေသည်၊ ဤမျှဖြင့် မြန်မာနိဿယပြန်ဆိုမှုတို့သည် ပုဂံခေတ်ပါဠိစာပေ ရောက်စဦးကပင် ရှိနေပြီဟု ယူဆနိုင်ပေတော့သည်။

## နိဿယအမျိုးမျိုး

ထို ပါဠိတကျော့ မြန်မာတကျော့ ပြန်ဆိုနည်းဖြစ်သော နိဿယပြန်မှုသည်လည်း နည်းအမျိုးမျိုးပင် ရှိသေးသည်။

ၚင်းတို့မှာ–

၁။ နိဿယ နံကျဉ်း

၂။ နိဿယ နံကျယ်

၃။ နိဿယ နံပြောက်–ဟူ၍ဖြစ်၏။

ဤ၌"နံ" ဟူသည်မှာ နက်—အနက် ဟူ၍ပင် ဖြစ်သည်၊ ရှေးက နိဂ္ဂဟိတ်ကို ကသတ်သံ ဖတ်ရွတ်မြဲဖြစ်၏၊ ရှေးကျသော မင်စာ, နံရံစာ, လက်ရေးစာတို့တွင် အနက်ကို "အွံ့"ဟူ၍လည်းကောင်း လက်နက်ကို "လွံ့"ဟူ၍လည်းကောင်း ရေးသားသည်ကို တွေ့ရသည်၊ ထို့ကြောင့်(၁)နံကျဉ်း ဟူသည် တိုတိုကျဉ်းကျဉ်းဖြင့် လိုရင်းမျှသာ အနက်ပေးထားသော နိဿယ—ဟု ဆိုလို၏၊ (၂) နံကျယ်မှာ အမှာအထားများနှင့် အဋ္ဌကထာ, ဋီကာ အာစရိယဝါဒများပါ ထည့်သွင်း၍ ပြန်ဆိုထားသော နိဿယဟု ဆိုလို၍ (၃) နံပြောက်ကား ပြောက်တိပြောက်ကျား ခက်နိုးရာလောက်သာ ရွေး၍ အနက်ပြန်ထားသော နိဿယ—ဟု သိသာနိုင်ပေသည်။

ထို့ပြင် နိဿယကို နံဟူ၍လည်းကောင်း, အမှီဟူ၍လည်းကောင်း နံခေါင်—နံစံဟူ၍လည်းကောင်း ခေါ်ဆိုသည့်ပြင် နိဿရေည်းဟူ၍လည်း ရေးသားထားသည်ကို တွေ့ရသေးသည်၊ နိဿရေည်းဟူသည်ကား နိဿယကို ပါဠိဿနုသာရီခေါ် ပါဠိသက်ဝေါဟာရ ပြုလုပ်ထားခြင်းပင် ဖြစ်သည်၊ ဤ၌ သတိပြုရန်မှာ ပစ္စယကို ပစ္စည်းဟု ပြန်၍ သဒ္ဓယကို သဒ္ဓည်းဟု ပြန်သကဲ့သို့ နိဿယကို နိဿည်းဟု မပြန်ဆိုပဲ နိဿရည်း-ဟု ပြန်ဆိုခြင်းမှာ ပါဠိသုံးထက် သက္ကတသုံးသို့ လိုက်ခြင်းပင် ဖြစ်သည်၊ နိဿယကို သက္ကတ ကလာပ်ရေးဖြင့် နိဿြယဟုရေး၍ နိသျှရယဟု အသံထွက် ဖတ်ရပေသည်၊ ယင်းကို ပါဠိသက်ရေးလျှင် နိဿရည်းဟူ၍ ဖြစ်လာလေသည်၊ နည်းနိဿရည်း, နိဿရည်းဆရာတို့၌လည်း ဤနည်းပင် ဖြစ်လေသည်။

ထိုမှတပါး ယင်းပုဂံခေတ်တွင်ပင် နိဿယပြန်ဆိုခြင်းများ အတော်အတန် ခေတ်စားခဲ့ကြောင်း ပိဋကတ်တော်သမိုင်းကျမ်း နိဿယစာရင်းတွင်—

"၄၆၀။ ခုဒ္ဒသိက္ခာ အဋ္ဌကထာ နိသျှဟောင်းမှာ သက္ကရာဇ် ၄၅၅—ခုနှစ် အရိမဒ္ဒနာမည်သော ပုဂံမြို့၌ နန်းတက်သော သိရိတြိဘဝနာဒိတျာပဝရပဏ္ဍိတ သုဓမ္မရာဇာ မဟာအဓိပတိ နရပတိစည်သူ တံဆိပ်နာမံခံသော အလောင်းစည်သူမင်းလက်ထက် ထီးလင်းမြို့စီရင်စု ပေါင်လောင်ရွာဇာတိ ရှင်မဟာကဿပ ပုဂံမြို့တောင် ခရီးတတိုင်ကျော်ကွာ တောရကျောင်း၌ သီတင်းသုံးနေစဉ် စီရင်သည်။"

ဟု တွေ့ရသည်၊ သို့သော် ယင်းကျမ်းအရ ဖော်ပြထားသော သက္ကရာဇ်နှင့် မင်းမှာ ကိုက်ညီသော်လည်း ယင်းသက္ကရာဇ်တွင် ပေါင်လောင်ရှင်ကဿပ ရှိသေးဟန် မတူပေ၊ အဘယ့်ကြောင့်ဆိုသော် ယင်း မထေရ်မြတ်၏ မဟာ

ဗောဓိဝင်ဋီကာ နိဂုံး၌"ပဉ္စဝဿသတေ ယာတေ၊ ပဉ္စဆဋ္ဌိမဟာယနေ"ဟု ပါဠိစီကုံးလျက် ၅၆၅-ခုနှစ်တွင် ပေတင်ကြောင်း ဖော်ပြထားသည်၊ ထို သက္ကရာဇ်မှာ နရပတိစည်သူမင်းလက်ထက် ဖြစ်လေသည်၊ ထိုစကား မှန် ကြောင်းကိုလည်း ယင်းပိဋကတ်တော်သမိုင်း ရွှေပိုင်းတနေရာတွင်ပင်-

"၃၃၀။ မဟာဗောဓိဝင်ဋီကာမှာ ဇမ္ဗူဒိပ်ကျွန်းတမ္ဗဒီပတိုင်း အရိ မဒ္ဒနာမည်သော ပုဂံမြို့ သက္ကရာဇ် ၅၃၆-ခုနှစ် နန်းတက်သော နရ ပတိစည်သူမင်း နန်းစံ ၃-နှစ်တွင် ထီးလင်းမြို့စီရင်စု ပေါင်လောင် ရွာဇာတိ ရှင်မဟာကဿပ ပုဂံမြို့တောင် ခရီးတတိုင်ကျော်ကွာသော တောရကျောင်း၌ သီတင်းသုံးနေစဉ် ပြုသည်၊ ဗောဓိဝင်ဋီကာအမည် ကိုလည်း သဟဿရံသိဋီကာ အမည်မှည့်သည်"-

ဟု ထောက်ခံဖော်ပြထားသည်ကို တွေ့ရပေသည်။

ထို့ကြောင့် ခုဒ္ဒသိက္ခာနိဿယပြုသော ခေတ်မှာ နှစ်ပေါင်း ၈၀-ကျော် ခန့်စော၍နေသဖြင့် မမှန်ကန်ဟု ယူဆနိုင်ပေသည်၊ မည်သို့ပင်ဖြစ်စေ-ပုဂံ ခေတ်စောစောပိုင်းကပင် နိဿယပြုစုမှုများ ရှိနေပြီဖြစ်ကြောင်းကား ထင် ရှားလှပေသည်။

ပုဂံခေတ် ကုန်ဆုံးခါနီးဖြစ်သော သက္ကရာဇ် ၆၈၇-ခုတွင် စောမွန်နှစ်မင်း ညီတော် ရာဇသူ မြောက်သားတော် စောမြတ်လှတို့က မွေးဖွားသူ ညောင် ရမ်း သာဂရ နှစ်မြို့စား ဂဏ္ဍာရာဇ်မင်းသားက ပုဂံမြို့တွင် ရွှေကျောင်းကြီး ဆောက်လုပ်၍ ကိုးကွယ်ခြင်းခံတော်မူရသော ဆရာတော်အရှင်ဂုဏဝဠ္ဍသက မထေရ်သည် သုတ်သုံးကျမ်း ပါဠိတော်နိဿယများ, ၎င်းအဋ္ဌကထာနိဿယ များနှင့် န္ယာသနိဿယ, ကဝိသာရဋီကာနိဿယအားဖြင့် နိဿယ ၈-ကျမ်း ပြုစုခဲ့ကြောင်းသိရသည်။

ယင်းသို့ဖြင့် ပုဂံခေတ်တွင် ပါဠိအဋ္ဌကထာ နိဿယကျမ်းပြုဆရာများအဖြစ် ပေါင်လောင်ရှင်ကဿပနှင့် အရှင်ဂုဏဝဍ္ဎသကတို့ ထင်ရှားခဲ့သည်၊ သို့သော် ဤစာရင်းမှာလည်း ပိဋကတ်တော် သမိုင်းလာ စာရင်းမျှသာဖြစ်၍ ခေတ်ချင်း ကွာဝေးသဖြင့် ကျမ်းစာများ ပျောက်ပျက်သွားခြင်း, ရှာဖွေမတွေ့ရခြင်းတို့ ကြောင့် အမည်မပါခြင်းများ ဖြစ်ကောင်းဖြစ်နိုင်ပေသည်၊ ထိုမထေရ်များမှ တပါး နိဿယပြုစုသူ မရှိဟု မမှတ်သားသာပေ။

ထိုမှ နှစ်ပေါင်းတရာကျော်ကွာ သက္ကရာဇ် ၈၀၄-ခုနှစ် တောင်တွင်းမင်း မင်းသီရိဇေယျသူ ရေးထိုးသည့် ပုဂံမြို့ ရွှေစည်းခုံဘုရားအနောက် တက်နွဲ

ကျောင်း ကျောက်စာ၌ ပုဂံမြို့အရှေ့ဘက် ဝက်ကြီးအင်းအနီး ဘုန်းတော်ကြီး ကျောင်းတွင် ပိဋကတော်နှင့် စာပေကျမ်းဂန်ပေါင်း ၄၀၀-ကျော် လှူဒါန်းခဲ့သော အကြောင်းကို အပြည့်အစုံ မှတ်တမ်းတင်ခဲ့သည်ကို တွေ့ရ၏၊ ယင်းကျောက်စာတွင် နိဿယကျမ်းပေါင်း ၂၃-ကျမ်းမျှပင် ပါရှိခဲ့ပေသည်။

"ဝိနည် နံ ၁၇ နစ်ကျံ နိသ္သယရေည်း၊ သုတ်နံ လက်ပံကျံ၊ ကျံစုတ်၊ ဆင်စွယ်ကျံ၊ အဌသာလိဏီ၊ ကင်္ခာတိသာဏီ၊ ကထာဝတ္ထု နိသ္သယရေည်၊ အဌသာလိဏီနိသ္သယရေည်၊ ရူပသိဒ္ဓိနိသ္သယရေည်၊ အဘိဓာန်နိသ္သယရေည်၊ စင်္ဂါရှာနိသ္သယရေည်၊ စင်္ဂါရှာဂန္ဓိ၊ ဓမ္မပကာန္ဓိနိသ္သယရေည်၊ ၁၅၁ သော်ငွေ ၅၆ဂ"

(တက်နွှံကျောင်း ကျောက်စာ တတိယမျက်နှာ ကြောင်းရေ ၂၃-၂၄။)

### အင်းဝခေတ်

အင်းဝခေတ်တွင် နိဿယများ အနည်းငယ် ဆက်လက်ထွက်ပေါ်ခဲ့သည်၊ မြန်မာနှစ် ၈၀၄-တွင် နန်းတက်သော ထီးပါရုံဒါယကာ နရပတိမင်းသက်ထက်တွင် ပင်းယစကားအင်းဇာတိ အရှင်မဟာအရိယဝံသသည် မဏိသာရမဥ္ဇူသာ စသော ပါဠိကျမ်းများအပြင် အနုဋီကာ မဟာနိသ္သယကျမ်းကို ပြုစုခဲ့သည်။

"အနုဋီကာယ ပန အတ္ထယောဇနံ မရမ္မဘာသာယ အကာသိ"။

(သာသနဝံသပ္ပဒီပိကာ-၁၁၀)

ထိုကျမ်းကား မြန်မာဘာသာဖြင့်ပြု၍သော နိဿယဆိုရသည်၊ အမှန်ကား "မူလဋီကာနှင့် အနုဋီကာကို စပ်ယှဉ်၍ ဖွင့်သော မဟာနိဿယကျမ်းတည်း" ဟု သာသနာလင်္ကာရ၌ ဆိုသည့်အတိုင်း အဖွင့်ကျမ်းပင်ဖြစ်သည်၊ စာထုပ်ရေ ၅-ထုပ်ရှိကြောင်း ပိဋကတ်တော်သမိုင်း၌ ဖော်ပြထား၏။

ထို့ပြင် ၈၆၃-ခုနှစ် အင်းဝရွှေနန်းကျော့ရှင် ဘုရင်နရပတိလက်ထက် အရှင်မဟာသီလဝံသစီရင်သော နေတ္တိပါဠိတော် နိဿယဟောင်းနှင့် မဟာရဟာနီတိနိဿယတို့ ထွက်ပေါ်ခဲ့သည်၊ ထိုမှ နောက်၌ကား သာလွန်မင်းတရားကြီး (၉၃၀-၁၀၁၀) လက်ထက်တွင် ပခန်းကြီးရွှေဥမင်ဆရာတော်, တောင်ဖီလာ ဆရာတော်တို့၏ဝိနည်းပါဠိအဌကထာ နိဿယများ ထင်ရှားခဲ့လေ၏။

ထိုခေတ်တွင် တောင်ဖီလာဆရာတော်၏ ဦးရီးရင်းဆရာတော် ရှင်ဥပါလိ စီရင်သော သဒ္ဒါကြီးနိဿယ (ဟောင်း) ဒက္ခိဏာဝန် သဒ္ဒါကြီး နိဿယ, နန်းကျောင်းသဒ္ဒါကြီးနိဿယ စသည်ဖြင့် နိဿယများစွာ ထွက်ပေါ်ခဲ့ကြ၏၊

ထိုမှတပါး ၁၀၇၆-ခုနှစ် နန်းတက်သော တနင်္ဂနွေမင်းလက်ထက် ပခန်းကြီးမြို့ စီရင်စု နေရင်းမဏိရတနာကျောင်းတိုက် ဆရာတော် အရှင်အရိယာလင်္ကာရ၏ နိဿယများ ထင်ရှားခဲ့သည်၊ သုတ်ပါဠိတော် အဋ္ဌကထာနိဿယများ, အဋ္ဌသာလိနီ, သမ္မောဟ, ခုဒ္ဒသိက္ခာ, မူလသိက္ခာ, ဋီကာကျော်, သုတ္တနိဒ္ဒေသ, ဇာလိနီ, သဒ္ဒါပဝဏ္ဏနာ-နိဿယများဟူ၍ နိဿယကျမ်း ၁၄-ကျမ်းတိတိ ပြုစုတော်မူခဲ့၏၊ ၎င်းနှင့် တခေတ်တည်းဖြစ်သော ပုဗ္ဗာရုံ ဆရာတော် အရှင်သာရဒဿီသည်လည်း သုတ္တနိပါတ်ပါဠိတော်နိဿယ, နေတ္တိပါဠိတော်နိဿယ-စသည်တို့ကို ပြုစုတော်မူခဲ့သေး၏၊ ပထမ ကျော်အောင်စံထားဆရာတော်၏ ဝုတ္တောဒယ (ဆန်း) နိဿယစသည်တို့ ပေါ်ထွက်ပြီးနောက် နိဿယကျမ်းများ အင်းဝခေတ်တွင် ထွက်ပေါ်၍ မလာတော့ပေ၊ အခြား အကောက်ကျမ်း,ညဝါကျမ်း စသည်တို့ကား အများအပြားပင် ထွက်ပေါ်ခဲ့ လေသည်။

## ကုန်းဘောင်ခေတ်

ထိုအင်းဝခေတ်ကြီး ကုန်ဆုံး၍ ကုန်းဘောင်တခေတ် ဆန်းသစ်လာချိန်တွင်ကား နိဿယခေတ်ဟု ဆိုရလောက်အောင်ပင် နိဿယ ကျမ်းများ တကျမ်းပြီးတကျမ်း ထွက်ပေါ်၍ လာခဲ့လေသည်၊ ရတနာသိခ ကုန်းဘောင်မြို့နန်း ဖန်ဆင်း တည်ထောင်တော်မူသော' မင်းခေါင် မင်းဖျား အလောင်းမင်းတရားကြီး လက်ထက် ၁၁၁၅-မှသည် ကုန်းဘောင်ဝံသ ကောဒသမနန်းစံ သီပေါမင်းပါတော်မူသည့် ၁၂၄၇-ခုနှစ်အထိ နှစ်ပေါင်း ၁၃၀-ကျော်ခန့် အတွင်း နိဿယ ကျမ်းပေါင်းမှာ ရာပေါင်းများစွာပင် ထွက်ပေါ်ခဲ့လေသည်။ ပါဠိမာဂဓ ဗုဒ္ဓစာပေသာမက သက္ကတဆေးကျမ်း, ဓာတ်ကျမ်း, ဗေဒင်ကျမ်း, နက္ခတ်ကျမ်းစသည်တို့ကိုပင် အနက်မြန်မာ ပြန်ဆိုခဲ့ကြလေသည်၊ ပိဋကတ်တော်သမိုင်းကျမ်း အရမှာပင် ထိုခေတ် နိဿယများ ၃၀၀-ခန့် တွေ့ရ၏၊ ယင်းကျမ်း၌ မပါသော နိဿယများလည်း ရှိတန်ရာသေးသည်၊ ပါတော်မူပြီးသည့်နောက် တိုင်းတပါးမင်း အုပ်စိုးခဲ့သော အချိန်မှစ၍ ယခုခေတ်အထိ ထွက်ပေါ်လာသော နိဿယများကား စာရင်း မရှိသဖြင့် သိနိုင်ရန် မလွယ်ကူတော့ပေ။

ယင်း နိဿယခေတ်ဟုဆိုအပ်သော ကုန်းဘောင်ခေတ်တွင်လည်း အထူးအားဖြင့် အမရပူရ ပထမမြို့တည် နန်းတည် ဘိုးတော်မင်းတရားကြီး(၁၁၄၄-၁၁၈၁)၏ အမရပူရခေတ်ကား နိဿယပေါင်းများစွာ ထွက်ပေါ်ခဲ့ လေသည်၊ မင်းတရားကြီးသည် ၁၁၄၄-ခုနှစ်၌ နန်းတက်တော်မူ၍ ၁၇-နှစ်

မျှသာ တိုင်းရေးပြည်မှုကို ကိုယ်တိုင်ဆောင်ရွက်၍ နောက်တွင် အိမ်ရှေ့မင်း စသည်တို့သို့ လွှဲအပ်ထားပြီး ကိုယ်တိုင်မှာကား သာသနာရေး သာသနာမှုနှင့် စာပေပညာ စသည်တို့ကို လိုက်စားလေ့လာ၍ နေတော်မူခဲ့သည်မှာ သက်တော်ဆုံးတိုင် ဖြစ်လေသည်၊ မြန်မာနိဿယမရှိသေးသော ပါဠိဂန္ထန္တရများကိုလည်း မြန်မာနိဿယ ပြန်ဆိုစေတော်မူသည်၊ ထို့ကြောင့် အမရပူရခေတ်သည် နိဿယအများဆုံး ထွက်သောခေတ်ပင် ဖြစ်လေသည်။

ပထမ သာသနာပိုင် ၄-ပါးတင်ရာတွင် တပါးအပါအဝင်ဖြစ်သော ဆုံထားသာသနာပိုင် ဆရာတော် တပါးတည်းကပင် သုတ္တသင်္ဂဟပါဠိတော် နိဿယစသော နိဿယ ၇-ကျမ်း ပြုစုတော်မူခဲ့၍ ပထမဗားကရာဆရာတော်ဘုရားကြီးက နိဿယကျမ်းပေါင်း ၂၀-ကျော် ပြုစုတော်မူခဲ့သည်၊ ထို့အတူ ပထမမောင်းထောင် သာသနာပိုင်ဆရာတော်၊ ညောင်ကန်ဆရာတော်စသော ဆရာတော်တို့ကလည်း နိဿယကျမ်းပေါင်းများစွာ ပြုစုတော်မူခဲ့၏။

ဤ ဝဇိရဗုဒ္ဓိဋီကာ နိဿယကို ပြုစုတော်မူသော ပထမဆင်တဲဆရာတော်ဘုရားကြီးသည်လည်း ဝဇိရဗုဒ္ဓိဋီကာ နိဿယအပြင် အသီတိနိပါတ် ဇာတ်အဋ္ဌကထာနိဿယ၊ ပရမတ္ထဝိနိစ္ဆယအဋ္ဌကထာ နိဿယ၊ စန္ဒသူရိယဂတိဒီပနီ နိဿယ၊ မုခမတ္တဒီပနီ(န្យာသ) နိဿယသစ်တို့နှင့် ဝိနည်းငါးကျမ်းဂဏ္ဌိတို့ကို ပြုစုတော်မူခဲ့ပေသည်။

## ● ဝဇိရဗုဒ္ဓိဋီကာကျမ်း

ဤဝဇိရဗုဒ္ဓိဋီကာနိဿယကျမ်းနှင့် ကျမ်းပြုဆရာတော်အကြောင်းကို မတင်ပြမီ မူလကျမ်းရင်းဖြစ်သော ဝဇိရဗုဒ္ဓိဋီကာအကြောင်း သိသင့်သမျှ တို့ကို အမြွက်မျှ တင်ပြပါဦးမည်။

ဤဝဇိရဗုဒ္ဓိဋီကာကျမ်းကြီးသည်-

> "၂၃၈။ ဝဇိရဗုဒ္ဓိဋီကာမှာ သီဟိုဠ်ကျွန်း အနုရာဓမြို့တောင် မဟာဝိဟာရကျောင်းတိုက်နေ ရှင်ဝဇိရဗုဒ္ဓိ ပြုသည်၊ ကျမ်းပြုဆရာ အမည်ကို အစွဲပြု၍ ဋီကာကိုလည်း ဝဇိရဗုဒ္ဓိဋီကာ ခေါ်သည်။" (ပိဋကတ်တော်သမိုင်း)

ဖော်ပြပါ ပိဋကတ်တော်သမိုင်းအရ ကျမ်းပြုသောပုဂ္ဂိုလ်အမည်ကို သိရသည်၊ ခေတ်နှင့် ကျမ်းပြုနှစ်စသည်ကို ဖော်ပြမထားပေ၊ သို့သော် ဝိနည်းဋီကာသုံးစောင်(ဝဇိရ၊သာရတ္ထ၊ဝိမတိ)တို့တွင် အစောဆုံးဋီကာဖြစ်ကြောင်းကား ထင်ရှားပေသည်။

ယင်း၏နောက်မှ သာရတ္ထဒီပနီဋီကာကို အရှင်သာရိပုတ္တရာပြုသည်၊ အရှင်သာရိပုတ္တရာကား မြန်မာနိုင်ငံ ပုဂံပြည်၌ နန်းစံသော နရပတိစည်သူမင်းနှင့် ထီးပြိုင်နန်းပြိုင်ဖြစ်သည့် သီဟိုဠ်ကျွန်း သိရိမဟာပရက္ကမဗာဟုမင်းလက်ထက်၌ ထင်ရှားသည်ဟု သိရ၏။ သိရိမဟာပရက္ကမဗာဟုမင်းကား သာသနာနှစ် ၁၇၀၈-တွင် နန်းတက်ကြောင်း ရာဇဝင်ကျော်၌ ဆိုလေသည်၊ ထို့ကြောင့် ဝဇီရဗုဒ္ဓိဆရာတို့၏ခေတ်မှာ သာသနာ ၁၅၀၀-ထက် နောက်မကျဟု ခန့်မှန်းရ၏၊ အဘယ့်ကြောင့်ဆိုသော် သာရတ္ထဒီပနီဋီကာ ဂါထာရမ္ဘကထာတွင် "ပေါရာဏေဟိ ကတံ ယံ တု" စသည်ဖြင့် ဝဇီရဗုဒ္ဓိဋီကာဆရာအား "ပေါရာဏက-ရှေးဆရာတို့" ဟု ဖော်ပြထားသောကြောင့်ပင်၊ အများအားဖြင့် အနှစ် ၁၀၀-ထက်နှောင်းသော ဆရာတို့၌သာ ပေါရာဏဟု သုံးစွဲလေ့ရှိပေသည်။

ထိုမှတပါးလည်း သာရတ္ထဒီပနီဋီကာဆရာတို့လက်ထက်၌ အလုမ်းဝေးနေပြီဖြစ်သော အန္ဓကအဋ္ဌကထာ, မဟာအဋ္ဌကထာ, ကုရုန္ဒီအဋ္ဌကထာ, မဟာပစ္စရိ အဋ္ဌကထာစသော ရှေးအဋ္ဌကထာဟောင်းကြီးများ၏ ဝါဒတို့ကို ပိုင်ပိုင်နိုင်နိုင် ထုတ်ပြဖွင့်ဆိုတော်မူလေ့ရှိခြင်းသည်လည်း ရှေးကျကြောင်းသာဓကတရပ်ပင်ဖြစ်ပေသည်။

ဝဇီရဗုဒ္ဓိဋီကာဆရာသည် ဤဋီကာကို တစုံတယောက်က တောင်းပန်သောကြောင့် ပြုစုသည်မဟုတ်၊ ဝိနည်းအဋ္ဌကထာတို့၌ ခက်ခဲသောအနက်အဓိပ္ပါယ်တို့ကို တွေ့ရသောကြောင့် နောင်လာနောက်သားတို့အား သနားခြင်း ကရုဏာ စေ့ဆော်၍ ပြုစုတော်မူကြောင်း "သဗ္ဗောဒိတော ဘိက္ခုပယိတဗ္ဗ ဒိသွာ" စသည်ဖြင့် သူ၏ဂန္ထာရမ္ဘကထာတွင် ဖော်ပြခဲ့ပေသည်။

ထို့ပြင်လည်း ဝဇီရဗုဒ္ဓိဋီကာသည် ဝိနည်းအဋ္ဌကထာကြီး အားလုံးကို တအုပ်တည်းဖြင့် အပြီးခြုံ၍ ဖွင့်သဖြင့် နေရာများစွာ၌ ကျဉ်းသည်ဟုထင်ရသော်လည်း အချို့နေရာတို့၌ စိတ်ရှည်လက်ရှည် ကျယ်ကျယ်ဝန်းဝန်းပင် ဖွင့်ပြထားလေသည်၊ အထူးအားဖြင့် အချို့နေရာတို့တွင် သက္ကတဝေါဟာရများ, ရှေးသီဟိုဠ်ဝေါဟာရများကိုပါ ထည့်သွင်း ဖွင့်ဆိုထားသေး၏၊ ထို့ကြောင့်ပင် သာရတ္ထဒီပနီ ဋီကာဆရာက "ပေါရာဏေဟိ ကတံ ယံ တု၊ လီနတ္ထဿ ပကာသနံ" ဟု ဆိုပြီး "ဒုဝိညေယျသဘာဝါယ၊ သီဟဠာယ နိရုတ္တိယာ" ဟု ဝဇီရဗုဒ္ဓိဋီကာမှာ သီဟိုဠ်ဝေါဟာရများကို ထည့်သွင်းထား၍ အသိခက်ကြောင်း ထောက်ပြထားလေသည်၊ မှန်ပေ၏-ဝဇီရဗုဒ္ဓိဋီကာ၌ ပါ၍

မဟုတ်သော ဝေါဟာရ (သက္ကတ–သီဟိုဠ်စကားလုံး)ပေါင်း ၃ဝ–ကျော်ပါသည်ဟု မြန်မာပါဠိပညာရှင်တို့ ထုတ်ဖော် ပြဆိုကြလေသည်။

သို့သော် ဤ ဝဇိရဗုဒ္ဓိဋီကာကြီး၌ ကျမ်းပြုအရှင် ထည့်သွင်း အသုံးပြုထားသော သီဟိုဠ်ဘာသာဝေါဟာရများကား အလွန်ရှေးကျသော ဝေါဟာရများဖြစ်ခြင်းနှင့် သီဟိုဠ်သုံး ဆင်ဟလိအက္ခရာများဖြင့် တည်ရှိမနေခြင်းတို့ကြောင့် သီဟိုဠ်ပညာရှင်များပင် သိနားလည်နိုင်စွမ်း မရှိတော့ချေ[၁]။

ဤသက္ကတသီဟိုဠ်ဝေါဟာရများ ထည့်သွင်းဖွင့်ဆိုထား၍ အသိခက်လှသည်ဟုဆိုသော်လည်း ဝဇိရဗုဒ္ဓိဆရာတို့ခေတ်ကမူ အလွန်သိလွယ်သောဝေါဟာရများဖြစ်ဟန်တူပေသည်၊ ထို့ပြင်လည်း ဝဇိရဗုဒ္ဓိဆရာသည် ဤဋီကာကိုပြုစုစဉ်က တိုင်းတပါးသားဘာသန္တရများအတွက်မဟုတ် သီဟိုဠ်ကျွန်းဖွား နေသင်သားနေသင်လာတို့အတွက် ရည်စူးခဲ့ဟန်တူပေသည်၊ ထို့ကြောင့်ခက်စနိုးရှိသောပါဠိတို့၌ သိလွယ်မှတ်လွယ်စေရန် သီဟိုဠ်သုံး ဝေါဟာရတို့ကိုထည့်၍ ဖွင့်ဆိုခဲ့ခြင်းဖြစ်ပေလိမ့်မည်။

မြန်မာနိုင်ငံ ပင်းယခေတ်ကလည်း စတုရင်္ဂဗလအမတ်ကြီးသည် အဘိဓာန်ဋီကာကိုရေးသားဖွင့်ဆိုရာ၌ ဤကဲ့သို့ပင် "သုန္ဒရော ကန္တော ယဿ သောတိသုကန္တကော၊ ကြက်သွန်နီ" စသည်ဖြင့် မြန်မာနိုင်ငံတိုင်းဖွား စာသင်သားတို့ သိလွယ်ရန်မြန်မာဝေါဟာရတို့ကို ထည့်သွင်းဖွင့်ဆိုခဲ့၏၊ ထို့အတူ ဟံသာဝတီဆင်ဖြူရှင်လက်ထက် အရှင်မဟာနန္ဒမထေရ်သည်လည်း ဓမ္မသင်္ဂဏီမူလဋီကာအဖွင့် မဓုသာရတ္ထဒီပနီမည်သောမဓုဋီကာ၌ "စက္ကလက္ခံ ပါဒပုဥ္ဆနရဇ္ဇု၊ ဇကာကပဝါးပဇိုက်ဇိုင်" စသည်ဖြင့်မွန်ဝေါဟာရတို့ကိုထည့်၍ ဖွင့်ဆိုထားသည်ကိုတွေ့ရပေသည်၊ အလွန်ခက်ခဲသော ပါဠိဝေါဟာရတို့ကို မိမိတို့အမျိုးသားများ မြင်သိမှတ်မိသွားစေလိုသောစေတနာအထူးပင် ဖြစ်တန်ရာပေသည်။

---

၁။ လွန်ခဲ့သော နှစ်အနည်းငယ်က သီရိလင်္ကာ (သီဟိုဠ်)အစိုးရဝန်ထမ်း စာပေပညာရှင်ကြီးတဦး မြန်မာနိုင်ငံသို့ ရောက်ရှိလာရာ ကမ္ဘာအေးသို့ သွားရောက်လေ့လာသည်၊ ထိုစဉ် ကမ္ဘာအေးမှ ပါဠိပညာရှင်များက ဆွေးနွေးပွဲကျင်းပ၍ ဤဝဇိရဗုဒ္ဓိဋီကာ၌ ပါသော သီဟိုဠ်ဝေါဟာရများကို ထုတ်ပြဆွေးနွေးကြသောအခါ ထိုပညာရှင်ကြီးက သီဟိုဠ်ဝေါဟာရ မှန်ကန်သော်လည်း အလွန်ရှေးကျခြင်း, အရေးအသား ပျက်ယွင်းနေခြင်းတို့ကြောင့် နားမလည်နိုင်တော့ကြောင်းဖြင့် ပြန်လည်ဆွေးနွေးသွားသည်ဟု ဆိုပေသည်။

## ဝဇိရဗုဒ္ဓိဋီကာနိဿယကျမ်းပြု ပထမဆင်တဲဆရာတော်ဘုရားကြီး

ဤသို့လျှင်ဝဇိရဗုဒ္ဓိဋီကာကြီးသည် ရှေးကျ၍ဘာသန္တရဝေါဟာရတို့ဖြင့် ရောနှောဖွင့်ဆိုထားသဖြင့် ခက်ခဲ နက်နဲလှသည်ဟုပညာရှင်တိုင်းက ဝန်ခံထားရသည်၊ ပါဠိပညာရှင်တိုင်းပင် အနက်ထင်ရန် ခက်ခဲလှသဖြင့် သာမညသတ္တိ စွမ်းပကားပညာအားဖြင့် ဤဋီကာကြီးကို နိဿယရေးသားနိုင်မည်မဟုတ်ပေ၊ ထို့ကြောင့် ဤဋီကာနိဿယပညာရှင်ကြီး၏အကြောင်းကို လေ့လာကြည့်ရှုရန် လိုပေလိမ့်မည်။

> "၇၂၉။ ဝဇိရဗုဒ္ဓိဋီကာနိဿယမှာ သက္ကရာဇ် ၁၁၄၄-ခုနှစ် အမရပူရပထမမြို့တည်နန်းတည် သိရိပဝရဝိဇယာနန္တယသတြိဘဝနာဒိတျာဓိပတိ ပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ တံဆိပ်နာမံခံသော အောင်မြေလောကစေတီ ဒါယကာမင်းလက်ထက် သက္ကရာဇ် ၁၁၆၆-ခုနှစ်တွင် 'ဉာဏာလင်္ကာရာဘိသဒ္ဓမ္မဓဇမဟာဓမ္မရာဇဂုရု' ပထမဆင်တဲဆရာတော် စီရင်သည်။" (ပိဋကတ်တော်သမိုင်း)

အထက်ပါ ပိဋကတ်တော်သမိုင်းအရ ကျမ်းပြုခေတ်နှင့်ကျမ်းပြုဆရာတော်၏ ဘွဲ့ထူးဂုဏ်ထူးတို့ကို သိသာရပေသည်၊ ထို့ထက် ထိုထိုမှတ်တမ်းတို့အရဖော်ပြရလျှင် ဝဇိရဗုဒ္ဓိဋီကာနိဿယကျမ်းပြု ပထမဆင်တဲဆရာတော်ဘုရားကား—

မြန်မာနိုင်ငံ့ပခန်းကြီးမြို့ကျေးမိုးထူးဆင်တဲရွာ၌မြန်မာသက္ကရာဇ် ၁၁၀၆-ခုနှစ် နယုန်လတွင် ဖွားမြင်တော်မူသည်၊ မိဘမည်ရည် မထင်ရှား၊ သို့သော် ဆရာတော်လောင်းလျာ၏ ငယ်မည်ကား မောင်ရွဲဟူ၍ ဖြစ်လေသည်၊ အရွယ်ရောက်သော် သာမဏေပြု၍ ယိုမှတဆင့် ရဟန်းအဖြစ်သို့ရောက်ခဲ့ကာ ဘွဲ့မည်မှာ ရှင်ဉာဏသဒ္ဓမ္မဟူပါ၏။

> (ဘွဲ့တံဆိပ်မည် ဉာဏာလင်္ကာရာဘိသဒ္ဓမ္မဓဇမဟာဓမ္မရာဇဂုရု[၁] ဖြစ်၍ ဆရာတော်ဘွဲ့ရင်းကို ဉာဏာလင်္ကာရဟု အမှတ်မှားကြ၏၊ "ဂုရုဟိ ဉာဏသဒ္ဓမ္မောတိ၊ ကတနာမေန ဘိက္ခုနာ"—ဟု ပါရာဇိကကဏ် အဋ္ဌကထာ ဂဏ္ဌိကျမ်းနိဂုံးတွင် ဆရာတော်ကိုယ်တိုင် ဘွဲ့တော်ကို ထုတ်ဖော်ထားခဲ့လေသည်။)

ဆရာတော်၏ ပညာသင်ကြားဆည်းပူးတော်မူပုံစသည်ကို မသိရသော်လည်း ထိုအခါက သာသနာပိုင်ဖြစ်တော်မူသော မန်လည်ဆရာတော်ဘုရား

---

၁။ ဉာဏာဘိလင်္ကာရသဒ္ဓမ္မဓဇ မဟာရာဇဂုရု (သာသနာလင်္ကာရစာတမ်း)

ကြီး၏ တပည့်ဖြစ်သည်ဟူ၍ကား သိရသည်၊ အမရပူရမြို့ ပဏမမြို့တည် နန်းတည် မင်းတရားကြီးလက်ထက်တွင် အမရပူရမြို့ မြောက်မျက်နှာတွင် ကျောင်းတိုက်တည်ဆောက်လှူဒါန်းတော်မူသည်၊ ဆရာတော်၏ ဇာတိအမည်တော်ကို စွဲ၍ ဆင်တဲတိုက်ဟူ၍ပင် တွင်တော့သည်။

ဘိုးတော်မင်းတရားကြီး လက်ထက်၌ ပထမတွင် သာသနာပိုင်ဆရာတော်ဘုရားကြီးလေးပါး တင်မြှောက်၍ ဆရာတော်ကြီးများမှာ သက်တော်ကြီးရင့်တော်မူသဖြင့်ရှစ်ပါး ထပ်မံတင်မြှောက်ရာတွင် ဆင်တဲဆရာတော်သည် တပါးအပါအဝင်ဖြစ်လေ၏၊ ထို့ကြောင့် ဆင်တဲဆရာတော်ကား သုဓမ္မာဆရာတော်တွဲဖက်သာသနာပိုင် ဖြစ်လေသည်၊ ဆင်တဲဆရာတော်ကား စုဒ်စေ၁ဒနာအာဘော်ထုတ် ကောင်းလှသည်၊ သက္ကရာဇ် ၁၁၇၁–ခု သီဟိုဠ်ကျွန်း သခ်န္တမြို့ (ယခု–ကန္ဒီမြို့)နေ မဟာတိတ္ထရွာသား သီဟိုဠ်ဆရာတော် ရှင်ဓမ္မက္ခန္ဓ အမရပူရနေပြည်တော်သို့ရောက်၍ ဆင်တဲဆရာတော်ဘုရား၏ အင်းခရုသိမ်မှာ သိက္ခာထပ်သည့်ကာလ—

"အာဝုသော ဓမ္မက္ခန္ဓ ရာဇဝလ္လဘော မဟာသာဝဇ္ဇော နိရယံ သံဝတ္တနိကော ဝါ"၊ (ငါ့ရှင်ဓမ္မက္ခန္ဓ....မင်းကျွမ်းဝင်မှုသည် အလွန်အပြစ်ကြီးသည် ငရဲသို့ လားရောက်ကြောင်းလည်း ဖြစ်သည်)"ဟု–ဆင်တဲဆရာတော်မိန့်လျှင်–

"သာဓု ဘန္တေ သာဓု၊အာမ ဘန္တေ အာမ" (မှန်လှပါသည်ဘုရား–ဟုတ်ပါသည်ဘုရား)–ဟု ရှင်ဓမ္မက္ခန္ဓလျှောက်သည်၊ အင်းခရုသိမ်သို့ သွားသောအခါ ငချိုဆိုသူ ထီးမိုးမည်ရောက်လာသည်ကို အမိုးမခံ ပယ်တော်မူသည်၊ မန်လည်ဆရာတော်ဘုရားကြီး၏ တပည့်တည်း၊ ထို့ပြင် ဆင်တဲဆရာတော်ဘုရားကြီးသည် အလွန်လျှင် သီလဝိသုဒ္ဓိနှင့် ပြည့်စုံတော်မူသည်၊ သီလဝိသောဓနီကျမ်းတွင် ယင်းသိမ်သော ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးကို အထပ်ထပ် ဆိုတော်မူထားသည်။

"ငါတို့ဆရာ ဆင်တဲဆရာတော်ဘုရားကြီးသည် အော့အန်၍ အနံ့ကို ပယ်ခြင်းငှာ ဝါးလို၍ ကွမ်းရွက်တောင်းသည်ကို တပည့်မြတ်ယာ ထုံး ရှားစေးကွမ်းသီးအစုံနှင့်ကပ်ရာ နေလွှဲပြီမဟုတ်လော၊ ကွမ်းရွက်ချည်းပေးဟု မိန့်တော်မူသည်ကို မြင်လိုက်ကြားလိုက်ရဘူးသည်၊ ထုံးရှားစေးကွမ်းသီးအစုံ ရှိသည့် ကွမ်းရွက်၌ အာဟာရကိစ္စပြီးသည့် မပြီးသည်ကို သိခက်သည်၊ ယက်ဖက်

ရှက်၌လည်း အရှက်ကျက်ရေကိုထား၍ ဟူသောကြောင့် သိခက်၏၊ ကြံတခု၌ပင် အရည်မကပ် အဖတ်သက်သက်ကို ယာဝဇီဝိက, အရည်သက်သက်ကို ယာမကာလိက, ချက်ပြီးတင်လဲကို သတ္တာဟကာလိက,ကြံချောင်း ယာဝကာလိကရသည့် အရာလည်းရှိချေသည်ဟု ငါတို့ဆရာ ဆင်တဲဆရာတော်မိန့်သည်—စသည်ဖြင့် သီလဝိသောဓနီကျမ်း၌ ထည့်သွင်း ဖော်ပြထားလေသည်။

ဤသို့ ပညာဂုဏ် သီလဂုဏ်ရှင်ဖြစ်၍လည်း ဆင်တဲဆရာတော် ဘုရားကြီးသည် ခက်ခဲနက်နဲ၍ ဝိနည်းအဆုံးအဖြတ်သဘောတို့ ရောပြွမ်း ပြည့်လျှံနေသော ဤဝိနည်းဋီကာနိဿယ ကျမ်းကြီးကို ကြိုးကြိုးစားစား စီရင်တော်မူသွားသည် ဟု သိသာကြည်ညိုရပေသည်၊ ဤ ဋီကာကျမ်းကြီးလာ ဖော်ပြရာပါဠိဘာသန္တရပုဒ်ပါဠိတို့ကိုလည်း ခေတ်အားလျော်စွာ မရှုံမကြောက်ရဲရဲတောက်ဖြစ်မြောက်အောင် အနက်သမ္ဗန်သွားသည်မှာ ချီးကျူးဖွယ်ပင် ဖြစ်သည်၊ အချို့နေရာတို့၌လည်း အမှာအထားတို့ဖြင့် စိတ်ရှည်လက်ရှည် ပြန်ဆိုတော်မူသွားလေသည်။

ဖော်ပြခဲ့သည့်အတိုင်း အမရပူရခေတ်တွင် ပထမဆင်တဲဆရာတော်စသော သီလသမာဓိပညာဂုဏ်ရှင် ဆရာတော်ဘုရားကြီးများသည် မိမိတို့၏ ပင်ပန်းမှုကို ပဓာနမထား နောင်လာနောင်သားတို့အတွက် ပါဠိ အဋ္ဌကထာ ဋီကာ ဂဏ္ဌိဋ္ဌရအမှိနိဿယများကို ပြုစုတော်မူ၍ သွားကြကုန်၏။

## နိဿယကျမ်းကြီးတို့၏ ကျေးဇူးတော်

ဤပါဠိတော် နိဿယများ, အဋ္ဌကထာ ဋီကာနှင့် ဂဏ္ဌိတ္ထိရ ပါဠိနိဿယများကား ကျယ်ဝန်းလှစွာသော ပါဠိ မာဂဓ ဗုဒ္ဓစာပေတို့ကို မြန်မာမှုပြုကြခြင်းများပင် ဖြစ်ရာ ဤနိဿယကျမ်းများမှတဆင့် ဆင့်ပွားကျမ်းဂန်များဖြစ်ကြသော စကားပြေနှင့် ပျို့ ကဗျာ လင်္ကာတို့ကား မြန်မာစာပေကို ထိပ်ဆုံးသို့ ပို့ပေး၍ နေကြသဖြင့် မြန်မာစာပေ၏ မြင့်မားကြွားဝင့်၍ နေမှုမှာ နိဿယကျမ်းများ၌ အခြေစိုက်၍ နေသည်ဟု ဆိုရာ၏၊ ထို့ကြောင့်ပင်—"တိဘက်မြန်မာ မျိုးကွဲတွင်ပါဝင်သော ဘာသာစကားများအနက် အများအားဖြင့် ပါဠိကိုမှီး၍ စာကြီး ပေကြီးတွန်းကားသည့် မြန်မာဘာသာမှတပါး အခြားဘာသာတို့တွင် စာကြီး ပေကြီးမရှိချေ" ဟုပင် ပညာရှိဆရာကြီး ဦးဖေမောင်တင်က သူ၏ ဘာသာလောကကျမ်းတွင် ရေးသွား ဆိုထားပေသည်။

ထို့ကြောင့် ဤပါဠိအဋ္ဌကထာဋီကာ ဂန္ထန္တရနိဿယတို့သည် မြန်မာစာပေ တည်နေသမျှကာလပတ်လုံး တည်တွန့်းဝင့်ကြွား၍ နေရမည့် စာပေများသာ ဖြစ်ပေသည်၊ ခေတ်အဆက်ဆက်တွင် ပါဠိတော်နိဿယများသာ အပြည့်အစုံရှိ၍ အဋ္ဌကထာနိဿယများပင် အပြည့်အစုံမရှိသေးပေ၊ ဋီကာနိဿယများကား အားလုံးလောက်ပင် မရှိကြသေး၊ အမှန်အားဖြင့် ခေတ်သည် တနေ့ထက်တနေ့ သဒ္ဒါ ပညာ ဝီရိယတရားများဆုတ်ယုတ်လာနေသဖြင့်ကြသော် ပါဠိဘာသာ၌ လေ့ကျက်ကျွမ်းဝင်သူ နည်းပါးသွားမည်မှာ မလွဲပေ၊ ထိုအခါမျိုးတွင် ဤ နိဿယကျမ်းစာများမှတပါး အားထားစရာ ရှိမည်မဟုတ်ပေ၊ ထို့ကြောင့် ယခုအချိန်မှစ၍ နိဿယလုပ်ငန်းကို ရှေ့တန်းတင်ကြရန် အရေးကြီးလျက်ရှိ နေပေပြီ။

## ပိဋကဗျူဟာ၏တာဝန်

ဤအကြောင်းကို ထောက်ဆ၍လည်း ပိဋကဗျူဟာ အဖွဲ့ကြီးသည် သာ သနာတွင် တန်ဖိုးကြီးလှသော နိဿယအဆောက်အဦကြီး တည်ရှိနေသင့်သည် ဟု ခံယူချက်ထားရှိခဲ့ကြသည်၊ တိမ်မြုပ်နေသောကျမ်းစာများတွင် နိဿယ ကျမ်းကြီးများသည် ကျေးဇူးရှင် ဆရာမြတ်ကြီးတို့၏ ကြိုးပမ်းတည်ဆောက် ထားသော အဆောက်အအုံများပင်ဖြစ်ပေသည်၊ ယင်းအဆောက်အအုံများကို ဖော်ဆောင်ပြုပြင်၍ သာသနာ့မြေတလင်းပြင်တွင် ထင်ထင်လင်းလင်းတည် ဆောက်စိုက်ထူပေးရမည့် တာဝန်ကို ပိဋကဗျူဟာအဖွဲ့ကြီးက ယူဖြစ်အောင် ယူကြရန် အဓိဋ္ဌာန်ကိုလည်း ထားရှိခဲ့ကြသည်။

သို့ဖြစ်ရကား—

ဤအချိန်အခါတွင် တတိယမြောက် ကျမ်းစာအဖြစ်[၁] ဗုဒ္ဓမြတ်စွာ သာ သနာတော်တွင် ဝိနည်းအဆုံးအဖြတ် ကျင့်သုံးမှုအရပ်ရပ်အတွက် လွန်စွာလို အပ်လှသော ဤ ဝဇိရဗုဒ္ဓိဋီကာနိဿယကြီးကို ပိဋကအဖွဲ့ဝင်ပေါင်းများစွာ တို့၏ စေတနာ သဒ္ဓါတရားပေါ်တွင် မူတည်၍ ကြည်ညိုလေးစားစွာ ကြိုး စားထုတ်ဖော်လိုက်ရခြင်းဖြစ်ပေသည်။

ဤ ဝဇိရဗုဒ္ဓိဋီကာနိဿယကျမ်းကြီးအလား ဝိနည်းဋီကာနိဿယများ ဖြစ်ကြသော သာရတ္ထဒီပနီဋီကာနိဿယ, ဝိမတိဝိနောဒနီဋီကာနိဿယ, ဝိနယာလင်္ကာရဋီကာနိဿယတို့ကိုလည်း ပေမှ ကူးယူတည်းဖြတ်ပြီးဖြစ်သဖြင့်

---

၁။ ပထမကျမ်းစာမှာ ကင်္ချာဏီကျောက်စာမြန်မာပြန်ဖြစ်၍ ဒုတိယကျမ်းစာမှာ ဇာတ်ဝိသောဓနကျမ်းဖြစ်လေသည်။

အခါအားလျော်စွာ သာသနာ့တော်အကျိုးအတွက် ထုတ်ဝေတင်ဆက်ဦးမည် ဖြစ်ပါသဖြင့် ပိဋကဗျူဟာအဖွဲ့ဝင်စေတနာရှင်တို့သည် ကြည်ရွှင်သော သဒ္ဓါ တရားဖြင့် စောင့်စားအားပေးတော်မူကြလျက် သာသနာပြုကုသိုလ်ထူးကို ဆည်းပူးအားထုတ် ဝိမုတ္တိစခန်းသို့ တက်လှမ်းနိုင်ကြပါစေသော်ဝ်ဟု မနော ပဏိဓိမင်္ဂလာဖြင့် ပတ္ထနာပြုအပ်ပါသတည်း။

ပိဋကဗျူဟာအဖွဲ့

## ပိဋကဗျူဟာ ဝန်ဆောင်ပုဂ္ဂိုလ်များ

ပိဋကဗျူဟာ အဖွဲ့ကြီးသို့ ၁၁ိ ( တစ်ရာတစ်ဆဲ့တစ်ကျပ် ) အလှူဝင်၍ ရာသက်ပန်အဖွဲ့ဝင် (ပိဋကဝန်ဆောင်)ဖြစ်ကြကုန်သော ပုဂ္ဂိုလ်များမှာ ၁၉၇၀-ပြည့်နှစ် ဧပြီလကုန်အထိ –

| | | |
|---|---|---|
| ရဟန်း | – | ၃၃၀ |
| သီလရှင် | – | ၃၄ |
| အမျိုးသား | – | ၃၅၈ |
| အမျိုးသမီး | – | ၂၂၆ |
| ယင်း၌ – | | |
| ရန်ကုန်မြို့မှ | – | ၂၇၀ |
| မြို့နယ်စုံမှ | – | ၆၇၁ |
| စုစုပေါင်း | – | ၉၄၈ |

– ဦးရှိကြောင်း ကြေငြာပါသည်။

ပိဋကဗျူဟာအဖွဲ့



နိဿယ ပဏာမ
နံပါတ် (၁) ကြာဂါထာ။



နိဿယ ပဏာမ
နံပါတ် (၂) ကြာဂါထာ။



နိဿယ ပဏာမ
နံပါတ် (၃) ကြာဂါထာ။

ဗုဒ္ဓဝစနံ စိရံ တိဋ္ဌတု ပိဋကဗျူဟာအဖွဲ့

# ဝဇိရဗုဒ္ဓိဋီကာနိဿယ

## (ပထမတွဲ)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### နိဿယ ပဏာမ

၁။ မဟာဒယံ မဟာဉာဏံ၊ မဟာဝံသံ မဟာကုလံ။
မဟာပူဇံ မဟာဗုဒ္ဓိံ၊ မဟာဂုဏံ မဟံ နမေ။

၂။ မဟာဝရံ မဟာသုဒ္ဓိံ၊ မဟာသုခံ မဟာဒီပံ။
မဟာတာဏံ မဟာဓမ္မံ၊ မဟာဂုဏံ မဟံ နမေ။

၃။ မဟာသီလံ မဟာပညံ၊ မဟာခေတ္တံ မဟာသုတံ။
မဟာရမ္မံ မဟာသံဃံ၊ မဟာဂုဏံ မဟံ နမေ။

၄။ ကတဿေဝံ ပဏာမဿ၊ ဝတ္ထုတ္တယေ နမာရဟေ။
အာနုဘာဝေန ဃာတန္တ-ရာယော ဟုတွာဝ သာဓုကံ။

၅။ ဝဇိရဗုဒ္ဓိဂန္ထဿ၊ နိဿယဉ္စ ယထာဗလံ။
ကရိဿာမိ သုနိဿာယ၊ အာစရိယုပဒေသကံ။

၆။ တန္တု၊ ဂမ္ဘီရနိပုဏတ္ထာ- မိပ္ပါယဂုဠှနိဿယံ။
ဒုဇ္ဇာနလီနပဒတ္ထံ၊ ပညတ္တိဟေတုဒီပကံ။

၇။ ဓိမာနံ မတိဝဍ္ဎုနံ၊ ဝိနယဋ္ဌယကောဝိဒံ။
တဿ နတ္ထေဝ နိဿယော၊ အတ္ထီတိ န သုတာပုဗ္ဗော။

၈။ မိမာနဋ္ဌေဝ သောတူနံ၊ ဉာဏပါဋ္ဌဝသောဘာယ။
ဂရူနံ ပဿတံ နယံ၊ သုဝဏ္ဏိတံ သုနိဿာယ။

၉။ ကရိဿာမိ ဿ နိဿယံ၊ သာဓုကံဝ သဒ္ဒတ္ထကံ။
· တမ္ပိ ပဿန္တု စက္ခုနော၊ ပညာယ စ ဝိစိန္တန္တု။

မဟာဒယံ၊အလွန်မြတ်သော ကရုဏာဉာဏ်ရှိတော်မူထသော။ မဟာဉာဏံ၊ အလွန်မြတ်သော သဗ္ဗညုတဉာဏ်ရှိတော်မူထသော။ 'မဟာဝံသံ၊ကမ္ဘာဦး၌ဖြစ်သော မဟာသမ္မတ အသမ္ဘိန္နခတ္တိယအနွယ်တည်းဟူသော မြတ်သော အနွယ်ဖြစ်တော်မူထသော။မဟာကုလံ၊ သာကီဝင်မင်းမျိုးတည်းဟူသော မြတ်သော အမျိုး၌ ဖြစ်တော်မူထသော။ မဟာပူဇံ၊ မြတ်ကုန်သော လူမင်း နတ်မင်း ဗြဟ္မာမင်းတို့သည် ပူဇော်အပ်ထသော။ဝါ၊ မြတ်တော်မူကုန်သော အဂ္ဂသာဝက,မဟာသာဝကတို့သည် မပြတ်ပူဇော်အပ်ထသော။မဟာဂုဏံ၊အရဟံအစရှိသော အစိန္တေယျ အပ္ပမေယျဖြစ်သော များမြတ်သော ကျေးဇူးတော်အပေါင်းရှိတော်မူထသော။ မဟာဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဟံ၊ သည်။နမေ၊ ရှိခိုး၏။

[ဤဂါထာတွင် "မဟံ နမေ"-၌ မ-ကို အာဂုမ်ဟု မှတ်လေ။]

မဟာဝရံ၊ မြတ်ကုန်သော လောကီတရားတို့ထက် မြတ်တော်မူထသော။ မဟာသုဒ္ဓံ၊များစွာကုန်သော ကိလေသာတို့မှ စင်တော်မူထသော။မဟာသုခံ၊ အလွန်မြတ်သော ချမ်းသာစစ်ဖြစ်တော်မူထတော။ မဟာဒီပံ၊ မောဟအစရှိသော အမိုက်တိုက်ကို ဖျောက်တတ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့၏ သတ္တိတည်းဟူသော မြတ်သော ဆီမီးတန်ဆောင်ရှိတော်မူထသော။မဟာတာဏံ၊ဝဋ်ဆင်းရဲ၌ ကျခြင်းကိုတားမြစ်ခြင်းတည်းဟူသော မြတ်သောစောင့်ရှောက်ခြင်း ရှိတော်မူထသော။မဟာဂုဏံ၊သွာက္ခာတတာ အစရှိသောများမြတ်သော်ကျေးဇူးတော်အပေါင်းတို့နှင့် ပြည့်စုံတော်မူထသော။ မဟာဓမ္မံ၊မြတ်သောတရားတော်ကို။ အဟံ၊သည်။ နမေ၊ ရှိခိုးပါ၏။

မဟာသီလံ၊ မြတ်သောပါတိမောက္ခသံဝရသီလ—စသော လေးပါးသော သီလ ရှိတော်မူထသော။ မဟာပညံ၊မြတ်သော မဂ်ပညာ ဖိုလ်ပညာ ရှိတော်မူထသော။ မဟာခေတ္တံ၊ အလွန်မြတ်သော ကောင်းမှု၏တည်ရာ ဖြစ်တော်မူထသော။မဟာသုတံ၊ ပိဋကတ်ကို ဆောင်ရွက်လေ့လာတော်မူခြင်း တည်းဟူ

သော မြတ်သောပရိယတ္တိသုတ ရှိတော်မူထသော။ မဟာရမ္မံ၊ မြတ်သော နိဗ္ဗာန်ဟူသော အာရုံရှိတော်မူထသော။ မဟာဂုဏံ၊ သုပ္ပဋိပန္နတာ အစရှိသော မြတ်သောကျေးဇူးတော်အပေါင်းနှင့် ပြည့်စုံတော်မူထသော။ မဟာသံဃံ၊ မြတ်သော သံဃာတော်ကို။ အဟံ၊သည်။ နမေ၊ရှိခိုးပါ၏။

ဧဝံ၊ ဤသို့ ဆိုအပ်ပြီးသော ဂါထာသုံးခု အပေါင်းဖြင့်။ နမာရဟော၊ မပြတ်ရှိခိုးခြင်းငှါ ထိုက်သော။ ဝတ္ထုတ္တယေ၊ ရတနာသုံးပါး အပေါင်း၌။ ကတဿ၊ ပြုအပ်သော။ ပဏာမဿ၊ ရှိခိုးခြင်းပဏာမ၏။ အာနုဘာဝေန၊ အာနုဘော်တော်အစွမ်းဖြင့်။ ဃာတန္တရာယော၀၊ ဖျောက်အပ် ပယ်အပ်သော အန္တရာယ်ရှိသည်သာလျှင်။ ဟုတွာ၊၍။ ဝဇိရဗုဒ္ဓိဂန္ထဿ၊ ဝဇိရဗုဒ္ဓိကျမ်း၏။ နိဿယဥ္စ၊ နိဿယကိုလည်း။ ယထာဗလံ၊ အစွမ်းအားလျော်စွာ။ဝါ၊အစွမ်းရှိသရွေ့။ အာစရိယုပဒေသကံ၊ ဆရာမြတ်တို့၏ ဥပဒေသနည်းကို။ဝါ၊ဆရာမြတ်တို့မှ ရအပ်သော ဥပဒေသနည်းကို။ သုနိဿာယ၊ ကောင်းစွာ မှီ၍။ သာဓုကံ၊ ကောင်းစွာ။ အဟံ၊ သည်။ ကရိဿာမိ၊ အံ့။

တန္တိ-တံ ပန ပကရဏံ၊ ထိုဝဇိရဗုဒ္ဓိ အမည်ရှိသော ကျမ်းသည်ကား။ ဂမ္ဘီရနိပုဏတ္ထာဓိပ္ပါယဂုဋ္ဌနိစ္ဆယံ၊ နက်နဲ သိမ်မွေ့သော အနက် အဓိပ္ပါယ်၊ လျှို့ဝှက်သော အဆုံးအဖြတ်လည်း ရှိ၏။ ဒုဇ္ဇာနလီနပဒတ္ထံ၊ အသိခက်ခဲ ကွယ်ဝှက်သော ပုဒ်အနက်လည်း ရှိ၏။ ပညတ္တိဟေတုဒီပကံ၊ ပညတ်တော်မူခြင်း၏ အကြောင်းကိုလည်း များစွာပြတတ်၏။ဓိမာနံ၊ ဝိနည်း၌ အသိဉာဏ်ရှိကုန်သော သူတို့၏။မတိဝဍ္ဎနံ၊ အလိုကိုလည်း ပွားစေတတ်၏။ ဝိနယဋ္ဌယကောဝိဒံ၊ ဝိနည်းအဆုံးအဖြတ်၌လည်း လိမ္မာစေတတ်၏။တဿ၊ ထိုသို့သော ကျေးဇူးအကျိုးကိုပြတတ်သော ကျမ်း၏။ နိဿယော၊ အမှီနိဿယသည်။ နတ္ထေဝ—နတ္ထိ ဧဝ၊ မရှိသေးသည်သာတည်း။ နိဿယော၊ အမှီနိဿယသည်။ အတ္ထိတိ၊ ရှိ၏ဟူ၍လည်း။ န သုတပုဗ္ဗော၊ မကြားစဖူး။ ကသ္မာ၊ ထိုသို့သော ကျေးဇူး အကျိုးအထူးကို ပြတတ်သော ကျမ်း၏ နိဿယ မရှိသေး ဖြစ်သောကြောင့်။ ဓိမာနံ၊ ထက်မြက်လျင်မြန်သော ပညာရှိကုန်သော။ သောတူနံ၊ စာသင်,စာပို့,, ကျမ်းကြည့် ပုဂ္ဂိုလ်မြတ်တို့၏။ ဉာဏပါဋဝသောဘာယ၊ ဉာဏ်၏ရင့်ခြင်း, ဉာဏ်၏တင့်တယ်ခြင်းအကျိုးငှာ။ ပဿတ-ပဿန္တာနံ၊ ပညာမျက်စိ အမြင်ရှိကုန်သော။ ပရူနံ၊ ဆရာမြတ်တို့၏။ သုဝဏ္ဏိတံ၊ ကောင်းစွာ ချီးမွမ်းအပ်သော။ နယံ၊ကို။ နိဿာယ၊မှီ၍။ အသာ၊ ထိုဝဇိရဗုဒ္ဓိကာကျမ်း [illegible] သုဒ္ဓတ္တကံ၊ အနက်သက်သက်သာ ဖြစ်သော။ နိဿယံ၊နိဿယကို၊ [illegible] မုက်ဝ၊ ကောင်းစွာသာလျှင်။ ကရိဿာမိ၊ [illegible] တမ္ပိ၊ ထိုဂိုကာ [illegible]

ကိုလည်း။ သဇ္ဇနာ၊ သူတော်ကောင်းအပေါင်းတို့သည်။ စက္ခုနာ၊ ကြည်လင်ချမ်းမြေ့စွာသော ပသာဒစက္ခုဖြင့်။ ပဿန္တု၊ ရှုစေကုန်သတည်း။ ပညာယ စ၊ ပညာစက္ခုဖြင့်လည်း။ ဝိစိနန္တု၊ ရှုစေကုန်သတည်း။

ဗဟုဗ္ဗိမ နာနာပါဌော၊ ဗဟုနာသန ပါဌကော။
ဗဟုဘာသန္တရမိဿော၊ ဂန္ထောယံ ပန ဒုဒ္ဒသော။ ။
သဟတ္ထကံ ပါဌံ တသ္မာ၊ သုသောဓိယ ယထာဗလံ။
လိခိတံ ဝိညူဟိ ဥဇ္ဇုယံ၊ ယထာဉာဏံ ယထာဘူတံ။ ။

ဒုဒ္ဒသော၊ မြင်နိုင်ခဲသော အနက်အဓိပ္ပါယ်, ကွယ်သော ပုဒ်အဆုံးအဖြတ်ရှိသော။အယံ ပန ဂန္ထော၊ ဤဝဇီရဗုဒ္ဓိကျမ်းသည်ကား။ဗဟုဗ္ဗိဓနာနာပါဌော၊ များသော အပြားရှိသော အထူးထူးသောပါဌ်လည်း ရှိ၏။ဗဟုနာသန ပါဌကော၊ များစွာပျက်စီးသော ပါဌ်အစဉ်လည်း ရှိ၏။ ဗဟုဘာသန္တရမိဿော၊ များစွာသော သင်္ကရိုက်,သီဟိုဠ်ဘာသာတို့နှင့်လည်းပြွမ်း၏။

တသ္မာ၊ ထို့ကြောင့်။ သဟတ္ထကံ၊ မိမိလက်၌ရှိသော (ကိုယ်၌ရှိသော)။ ပါဌံ၊ ဝဇီရဗုဒ္ဓိပါဌ်ကိုသာလျှင်။ ယထာဗလံ၊ စွမ်းအားရှိသရွေ့။ သုသော ဓိယ၊ ကောင်းစွာ သုတ်သင်၍။ ယထာဉာဏံ၊ ဉာဏ်သက်ဝင်တိုင်း။ ယထာဘူတံ၊ ဉာဏ်အထင်ရှိတိုင်း။ လိခိတံ—လိခိတံ ဣတိ၊ ရေးအပ်၏ဟူ၍။ ဝိညူဟိ၊ ပညာရှိကုန်သော သူတို့သည်။ ဥဇ္ဇုယံ၊ သိအပ်၏။ ဝါ၊ သိစေခလို။

စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဇိနော ဒေတု ဇယံ မမ။
ဓမ္မော ရက္ခတု သဒ္ဓမ္မေ၊ သီလေ ရမ္မတု မေ မနော။

## ဝဇိရဗုဒ္ဓိဂန္ထာရမ္ဘ

(၁) ပညာဝိသုဒ္ဓါယ ဒယာယ သဗ္ဗေ၊
ဝိမောစိတာ ယေန ဝိနေယျသတ္တာ။
တံ စက္ခုဘူတံ သိရသာ နမိတွာ၊
လောကဿ လောကန္တဂတဿ ဓမ္မံ။

သံဃဉ္စ သီလာဒိဂုဏေဟိ ယုတ္တ-
မာဒါယ သဗ္ဗေသု ပဒေသု သာရံ။
သင်္ခေပ ကာမေန မမာသယေန၊
သဉ္စောဒိတော ဘိက္ခုဟိတဉ္စ ဒိသွာ။

သမန္တပါသာဒိကသညိတာယ၊
သမ္ဗုဒ္ဓဃောသာစရိယောဒိတာယ။
သမာသတော လီနပဒေ လိခိဿံ၊
သမာသတော လီနပဒေ လိခိတံ။

[ရှေ့နှစ်ဂါထာသည် ရ-ဂိုဏ်းနှစ်ခု, ဇ-ဂိုဏ်းတခု, ဂရု တခုရှိသော ဣန္ဒဝဇိရာ ဂါထာ မည်၏။ နောက်ဂါထာကား ဥပဇာတိဂါထာ မည်၏။]

ယေန ဗုဒ္ဓေန၊ အကြင်ဘုရားမြတ်သည်။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဝိနေယျသတ္တာ၊ ကျွတ်ထိုက်သော သတ္တဝါတို့ကို။ ပညာဝိသုဒ္ဓါယ၊ ပညာကြောင့် စင်ကြယ်သော။ ဒယာယ၊ ကရုဏာတော်ဖြင့်။ ဝိမောစိတာ၊ လွတ်စေတော်မူအပ်ကုန်ပြီ။ ဝါ-ဒယာယ၊ ကရုဏာတော်ကြောင့်။ ပညာဝိသုဒ္ဓါယ၊ စင်ကြယ်သော ပညာတော်ဖြင့်။ ဝါ-ဝိသုဒ္ဓါယ၊ စင်ကြယ်စွာသော။ ဒယာယ၊ ကြောင့်။ ပဝတ္တာယ၊ ဖြစ်သော။ ဝိသုဒ္ဓါယ၊ စင်ကြယ်စွာသော။ ပညာ-ပညာယ၊ ပညာတော်ဖြင့်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဝိနေယျသတ္တာ၊ ကျွတ်ထိုက်သော သတ္တဝါတို့ကို။ ဝဋ္ဋဒုက္ခတော၊ ဝဋ်ဆင်းရဲမှ။ ဝိမောစိတာ၊ လွတ်စေတော်မူအပ်ကုန်ပြီ။ လောကဿ၊ အကြွင်းမရှိသော သတ္တလောက၏။ စက္ခုဘူတံ၊ မျက်စိသဖွယ် ဖြစ်တော်မူသော။ ဝါ၊ ငါးပါးအားဖြင့် စက္ခုအား ထင်ခြင်းသို့ ရောက်တော်မူပြီးသော။ တံ ဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ သိရသာ၊ ဦးဖြင့်။ နမာမိ၊ ရှိခိုးပါ၏။ နမိတွာ၊ ၍။ လောကန္တဂတဿ၊ လောကသုံးပါး၏ အဆုံး

---

(၁) ဤကဲ့သို့ ကွင်းဖြင့်ပြထားသော နံပါတ်သည် ဆဋ္ဌမူ ဋီကာပါဠိ စာမျက်နှာ ဖြစ်သည်။

သို့ ရောက်တော်မူသော မြတ်စွာဘုရား၏။ သန္တကဘူတံ၊ ဥစ္စာဖြစ်၍ဖြစ်သော။ (ဓမ္မ—ဠ စပ်) ဝါ၊ လောကသုံးပါး၏ အဆုံးသို့ ရောက်တော်မူပြီးသော မြတ်စွာ ဘုရားသည်။ သွာက္ခာတံ၊ ကောင်းစွာ ဟောတော်မူအပ်သော။ ဓမ္မဉ္စ၊ တရားတော်ကိုလည်း။ သိရသာ၊ ဦးဖြင့်။ နမာမိ၊ ၏။ နမိတွာ၊ ၍။ သီလာဒိဂုဏောဟိ၊ သီလစသော ဂုဏ်ကျေးဇူးတို့နှင့်။ ယုတ္တံ၊ အမြဲယှဉ်တော်မူသော။ သံဃဉ္စ၊ သံဃာတော်ကိုလည်း။ နမိတွာ–နမာမိ၊ ၏။ နမိတွာ၊ ၍။ သခေ်ပကာမေန၊ သခေ်ပနည်းကိုအလိုရှိသော။ မမာသယေန၊ ငါ၏ အလိုဖြင့်။ ဘိက္ခူဟိ၊ တို့သည်။ သဇ္ဈာဒိတော၊ ကောင်းစွာ တိုက်တွန်း တောင်းပန်အပ်သည် ဖြစ်၍။ သမန္တပါသာဒိကာသညိတာယ၊ သမန္တပါသာဒိကာ အမည်ရှိသော။ ဝါ၊ သမန္တပါသာဒိကာ–ဟူသော အမည်ဖြင့် မှတ်အပ်သော။ သမ္ဗုဒ္ဓဃောသာစရိယေဒိတာယ၊ ဘုရားကဲ့သို့ ကျော်စောထင်ရှားသော အသံရှိသော အရှင်ဗုဒ္ဓဃောသ ဆရာသည် စီရင်တော်မူအပ်သော။ ဝါ၊ ဗုဒ္ဓဃောသအမည်ရှိသော ဆရာမြတ်သည် စီရင်တော်မူအပ်သော။ (ဤ၌ သံ-အနက် မရှိ၊ ဂါထာဗန္ဓပဒပူရဏမျှသာ) သံဝဏ္ဏနာယ၊ ဝိနည်းအဋ္ဌကထာ၌။ သမတိနိဝိဋ္ဌေသု၊ ကောင်းစွာ အကျုံးဝင်ကုန်သော။ သဗ္ဗေသု ပဒေသု၊ အလုံးစုံသော ပုဒ်တို့၌။ သာရံ၊ မြတ်သောအနက်ကို။ ဝါ၊ အနှစ်သဖွယ်ဖြစ်သော အနက် အဆုံးအဖြတ်ကို။ အာဒါယ စ၊ ယူ၍လည်းကောင်း။ ဘိက္ခုဟိတံ၊ ဝိနည်း အဋ္ဌကထာကို သင်ကြားလေ့လာကုန်သောရဟန်းတို့၏ အကျိုးကို။ ဒိသွာ စ၊ ရှု၍လည်းကောင်း။ သံဝဏ္ဏနာယ၊ ဝိနည်းအဋ္ဌကထာ၏။ လီနပဒေ၊ ကွယ်သော ပုဒ်၌။ ယံ အတ္ထဝိနိစ္ဆယံ၊ အကြင်အနက် အဆုံးအဖြတ်ကို။ သမာသတော၊ အကျဉ်းအားဖြင့်။ မယာ၊ ငါသည်။ လိခိတံ၊ ရေးအပ်၏။ လီနပဒေ၊ ကွယ်သော ပုဒ်၌။ ဝါ၊ ကွယ်သော ပုဒ်ရှိသော အရာ၌။ တံ အတ္ထဝိနိစ္ဆယံ၊ ထိုသို့သော အဆုံး အဖြတ်ကို။ သမာသတော၊ အကျဉ်းအားဖြင့်။ အဟံ၊ သည်။ လိခိဿံ–လိခိဿာမိ၊ ရေးပေအံ့။

ဝိနည်းအဋ္ဌကထာ၏ အဖွင့်ကို ရေးလိုသော ဝဇိရဗုဒ္ဓိဋီကာ ဆရာသည် ယော ကပ္ပကောဋီဟိ- အစရှိသော သံဝဏ္ဏေတဗ္ဗ ဖြစ်သော အဋ္ဌကထာ၏အဖွင့်ကိုသာ မပြုမူ၍ ပညာဝိသုဒ္ဓါယ ဒယာယ -စသည်ဖြင့် ရတနတ္တယပဏာမကို အဘယ်အကျိုးငှာ ပြုတော်မူသနည်း–ဟူမူကား ကျမ်းကို အားထုတ်သည်၏အစ၌ အလုံးစုံသော အဇ္ဈတ္တိက ဗာဟိရ ဖြစ်သော အန္တရာယ်ကို ပယ်ဖျက်ခြင်းငှာ စွမ်းနိုင်သော ရတနတ္တယ ပဏာမကို ပြုခြင်းသည် မိမိ၏ ရတနာသုံးပါးအပေါ်၌ သဒ္ဓါခြင်း,ရိုသေခြင်း အစရှိသော ကျေးဇူး၏ ပြည့်စုံခြင်းကို သိရခြင်း အကျိုးရှိသည်၊ ထိုသို့

"အဏိမာ လဃိမာဒိကန္တိ အာဒိသဒ္ဒေန မဟိမာ ပတ္တိ ပါကမ္မံ ဤသိတာ ဝသိတာ ယတ္ထကာမာဝသာယိတာတိ ဣမေ ဆပိ သင်္ဂဟိတာ"—

မိန့်တော်မူ၏။

ထိုအာဒိသဒ္ဒါဖြင့် သင်္ဂြိုဟ်အပ်သော အနက်တို့ကို ဖွင့်တော်မူခြင်း ငှါ မဟိမတာ—စသည်တို့ကို မိန့်၏။]

စန္ဒိမသူရိယာဒီနမ္ပိ၊ လ, နေ စသည်တို့ကိုလည်း။ ပါဏိနာ၊ လက်တော်ဖြင့်။ ပရာမသနာဒိ၊ သုံးသတ်တော်မူနိုင်ခြင်း စသော တန်ခိုးတော်သည်။ မဟိမတာ၊ မဟိမတာ မည်၏။ ယထိစ္ဆိတ ဒေသပ္ပတ္တိပကာသနတာ၊ အလိုတော် ရှိရာအရပ်သို့ ကိုယ်တော်ကို ရောက်စေခြင်းကို ပြတော်မူတတ်သော တန်ခိုးတော်သည်။ ပတ္တိ နာမ၊ ပတ္တိမည်၏။ လာဘကဿ၊ ရလိုသောသူ၏။

အတ္ထသာဓနံ ဝါ၊ အကျိုးကို ပြီးစေခြင်းသည်မှုလည်း။ ပါကမ္မံ၊ ပါကမ္မ မည်၏။ သယံဝသိတာ၊ ကိုယ်တော်အလိုရှိတိုင်းသို့ လိုက်စေတော်မူသည်၏ အဖြစ်သည်။ ဤသတ္တံ နာမ၊ မည်၏။ အပရဝသိတာ၊ သူတပါးတို့၏ အလိုသို့ လိုက်သည်၏ အဖြစ်သည်။ ဝသိတ္တံ နာမ၊ မည်၏။ ယတ္ထ၊ အကြင်အရပ်၌။ ဣစ္ဆတိ၊ အလိုရှိ၏။ ယဒါ၊ အကြင်အခါ၌။ ဝါ၊ ကား။ ယံ၊ အကြင်ဝတ္ထုကို။ ဣစ္ဆတိ၊ အလိုရှိ၏။ ယာဝ၊ အကြင်၍လောက်။ ဣစ္ဆတိ၊ အလိုရှိ၏။ တတ္ထ၊ ထိုအရပ်၌။ တာဝ၊ ထိုမျှလောက်။ တဒတ္ထသာဓနံ၊ ထိုသို့ အလိုရှိတိုင်းသော အကျိုးကို ပြီးစေနိုင်ခြင်းသည်။ ယတ္ထကာမာဝသာယိတံ နာမ၊ မည်၏။ (၄၂) ပိဋ္ဌနသခ်ိတသန္တာပဝိပရိဏာမဌေနဝါ ဒုက္ခမရိယသစ္စန္တိ အာဒိမှိ၊ အရိယသစ္စံ—ဤသို့ အစရှိသော အဋ္ဌကထာပါဌ်၌။ စောဒနာ ပုဗ္ဗင်္ဂမံ၊ စောဒနာလျှင် ရှေ့သွားရှိသော။ ဣဒံ အတ္ထဝိဿဇ္ဇနံ၊ ဤသို့သော အနက်အဖြေသည်။ ဟောတိ၊ ၏။ ဝါ၊ ကား။ သစ္စန္တိ အာဒိမှိ၊ ၌။ ဣဒံ၊ ဤဆိုလတ္တံ့သည်ကား။ စောဒနာပုဗ္ဗင်္ဂမံ၊ သော။ အတ္ထဝိဿဇ္ဇနံ၊ တည်း။ — ဒုက္ခာဒီနံ၊ ဒုက္ခသစ္စာအစရှိသည်တို့၏။ အညေပိ၊ တပါးလည်း ဖြစ်ကုန်သော။ ရူပတဏှာဒယော၊ ရူပတဏှာအစရှိကုန်သော။ အတ္ထာ၊ အနက်တို့သည်။ အတ္ထိ-သန္တိ၊ ကုန်၏။ အထ၊ ထိုသို့ရှိကုန်လျက်။ ကသ္မာ၊ ကြောင့်။ စတ္တာရောဝ၊ ပိဋ္ဌနတ္ထ အစရှိကုန်သော လေးပါးသော အနက်တို့ကိုသာလျှင်။ ဝုတ္တာ၊ ဆိုအပ်လေကုန်သနည်း။ ဣတိ၊ သို့။ စေ ပုစ္ဆေယျ၊ အံ့။ အညသစ္စဒဿနဝသေန၊ တပါးသော သစ္စာတို့ကို ပြသည်၏ အစွမ်းအားဖြင့်။ အာဝိဘာဝတော၊ ထင်ရှားဖြစ်သောကြောင့်။ စတ္တာရောဝ၊ တို့ကိုသာလျှင်။ ဝုတ္တာ၊ ကုန်၏။

"တတ္ထ ကတမံ ဒုက္ခေ ဉာဏံ၊ ဒုက္ခံ အာရဗ္ဘ ယာ ဥပ္ပဇ္ဇတိ ပညာ" တိအာဒိနာပိ နယေန၊ ပညာ-ဤသို့စသော နည်းဖြင့်လည်းကောင်း။ ဧကေကသစ္စာ ရမ္မဏဝသေနာပိ၊ တခုတခုသော သစ္စာကို အာရုံပြုသည်၏ အစွမ်းအားဖြင့်လည်းကောင်း။ သစ္စဉာဏံ၊ သစ္စဉာဏ်ကို။ ဝုတ္တံ၊ ၏။ ဘိက္ခဝေ၊ တို့။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ဒုက္ခံ၊ ဒုက္ခသစ္စာကို။ ပဿတိ၊ မြင်၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဒုက္ခသမုဒယမ္ပိ၊ သမုဒယသစ္စာကိုလည်း။ ပဿတိ၊ မြင်၏။ ဣတိ အာဒိနာ၊ ဤသို့ အစရှိသော။ နယေန၊ ဖြင့်။ ဧကံ သစ္စံ၊ တခုသောသစ္စာကို။ အာရမ္မဏံ ကတွာ၊ ၍။ သေသေသု၊ ကြွင်းသောသစ္စာတို့၌။ ကိစ္စနိပ္ဖတ္တိဝသေနာပိ၊ ကိစ္စပြီးသည်၏ အစွမ်းအားဖြင့်လည်း။ ဝုတ္တံ၊ ၏။ တတ္ထ ဝစနေ၊ ထို စကား၌။ ယဒါ၊ ၌။ ဧကေကံ၊ သော။ သစ္စံ၊ ကို။ အာရမ္မဏံ၊ အာရုံကို။

ကရောတိ၊ ၏။ တဒါ၊ ၌။ သမုဒယဒဿနေန၊ သမုဒယသစ္စာကို မြင်သဖြင့်၊ တာဝ၊ ရှေးဦးစွာ။ သဘာဝတော၊ သဘောအားဖြင့်။ ပိဋ္ဌနလက္ခဏာဿပိ၊ ပိဋ္ဌနလက္ခဏာရှိသည်လည်းဖြစ်သော။ ဒုက္ခဿ၊ ဒုက္ခသစ္စာ၏။(သံတံ-၌ စပ်) ယသ္မာ၊ ကြောင့်။ တံအာယူဟနလက္ခဏေန၊ ထိုသို့ ဒုက္ခသစ္စာ၏ အကြောင်းကို အားထုတ်ခြင်းလက္ခဏာရှိသော။ သမုဒယေန၊ သမုဒယသစ္စာဖြင့်။ အာယူဟိတံ၊ သော။ သံတံ၊ သံတအနက်သည်။ ဝါ၊ ပြုပြင်ခြင်းအနက်သည်။ အတ္ထိ၊ ၏။ တသ္မာ၊ ကြောင့်။ အဿ၊ ထိုဒုက္ခသစ္စာ၏။ သော သံတဋ္ဌော၊ ထိုအားထုတ်အပ်သော အနက်သည်။ အာဝိ၊ ထင်စွာ။ ဘဝတိ၊ ၏။ ယသ္မာ ပန၊ ကြောင့်ကား။ မဂ္ဂေါ၊ မဂ်သည်။ ကိလေသသန္တာပဟရော၊ ကိလေသာဖြင့် ပူပန်ခြင်းကို ပယ်တတ်သည်။ သုသီတလော၊ အလွန်းချမ်းသေည်။ ဟောတိ၊ ၏။ တသ္မာ၊ကြောင့်။မဂ္ဂဒဿနေန၊ မဂ္ဂသစ္စာကိုမြင်သဖြင့်။အဿ၊ ထိုသစ္စာ၏။ သန္တာပဋ္ဌော၊ သန္တာပအနက်သည်။ အာဝိ၊ စွာ။ ဘဝတိ၊ ၏။ ကော ဝိယ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ နန္ဒဿ၊နန္ဒမင်းသား၏။ အစ္ဆရာဒဿနေန၊ နတ်သမီးကို မြင်သဖြင့်။ သုန္ဒရိယာ၊ကောင်းသောအဆင်းရှိသော ဇနပဒကလျာဏီမင်းသမီး၏။ အနဘိရူပဘာဝေါ ဝိယ၊ အဆင်းမလှသော အဖြစ်ကဲ့သို့တည်း။ အဝိပရိဏာမဓမ္မဿ၊ မဖောက် မပြန်သော သဘောရှိသော။ နိရောဓဿ ပန၊ နိရောဓသစ္စာကိုကား။ ဒဿနေန၊ ဖြင့်။ တဿ၊ ထိုဒုက္ခသစ္စာ၏။ ဝိပရိဏာမဋ္ဌော၊ သည်။ အာဝိ၊ စွာ။ ဘဝတိ၊ ၏။ ဣတိ ဝတ္တဗ္ဗမေဝ၊ ဤသို့ဆိုဖွယ်သည်လျှင်။ နတ္ထိ၊ မရှိ။ သဘာဝတော၊ အားဖြင့်။ အာယူဟန လက္ခဏဿပိ၊ ရှိသည်လည်းဖြစ်သော။ သမုဒယဿ၊ သမုဒယသစ္စာ၏။ ဒုက္ခဒဿနေန၊ ဖြင့်။ နိဒါနဋ္ဌော၊ နိဒါန်းအနက်သည်။ အာဝိ၊ စွာ။ ဘဝတိ၊ ၏။ ကော ဝိယ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ အသပ္ပါယဘောဇနတော၊ အသပ္ပါယဘောဇဉ် ကြောင့်။ ဥပ္ပန္နဗျာဓိဒဿ နေန၊ ဖြစ်သောအနာကို မြင်သဖြင့်။ ဘောဇနဿ၊ ၏။ ဗျာဓိနိဒါနဘာဝေါ ဝိယ၊ အနာ၏ အကြောင်းဖြစ်သကဲ့သို့တည်း။ ဝိသံယောဂဘူတဿ၊ဝဋ်၌ မယှဉ်ရာဖြစ်သော။ နိရောဓဿ၊ ကို။ ဒဿနေန၊ ဖြင့်။ အဿ၊ ထိုသမုဒယသစ္စာ၏။ သံယောဂဋ္ဌော၊ သည်။ အာဝိ၊စွာ။ ဘဝတိ၊ ၏။ နိယျာနဘူတဿ၊ဝဋ်မှထုတ်ခြင်း၏အကြောင်းဖြစ်သော။ မဂ္ဂဿ စ၊ ကိုလည်း။ ဒဿနေန၊ ဖြင့်။ အဿ၊ ထိုသမုဒယသစ္စာ၏။ ပလိဗောဓဋ္ဌော၊ သည်။ အာဝိ၊ စွာ။ ဘဝတိ၊ ၏။ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။ တထာ၊ ထို ဒုက္ခသစ္စာ သမုဒယသစ္စာ အတူ။ နိဿရဏဿပိ၊ ဝဋ်မှ ထွက်မြောက်ရာမူလည်း ဖြစ်သော။ နိရောဓဿ၊ နိရောဓသစ္စာ၏။ အဝိဝေကဘူတဿ၊ ဖြစ်သော။ သမုဒယဿ၊ ကို။ ဒဿနေန၊ ဖြင့်။ ဝိဝေကဋ္ဌော၊ သည်။ အာဝိ၊ စွာ။ ဘဝတိ၊ ၏။ မဂ္ဂ

ဒဿနေန၊ ဖြင့်။ အသင်္ခတဓမ္မော၊ သည်။ အာဝိ၊ စွာ။ ဘဝတိ၊ ၏။ ဣမိနာ၊ ဤမဂ်ကို မြင်သဖြင့်။ အနမတဂ္ဂေ၊ မသိအပ်သော အစရှိသော။ သံသာရေ၊ ၌။ မဂ္ဂေါ၊ ကို။ န ဒိဋ္ဌပုဗ္ဗော၊ မမြင်စဖူး။ သောပိ စ၊ ထိုမဂ်သည်လည်း။ သပ္ပစ္စယတ္တာ၊ အကြောင်းနှင့်တကွ ဖြစ်သောကြောင့်။ သင်္ခတော ဧဝ၊ သင်္ခတ သည်သာလျှင်တည်း။ ဣတိ-တသ္မာ၊ ကြောင့်။ အပ္ပစ္စယဓမ္မဿ၊ အကြောင်း ကင်းသော သဘောရှိသော နိဗ္ဗာန်၏။ အသင်္ခတဘာဝေါ၊ သည်။ အတိ ဝိယ၊ အလွန်လျှင်။ ပါကဋော၊ သည်။ ဟောတိ၊ ၏။ ဒုက္ခဒဿနေန ပန၊ ဖြင့်ကား။ အဿ၊ ထို နိရောဓသစ္စာ၏။ အမတဓမ္မော၊ သည်။ အာဝိ၊ စွာ။ ဘဝတိ၊ ၏။ ဟိ-သစ္စံ၊ ၏။ ဒုက္ခံ၊ ဒုက္ခသစ္စာသည်။ ဝိသံ၊ မြွေဆိပ်နှင့်တူ၏။ နိဗ္ဗာနံ၊ သည်။ အမတံ။ အမြိုက် ဖြစ်သော နတ်ဆေးနှင့် တူ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။ တထာ၊ ထိုဆိုအပ်ပြီးသည်နှင့်အတူ။ နိယျာနလက္ခဏဿာပိ၊ ဝဋ်မှထုတ်ကြောင်း လက္ခဏာရှိသော။ မဂ္ဂဿ၊ မဂ္ဂသစ္စာ၏။ (ဟေတုဘာဝေါ—၌ စပ်)။ သမုဒယ ဒဿနေန၊ ဖြင့်။ "အယံ၊ ဤ သမုဒယသစ္စာသည်။ ဝါ၊ ဤ တဏှာသည်။ နိဗ္ဗာနဿ၊ သို့။ ပတ္တိယာ၊ ရောက်ခြင်း၏။ န ဟေတု၊ အကြောင်းမဟုတ်။ အယံ၊ ဤမဂ္ဂသစ္စာသည်။ ဝါ၊ မဂ္ဂင်ရှစ်ပါးသည်။ နိဗ္ဗာနဿ၊ သို့။ ပတ္တိယာ၊ ၏။ ဟေတု၊ တည်း"။ ဣတိ၊ သို့။ ဟေတုဘာဝေါ၊ ဟိတ်အနက်သည်။ အာဝိ၊ စွာ။ ဘဝတိ၊ ၏။ နိရောဓဒဿနေန၊ ဖြင့်။ ဒဿနဘာဝေါ၊ သည်။ အာဝိ၊ စွာ။ ဘဝတိ၊ ၏။ ကော ဝိယ၊ မူကား။ ပရမသုခုမရူပါနိ၊ လွန်စွာ သိမ်မွေ့သော ရုပ်တို့ကို။ ပဿတော၊ မြင်သောသူအား။ "မေ၊ ၏။ စက္ခု၊ သည်။ ဝိပ္ပသန္နံ ဝတ၊ ကြည်စွတကား။" ဣတိ၊ သို့။ စက္ခုဿ၊ ၏။ ဝိပ္ပသန္နဘာဝေါ ဝိယ၊ ကဲ့သို့တည်း။ ဒုက္ခဒဿနေန၊ ဖြင့်။ အဓိပတေယျဓမ္မော၊ သည်။ အာဝိ၊ စွာ။ ဘဝတိ၊ ၏။ ကော ဝိယ၊ မူကား။ အနေက ရောဂါတုရ ကပဏဇနဿ၊ များ သော အနာတို့ဖြင့် နာကျင်ဆင်းရဲသော လူအပေါင်းကို။ ဒဿနေန၊ မြင်သဖြင့်။ ဣဿရဇနဿ၊ အစိုးရသော လူအပေါင်း၏။ ဥဠာရဘာဝေါ ဝိယ၊ ပြန့်ပြော သော အဖြစ်ကဲ့သို့တည်း။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။ ဧတ္ထ၊ ဤသစ္စာကို ဝေဖန် ရာ၌။ ဧဝံ၊ သို့။ လက္ခဏဝသေန စ၊ ဖြင့်လည်းကောင်း။ ဧကဿ၊ တခုသော သစ္စာကို မြင်ခြင်း၏။ အညသစ္စဒဿနဝသေန စ၊ ဖြင့်လည်းကောင်း။ ဣတ ရေသံ၊ တခုသော သစ္စာမှ တပါးကုန်သော။ တိဏ္ဏံ တိဏ္ဏံ၊ သုံးပါး သုံးပါးကုန် သော သစ္စာတို့၏။ (၄၃) အာဝိဘာဝတော၊ ကြောင့်။ ဧကေကဿ၊ တခု တခုသော သစ္စာ၏။ စတ္တာရော အတ္ထာ၊ တို့ကို။ ဝုတ္တာ၊ ဆိုအပ်ကုန်၏။ နိက္လေသတော၊ ညစ်ညူးခြင်း မရှိသည်၏ အဖြစ်သည်။ ဥပမိ ဝိဝေကော၊ ဖြစ်၏။

ပဋိပက္ခံ၊ ဆန့်ကျင်ခြင်းကို။ အတ္တယန္တိ၊ တောင့်တကုန်၏။ ဝါ-အလိုရှိကုန်၏။ ဣတိ-တသ္မာ၊ ကြောင့်။ ပစ္စတ္ထိကာ၊ မည်ကုန်၏။ ပဋိဝိရုဒ္ဓါ၊ ဆန့်ကျင်ကုန်သော။ အမိတ္တာ၊ ရန်သူတို့တည်း။ ပစ္စာမိတ္တာ၊ ဆန့်ကျင်ကုန်သော ရန်သူဖြစ်သော ရဟန်း ပုဏ္ဏားတို့။ သစ္စိကတ္ထ ပဝေဒေတီတိ တ္တောဝတာ၊ ဤမျှသော ပါဠိအစဉ်ဖြင့်။ ဘဂဝတော၊ ၏။ သဗ္ဗညုတံ၊ သဗ္ဗညုအဖြစ်ကို။ ဒီပေတိ၊ ပြ၏။ တေန၊ ထိုပါဌ်ဖြင့်။ ဉာဏသမ္ပတ္တိံ၊ ဉာဏ်တော်၏ ပြည့်စုံခြင်းကို။ ဒီပေတ္ဝာ၊ ၍။ ဣဒါနိ၊ ယခုအခါ၌။ ကရုဏာသမ္ပတ္တိံ၊ ကရုဏာတော်၏ ပြည့်စုံခြင်းကို။ ဒီပေတုံ၊ ငှါ။ "သော ဓမ္မံ ဒေသေသီ"တိအာဒိံ၊ ကို။ အာဟ၊ ၏။ အထ ဝါ၊ ကား။ သော၊ ထိုမြတ်စွာဘုရားသည်။ ကိံ၊ အဘယ်ကို။ ပဝေဒေသိ၊ သိစေသနည်း။ ဉာဏံ၊ သိအပ်သော။ သဗ္ဗံ၊ အလုံးစုံသော။ တိလောကဟိတဘူတမေဝ၊ သုံးပါးသောလောက၏ အစီးအပွါးဖြစ်သည်သာလျှင် ဖြစ်သော။ ကံ ဓမ္မဇာတံ၊ ထိုသို့သော တရားအပေါင်းကို။ ပဝေဒေသိ၊ သိစေတော်မူ၏။ သော ဓမ္မံ ဒေသေသီတိ ဣမိနာ၊ ဤပါဠိဖြင့်။ ကီဒိသံ၊ အဘယ်သို့ သဘောရှိသော တရားကို။ ဒေသေသိ၊ နည်း။ "အာဒိကလျာဏ"န္တိအာဒိံ၊ ကို။ ဒေသေသိ၊ ၏။ အနေန ဝစနေန၊ ဤသို့သော ဓမ္မံ ဒေသေသိ-ဟူသော ပါဠိဖြင့်။ ဝတ္တုံ၊ ဟောခြင်းငှါ။ အရဟ ဘာဝံ၊ ထိုက်သည်၏အဖြစ်ကို။ ဒီပေတိ၊ ၏။ သာသနဓမ္မောတိ တ္တော၊ ၌။ ဒြဝါဒပရိယတ္တိ၊ ဒြဝါဒပရိယတ္တိသာသနာတည်း။ ဝါ၊ သုံးမအပ်သော ဒြဝါဒကိုသင်ခြင်းဟူသော ပရိယတ္တိသာသနာတည်း။ ကိစ္စသုဒ္ဓိယာတိ တ္တော၊ ၌။ ကိလေသပ္ပဟာနနိဗ္ဗာနာရမ္မဏကိစ္စသုဒ္ဓိယာ၊ ကိလေသာကို ပယ်ခြင်းကိစ္စ, နိဗ္ဗာန်ကို အာရုံပြုခြင်းကိစ္စ၏ စင်ကြယ်ခြင်းဖြင့်။ ပရိယောသာနကလျာဏော၊ သည်။ အတ္တိ၊ ၏။ သာသနဗြဟ္မစရိယံ နာမ၊ မည်သည်။ သိက္ခတ္တယံ၊ သိက္ခာသုံးပါးအပေါင်းတည်း။ ဝါ၊ ကား။ နဝကောဋ္ဌသဟဿာနီတိအာဒိကံ၊ တည်း။ မဂ္ဂမေဝ၊ မဂ်သည်သာလျှင်။ ဗြဟ္မစရိယံ၊ မြတ်သော အကျင့်တည်း။ မဂ္ဂဗြဟ္မစရိယံ၊ မဂ်သည်လျှင် မြတ်သောအကျင့်။ တဿ၊ ထိုမဂ်တည်းဟူသော မြတ်သော အကျင့်ကို။ ပကာသကံ၊ ပြတတ်သော။ ပိဋကတ္တယံ၊ ပိဋကသုံးပုံသည်။ ဣဓ၊ ဤဝိနယနိဒါန်း၌။ သာတ္ထံ သဗျဉ္ဇနံ နာမ၊ မည်၏။ ဆသု အတ္ထပဒေသု၊ အတ္ထပဒ ခြောက်ပါးတို့တွင်။ သင်္ခေပတော၊ အကျဉ်းအားဖြင့်။ ကာသနံ၊ ပြခြင်းသည်။ သင်္ကာသနံ၊ မည်၏။ အာဒိတော၊ မှ။ ကာသနံ၊ သည်။ ပကာသနံ၊ မည်၏။ ဥဘယမ္ပိ၊ နှစ်ပါးစုံသော သင်္ကာသန ပကာသနကိုလည်း။ ဝိတ္ထာရေတွာ၊ ချဲ၍။ ဒေသနံ၊ ဟောခြင်းသည်။ ဝိဝရဏံ၊ ၏။ ပုန၊ တဖန်။ ဝိဘာဂကရဏံ၊ ဝေဘန်ခြင်းကို ပြု

ခြင်းသည်။ ဝိဘဇန်၊ မည်၏။ သြပမ္မာဒိနာ၊ ဥပမာ ဥပမေယျစသည်ဖြင့်။ ပါကဋကရဏံ၊ သည်။ ဥတ္တာနီကရဏံ၊ မည်၏။ သောတူနံ၊ သင်ကုန်, နာကုန်သော သူတို့၏။ စိတ္တပရိတောသဇနနေန စ၊ စိတ်၏နှစ်သက်ခြင်းကို ဖြစ်စေသဖြင့်လည်းကောင်း။ စိတ္တနိယာမေန စ ၊ စိတ်ကိုမြဲစေသောအားဖြင့်လည်းကောင်း။ ပညာပနံ၊ ပညာပနအတ္ထပဒကို။ ဝေဒိတဗ္ဗံ၊ ၏။ ဗျဉ္ဇနပဒေသု၊ ဗျဉ္ဇနပဒခြောက်ပါးတို့တွင်။ အက္ခရဏတော၊ ပိဋကသုံးပုံသို့ရောက်၍ မကုန်နိုင်သောကြောင့်။ အက္ခရံ၊ အက္ခရာမည်၏။ "ကေက္ခရပဒံ၊ တခုသောအက္ခရာရှိသော ပုဒ်သည်။ အက္ခရံ၊ မည်၏။" ဣတိ၊ သို့။ ကေ၊ တို့သည်။ ဝဒန္တိ၊ ကုန်၏။ ဝိဘတ္တိအန္တံ၊ ဝိဘတ်အဆုံးရှိသော။ ဝစနံ၊ သဒ္ဒါသည်။ ပဒံ၊ ပဒမည်၏။ အတ္ထံ၊ အနက်ကို။ ဗျဉ္ဇယတိ၊ ပြတတ်၏။ ဣတိ–တသ္မာ၊ ကြောင့်။ ဗျဉ္ဇနံ၊ မည်၏။ ဝါကျံ၊ ဝါကျရ၏။ ဝါ၊ သော်ကား။ ပဒသမုဒါယော၊ ပုဒ်အပေါင်းသည်။ ဝါကျံ၊ ဝါကျမည်၏။ ဝိဘာဂပကာသော၊ ဝေဘန်၍ ပြခြင်းသည်။ အာကာရော နာမ၊ အာကာရမည်၏။ ဖုသတိတိ ဖဿောတိအာဒိနိဗ္ဗစနံ၊ ဖဿော–အစရှိသော ဝိဂ္ဂုဟ်သည်။ နိရုတ္တိ၊ မည်၏။ နိရုတ္တိယာ၊ ဝိဂ္ဂုဟ်ဖြင့်။ နိဒ္ဒိဋ္ဌဿ၊ ပြအပ်သော အနက်ကို။ အပဒေသော၊ အကျယ်ညွှန်းခြင်းသည်။ နိဒ္ဒေသော နာမ၊ မည်၏။ ဖုသတိ၊ တွေ့တတ်၏။ ဣတိ–တသ္မာ၊ ကြောင့်။ ဖဿော၊ မည်၏။ သော၊ ထို ဖဿသည်။ သုခဝေဒနီယော၊ သုခဖြင့် ခံစားအပ်သော ဖဿလည်းကောင်း။ ဒုက္ခဝေဒနီယော၊ ဖဿလည်းကောင်း။ အဒုက္ခမသုခဝေဒနီယော၊ ဒုက္ခမဟုတ် သုခမဟုတ်သော ဥပေက္ခာဝေဒနာဖြင့် ခံစားအပ်သော ဖဿလည်းကောင်း။ ဣတိ၊ သို့။ တိဝိဓော၊ သုံးပါးအပြားရှိ၏။ ဧတေသု၊ ထို အတ္ထပဒ ဗျဉ္ဇနပဒတို့၌။ အယံ၊ ဤ ဆိုလတ္တံ့သည်ကား။ ယောဇနာ၊ ယောဇနာခြင်းတည်း။ —အက္ခရေဟိ၊ အက္ခရာတို့ဖြင့်။ သင်္ကာသယတိ၊ အကျဉ်းပြ၏။ ပဒေဟိ၊ တို့ဖြင့်။ ပကာသေတိ၊ အစဉ်ပြတတ်၏။ ဗျဉ္ဇနေဟိ၊ ဝါကျတို့ဖြင့်။ ဝိဝရတိ၊ ဖွင့်၏။ အာကာရေဟိ၊ အကျယ်ပြခြင်းတို့ဖြင့်။ ဝိဘဇတိ၊ ၏။ နိရုတ္တီဟိ၊ ဝိဂ္ဂုဟ်တို့ဖြင့်။ ဥတ္တာနီ၊ ထင်စွာ။ ကရောတိ၊ ပြု၏။ နိဒ္ဒေသေဟိ၊ နိဒ္ဒေသတို့ဖြင့်။ ပညာပေတိ၊ အပြားအားဖြင့် သိစေ၏။ ဝါ၊ ပညတ်၏။ ဝါ၊ တနည်းကား။ အက္ခရေဟိ၊ တို့ဖြင့်။ သင်္ကာသယိတွာ၊ အကျဉ်းပြပြီး၍။ ပဒေဟိ၊ တို့ဖြင့်။ ပကာသေတိ၊ အစဉ်ပြ၏။ ဗျဉ္ဇနေဟိ၊ တို့ဖြင့်။ ဝိဝရိတွာ၊ ၍။ အာကာရေဟိ၊ တို့ဖြင့်။ ဝိဘဇတိ၊ ဝေဘန်၏။ နိရုတ္တီဟိ၊ တို့ဖြင့်။ ဥတ္တာနီကတွာ၊ ထင်စွာပြု၍။ နိဒ္ဒေ

---

၁။ စိတ္တနိသာနေနစ (ဆဋ္ဌ) ၂။ ပကာသယတိ (ဆဋ္ဌ)

သေဟိ၊ တို့ဖြင့်။ ပညာပေတိ၊ ပညတ်၏။ ဝါ၊ ကား။ ဉဿဒ္ဓိတညုံ၊ ဉဿဒ္ဓိတညုပုဂ္ဂိုလ်ကို။ အက္ခရေဟိ၊ တို့ဖြင့်။ ဉဂ္ဃါဋေတွာ၊ လှစ်ဖွင့်၍။ ပဒေဟိ၊ တို့ဖြင့်။ ဝိနေတိ၊ ၏။ ဝိပဉ္စိတညုံ၊ ဝိပဉ္စိတညုပုဂ္ဂိုလ်ကို။ ဗျဉ္ဇနေဟိ၊ တို့ဖြင့်။ ဝိဘဇိတွာ၊ ဝေဘန်ခွဲခြမ်း၍။ အာကာရေဟိ၊ တို့ဖြင့်။ ဝိနေတိ၊ ၏။ နေယျံ၊ နေယျပုဂ္ဂိုလ်ကို။ နိရုတ္တိဟိ၊ တို့ဖြင့်။ နေတွာ၊ ဆောင်၍။ နိဒ္ဒေသေဟိ၊ တို့ဖြင့်။ ဝိနေတိ၊ ဆုံးမ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။ အတ္ထောတိ၊ သည်ကား။ ဘာသိတတ္ထော၊ ဟောအပ်သော ပါဠိအနက်တည်း။ တဿေဝ အတ္ထဿ၊ ထိုအနက်၏လျှင်။ ပဋိဝိဇ္ဈိတဗ္ဗော၊ သိအပ်သော။ သဘော သဘော ဝါ၊ မိမိ မိမိဥစ္စာမူလည်း ဖြစ်သော။ ဘာဝေါ၊ သဘောသည်။ ဝါ၊ အဖြစ်သည်။ ပဋိဝေဓော နာမ၊ မည်၏။ တံ ဉဘယမ္ပိ၊ ထို ဘာသိတတ္ထ ပဋိဝေဓနှစ်ပါးသည်။ အတ္ထော နာမ၊ မည်၏။ တေန၊ ထို့ကြောင့်။ "အတ္ထဂမ္ဘီရတာပဋိဝေဓဂမ္ဘီရတာဟိ သာတ္ထ"န္တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ဓမ္မောတိ ဝါ၊ ဓမ္မဟူသည်လည်းကောင်း။ ဒေသနာတိ ဝါ၊ ဒေသနာဟူသည်လည်းကောင်း။ ဗျဉ္ဇနမေဝ၊ သဒ္ဒါသည်သာလျှင်တည်း။ နိဒ္ဒေါသဘာဝေန၊ အပြစ်မရှိသည်၏ အဖြစ်ဖြင့်။ ပရိသုဒ္ဓံ၊ စင်ကြယ်သော။ သာသနဗြဟ္မစရိယဉ္စ၊ သိက္ခာသုံးပါးဟု ဆိုအပ်သော သာသနဗြဟ္မစရိယသည်လည်းကောင်း။ (၄၄)သိက္ခတ္တယပရိဂ္ဂဟိတော၊ သော။ မဂ္ဂေါ စ၊ မဂ်သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဉဘယမ္ပိ၊ သာသနဗြဟ္မစရိယ, မဂ္ဂ ဗြဟ္မစရိယနှစ်ပါးကိုလည်း။ ဗြဟ္မစရိယပဒေန၊ ဖြင့်။ သင်္ဂဟိတံ၊ သင်္ဂြိုဟ်အပ်၏။ ပဋိပတ္တိယာတိ၊ သည်ကား။ ပဋိပတ္တိဟေတု၊ ပဋိပတ်ဟူသော အကြောင်းကြောင့်။ အာဂမဗျတ္တိတောတိ၊ သည်ကား။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ အဓိယမာနာနိ၊ သင်အံ သရဇ္ဈာယ်ကုန်သည် ရှိသော်။ ခန္ဓာဒယော၊ တို့သည်။ ပါကဋာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဒုရုတ္တာသတ္ထာနိ၊ မကောင်းသဖြင့် ဟောအပ်သော ကျမ်းတို့သည်။ အဓိယမာနာနိ၊ အဖန်တလဲလဲ သင်အံ သရဇ္ဈာယ်ကုန်သည်ရှိသော်။ သမ္မောဟမေဝ၊ တွေဝေခြင်းသို့သာလျှင်။ အာဝဟန္တိ၊ ဆောင်တတ်ကုန်၏။

၂-၃။ ကတ္ထ ၁မနိယံ၊ ကတ္ထ ၁မနိယာ-ဟူသည်ကား။ သိတုဏှာဒိ၊ သိတ ဉဏှအစရှိသည်တည်း။ ဝါ၊ သိတုဏှာဒိ၊ အေး အပူ အစရှိသည်သည်။ ကတ္ထ ၁မနိယံ၊ မည်၏။ ကတ္ထ ယာပနိယံ၊ ဟူသည်ကား။ ယထာလဒ္ဓေဟိ၊ အကြွင်းအကြွင်းသို့ ရအပ်ကုန်သော။ ဇီဝိတသာဝနေဟိ၊ အသက်ရှည်ခြင်းကို ပြီးစေ

---

၁။ ဇိစရိတ္တာ (အဋ္ဌ)

တတ်ကုန်သော ဝတ္တုတို့ဖြင့်။ ဇီဝိတံ၊ အသက်ရှည်ခြင်းတည်း။ ဝ.ါ၊ ဇီဝိတံ၊ သည်။ ကစ္စိ ယာပနီယံ၊ မည်၏။

[ခမနီယံ,ယာပနီယံတို့၏အထူးကို ပြသောအားဖြင့်ဖြစ်၍ နာမသတ် သမ္ဗန်လိုက်သည်]။

အပ္ပါဗာဓန္တိ၊ သည်ကား။ အပ္ပေါပသဂ္ဂံ၊ နည်းသော ဘေးရန်ရှိပါ၏လော။ အပ္ပါတင်္ကန္တိ၊ သည်ကား။ အပ္ပရောဂံ၊ ကင်းသော အနာရှိပါ၏လော။ ကစ္စိ၊ အသို့နည်း။ သရီရကိစ္စေ၊ ကိုယ်ဖြင့်ပြုအပ်သော ကိစ္စသည်။ သတိ၊ သော်။ လဟုဋ္ဌာနံ၊ လျင်စွာ ထကြွနိုင်ပါ၏လော။ ကစ္စိ၊ နည်း။ သမဏကိစ္စေ၊ ရဟန်းတရားကို ပြုအပ်သော ကိစ္စသည်။ သတိ၊ သော်။ ဗလံ၊ အားရှိပါ၏လော။ ကစ္စိ၊ အသို့နည်း။ ဖာသုဝိဟာရော၊ ချမ်းသာစွာ နေရပါ၏လော။ ယထာဝုတ္တနယေန၊ ဖြင့်။ အပ္ပါဗာဓတာယ ဝ.ါ၊ ဘေးရန် မရှိသည်၏ အဖြစ်ဖြင့်လည်း ကောင်း။ အနုက္ကဏ္ဌနာဒိဝသေန ဝ.ါ၊ ဆန့်ကျင်သော အမှုရှိခြင်းအစရှိသည်၏ အစွမ်းအားဖြင့်လည်းကောင်း။ သတ္တသဋ္ဌိတော၊ ခြောက်ဆယ့်ခုနစ်နှစ်မှ။ ပဋ္ဌာယ၊ စ၍။ ပစ္ဆိမဝယော၊ ပစ္ဆိမဝယဖြစ်၏။

[ဤတွင် ပစ္ဆိမဝယော နာမ ဝဿသတဿ ပစ္ဆိမော တတိယဘာဂေါ-ဆိုသောကြောင့် တတိယအဖို့သို့ ခြောက်ဆယ့်ခြောက်နှစ်ခြောက်လ ကြူးမှ ရောက်သည်ဖြစ်၍ သတ္တသဋ္ဌိတော ပဋ္ဌာယ—ဆိုတော်မူ၏]။

ဥတ္တရာမုခေါ၊ မြောက်သို့ မျက်နှာပြုသည်။ ဣတိ၊ သို့၊ ဝုတ္တံ၊ သည်။ ဟောတိ၊ ၏။(ဥတ္တရာဘိမုခေါ—အဋ္ဌကထာပါဌ် ရှိ၏)။ လောကဝိဝရဏော၊ လောကဝိဝရဏတန်ခိုးသည်။ ဇာတော၊ ဖြစ်သော်။ ဣမေ၊ ဤလောကဓာတ်၌။ ကိံ၊ အဘယ်ကို။ ဩလောကေသိ၊ ကြည့်တော်မူသနည်း။ ဧတ္ထ၊ ဤလောကဓာတ်၌။ တယာ၊ သင်မင်းသားနှင့်။ သဒိသောပိ၊ တူသော သူသည်လည်း။ နတ္ထိ၊ မရှိ။ ဣတိ၊ ထိုကြောင့်။ "တွံ၊ သင်မင်းသားသည်။ သဒေဝကဿ၊ နတ်နှင့်တကွသော။ လောကဿ၊ လောကထက်။ အဂ္ဂေါ၊ မြတ်သည်။ အသိ၊ ဖြစ်၏။" ဣတိအာဒိ၊ ဤသို့အစရှိသောအရာကို။ အာဟ၊ ဆို၏။ အာသဘိံ ဥတ္တမံ၊ မြတ်သော။ ဝါ စံ၊ ကို။

[အာသဘိ—သည် အမြတ်ဟောဟု ဖွင့်သည်။ ဥသဘဿ ဘာဝေါ, အာသဘံ။ သဒ္ဒါဝိဂ္ဂြိုဟ်]။

ဥပပတ္တိဝသေန၊ ဥပပတ်ပဋိသန္ဓေနေသည်၏ အစွမ်းအားဖြင့်။ ပဝတ္တာ၊ ကုန်သော။ ဒေဝါ၊ နတ်တို့သည်။ ရူပါနံ၊ ရူပါရုံတို့ကို။ ပရိဘောဂဝသေန ဝါ၊ သုံးဆောင်သည်၏ အစွမ်းအားဖြင့်လည်းကောင်း။ ပတ္ထနာဝသေန ဝါ၊ တောင့်တသည်၏ အစွမ်းအားဖြင့်လည်းကောင်း။ ဥပ္ပန္နာ၊ ကုန်သော။ ရာဂသမ္ပယုတ္တာ၊ ရာဂနှင့်ယှဉ်ကုန်သော။ သောမနဿဝေဒနာနုရူပတော၊ သောမနဿဝေဒနာအား လျော်သဖြင့်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ ဟဒယတပ္ပနတော၊ နှလုံးကို နှစ်သက်စေတတ်သောကြောင့်။ အမ္ဗရသာဒယော ဝိယ၊ သရက်သီး အရသာ စသည်တို့ကဲ့သို့။ "ရူပရသာ"တိ၊ ဟူ၍။ ဝုစ္စန္တိ၊ ကုန်၏။ တထာ ဂတဿ ပဟီနာတိ ဣဒံ၊ ကို။ အဓိကာရဝသေန၊ လိုက်သည်၏ အစွမ်းအားဖြင့်။ ဝါ၊ အရာ၏ အစွမ်းအားဖြင့်။ အာဟ၊ ၏။ ဟိ — သစ္စံ၊ ၏။ တထာ ဂတဿ ပိ၊ မြတ်စွာဘုရားသည်လည်းကောင်း။ ကဿစိ ပိ၊ အမှတ်မရှိ ပယ်တတ်သော သူသည်လည်းကောင်း။ တေ၊ ထိုရူပ ရသတို့ကို။ ပဟီနာ၊ ပယ်အပ်ကုန်ပြီ။ ဣတိ-တသ္မာ၊ ကြောင့်။ မတ္ထကစ္ဆိန္နတာလော ဝိယ၊ လည်သီး ပြတ်သော ထန်းပင်ကဲ့သို့။ ကတာ၊ ပြုအပ်ကုန်၏။

[နောက်ဆိုလတ္တံ့သော စကားကို ထောက်သော် မတ္ထကစ္ဆိန္န-သဒ္ဒါ သည် အညွှာက်ကို ဟောသင့်၏၊ ဆင်ခြင်ပါ] ။

ကထံ ကတာ၊ ဟူမူကား။ ရူပရသာတိ ဝစနေန၊ ရူပရသ-သဒ္ဒါဖြင့်။ ဝိပါက ဓမ္မ ဓမ္မာ၊ ဝိပါက ဓမ္မဓမ္မတို့ကို။ ဂဟိတာ၊ ယူအပ်ကုန်၏။ တေ၊ ထို ဝိပါက ဓမ္မ ဓမ္မတို့သည်။ ဝိဇ္ဇမာနာပိ၊ ရှိကုန်သော်လည်း။ မတ္ထကသဒိသာနံ၊ ထန်း ညွှာက်နှင့် တူကုန်သော။ တဏှာဝိဇ္ဇာနံ၊ တဏှာ အဝိဇ္ဇာတို့ကို။ မဂ္ဂသတ္ထေန၊ အရဟတ္တမဂ်တည်းဟူသော ဓားဖြင့်။ ဆိန္နတ္တာ၊ ဖြတ်အပ်သည်၏ အဖြစ်ကြောင့်။ အာယတိံ၊ ၌။ တာလပန္တိသဒိသေ၊ ထန်းပင်အစဉ်နှင့် တူကုန်သော။ ဝိပါကက္ခန္ဓေ၊ ဝိပါက်ခန္ဓာအစဉ်တို့ကို။ နိဗ္ဗတ္တေတုံ၊ ဖြစ်စေခြင်းငှါ။ အသမတ္ထာ၊ မစွမ်းနိုင်ကုန်သည်။ ဇာတာ၊ ကုန်၏။ တသ္မာ၊ ကြောင့်။ တာလာ ဝတ္ထု ဝိယ၊ ထန်းပင်ရာကိုကဲ့သို့။ ကတာ၊ ကုန်၏။ "ကုသလ သောမနဿာပိ၊ ကုသိုလ် သောမနဿ ဝေဒနာတို့ကိုလည်း။ တွေ၊ ဤ ရူပရသပုဒ်၌။ သင်္ဂဟိတာ၊ သင်္ဂြိုဟ်အပ်ကုန်၏"။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ ပဌမမဂ္ဂေန၊ သော တာပတ္တိမဂ်ဖြင့်။ ပဟီနာ၊ ပယ်အပ်ကုန်သော ရူပရသတို့သည်။ ကမ္မပထ ဌာနိယာ၊ ကမ္မပထအရာ၌ တည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဝါ၊ ကမ္မပထ ဌာနိယာ၊ ကမ္မပထအရာ၌ တည်ကုန်သော ရူပရသတို့ကို။ ပဟီနာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဒုတိယေန၊ သကဒါဂါမိ မဂ်ဖြင့်။ ဥဠာရိကမူလာ၊ ဖြတ်

အပ်သော တဏှာဟူသော မူလရှိကုန်သော ရူပရသတို့သည်။ သြဠာရိကာ၊ ရုန့်ရင်းကုန်သည်။ ဟောန္တိ၊ကုန်၏။ ဝါ၊ ကား။ ဒုတိယေန၊ ဖြင့်။ သြဠာရိကာ၊ သြဠာရိက ဖြစ်ကုန်သော ရူပရသတို့သည်။ ဥစ္ဆိန္နမူလာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။တတိယေန၊အနာဂါမိမဂ်ဖြင့်။ကာမရာဂဋ္ဌာနိယာ၊ကုန်သောရူပရသတို့ သည်။ တာလာဝတ္ထုကတာ၊ ထန်းပင်ငုတ်ကိုကဲ့သို့ ပြုအပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ စတုတ္ထေန၊ အရဟတ္တမဂ်ဖြင့်။ ရူပရာဂါရူပရာဂဋ္ဌာနိယာ၊ ရူပရာဂ, အရူပရာဂ၌ တည်ကုန်သော ရူပရသတို့သည်။ အနဘာဝံကတာ[၁]၊ တဖန် မဖြစ် ခြင်းသို့ ရောက်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ အပရိဟာနဓမ္မတံ၊ မယုတ်သော တရားရှိသည်၏အဖြစ်ကို။ ဒီပေန္တော၊ ပြတော်မူသော မြတ်စွာဘုရားသည်။ "အာယတိံ အနုပ္ပါဒဓမ္မာ"တိ၊ ဟူ၍။ အာဟ၊ ၏။ ဝါ၊ ကား။ တဒင်္ဂပ္ပ ဟာနေန၊ ဖြင့်။ ပဟီနာ၊ ပယ်အပ်ကုန်သော ရူပရသတို့သည်။ ဝိပဿနာက္ခဏေ ဝါ၊ ဝိပဿနာခဏ၌ မူလည်းကောင်း။ ဈာနဿ၊ ဈာန်၏။ ပုဗ္ဗဘာဂက္ခဏေ ဝါ၊ ရှေ့အဖို့ခဏ၌ မူလည်းကောင်း။ ဟောန္တိ၊ ကုန်၏။ ဝိက္ခမ္ဘနပ္ပဟာနေန၊ ဝိက္ခမ္ဘနပဟာန်ဖြင့်။ ဥစ္ဆိန္နမူလာ၊ ဖြတ်အပ်သော အမြစ်ရှိကုန်သော ရူပရသတို့ သည်။ ဈာနက္ခဏေ၊ ဈာန်ခဏ၌။ ဟောန္တိ၊ ကုန်၏။ ဟိ—သစ္စံ၊ ၏။ "ဝိ ဝိစ္စေဝ ကာမေဟီ"တိ၊ ဟူ၍။ဝုတ္တံ၊ ၏။ သမုစ္ဆေဒပ္ပဟာနေန၊ ဖြင့်။ တာလာ ဝတ္ထုကတာ၊ ထန်းပင်ငုတ်ကိုကဲ့သို့ ပြုအပ်ကုန်သော ရူပရသတို့သည်။ တတိယ ဝိဇ္ဇာဓိဂမက္ခဏေ၊တတိယဝိဇ္ဇာကို ရသောအခါ၌။ဟောန္တိ၊ကုန်၏။ဣတ္ထမ္ဘူတာ၊ ဤသို့ ဖြစ်၍ဖြစ်ကုန်သော။ တေ ရူပရသာဒယော ပန၊ ထိုရူပရသ အစရှိသည် တို့သည်ကား။ အနဘာဝံကတာ၊ တဖန်မဖြစ်ခြင်းကိုပြုအပ်ကုန်ပြီ။ အာယတိံ၊ နောင်အခါ၌။ အနုပ္ပါဒဓမ္မာ၊ တဖန်မဖြစ်ခြင်းသဘောရှိကုန်၏။ ဣတိ ဣဒံ ပဒဒွယံ၊ ဤပုဒ်နှစ်ခုသည်။ ကေမေဝ အတ္ထပဒံ၊ တခုသော အနက်ရှိသော ပုဒ်တည်း။ ဝါ၊ တူသော အနက်ရှိသော ပုဒ်တည်း။

[ဤကား မဂ်ဉာဏ်လေးပါးနှင့် ပဟီနာ ဥစ္ဆိန္နမူလာ တာလာဝတ္ထု ကတာ အနဘာဝံကတာ၊ ပုဒ်လေးခုတို့ကိုဟပ်၍ ယူအပ်သည်ကို ပြသည် တွင် အာယတိံ အနုပ္ပါဒဓမ္မာ-မပါသေးရကား အသီးခွဲ၍ပြတော်မူ၏။

ပဟာန်သုံးပါးဖြင့် ယူရာ၌ အနဘာဝံကတာ အာယတိံ အနုပ္ပါဒ ဓမ္မာတို့ကို အသီးမပြသော်လည်း တတိယဝိဇ္ဇာကို ရသောအခါ၌ ဝင် ပြီး ဖြစ်သောကြောင့် ဣတ္ထမ္ဘူတာ-စသည်မိန့်သည်—ဟူလေ]။

၁။ ကတာ (ဆဋ္ဌ)

ဝါ၊ကား။ အဘိနိဗ္ဗိဒါယ၊ကိလေသာတို့ကို ဖောက်ခွဲတတ်သော။ပဌမာယ၊ ပဌမဝိဇ္ဇာဖြင့်။ ရူပရသာဒယော၊ တို့ကို။ ပဟီနာ၊ ကုန်ပြီ။ ဒုတိယာယ၊ ဒုတိယဝိဇ္ဇာဖြင့်။ ဥစ္ဆိန္နမူလာ၊ ဖြတ်အပ်သော တဏှာဟူသော အမြစ်ရှိကုန်ပြီ။ တတိယာယ၊ တတိယဝိဇ္ဇာဖြင့်။ တာလာဝတ္ထုကတာ၊ ကုန်ပြီ။ ဣတ္ထမ္ဘူတာ၊ ဤသို့ ဆိုအပ်သည့်အတိုင်းဖြစ်ကုန်သော ရူပရသ စသည်တို့သည်။ ယသ္မာ၊ ကြောင့်။ အနဘာဝံကတာ နာမ၊ မည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တသ္မာ၊ ကြောင့်။ အာယတိံ အနုပ္ပါဒဓမ္မာတိ၊ဟူ၍။ ဝေဒိတဗ္ဗာ၊ကုန်၏။ (အနဘာဝံ ကတာ-အနဘာဝံဂတာ-ဟု ပါဌ်နှစ်ထွေရှိ၏)။ အထ ဝါ၊ကား။ဒုက္ခဉာဏေန၊ ဒုက္ခသစ္စာကို သိသောဉာဏ်ဖြင့်။ ပဟီနာ၊ပဟီနာဖြစ်ကုန်၏။ သမုဒယဉာဏေန၊ ဖြင့်။ (၄၅) ဥစ္ဆိန္နမူလာ၊ ဖြစ်ကုန်၏။ နိရောဓဉာဏေန၊ ဖြင့်။ တာလာဝတ္ထု ကတာ၊ ဖြစ်ကုန်၏။ မဂ္ဂဉာဏေန၊ မဂ္ဂသစ္စာကို သိသောဉာဏ်ဖြင့်။ အနဘာဝံ ကတာ၊ ဖြစ်ကုန်၏။ ပစ္စဝေက္ခဏာဉာဏေန၊ ပစ္စဝေက္ခဏာဉာဏ်တော်ဖြင့်။ အာယတိံ အနုပ္ပါဒဓမ္မာ၊ အာယတိံ အနုပ္ပါဒဓမ္မဖြစ်ကုန်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ဝါ၊ ကား။ လောကိယမဂ္ဂေန၊ လောကိယဖြစ်သော မဂ်ဖြင့်၊ ပဟီနာ၊ ပဟီန ဖြစ်ကုန်၏။ ဝါ၊ ပယ်အပ်ကုန်၏။ ဒဿန မဂ္ဂေန၊ သောတာပတ္တိမဂ်ဖြင့်။ဥစ္ဆိန္နမူလာ၊ ကုန်၏။ ဝါ၊ ဖြတ်အပ်သောတဏှာဟူသော အမြစ်ရှိကုန်၏။ တိဝိဓေန၊ သုံးပါးအပြားရှိသော။ ဘာဝနာမဂ္ဂေန၊ အထက် မဂ်သုံးပါးဖြင့်။ တာလာဝတ္ထုကတာတိအာဒိ၊ သည်။ ယောဇေတိ၊ ၏။ ဗြာဟ္မဏဿ၊ ဝေရဉ္ဇပုဏ္ဏားအား။ အဝိသယတ္တာ၊ အရာမဟုတ်သောကြောင့်။ ဓမ္မရသာ၊ ဓမ္မရသတို့ကို။ န ဥဒ္ဓဋာ၊ မထုတ်အပ်ကုန်။

၁၁။ ဓမ္မဓာတုန္တိ ဧတ္ထ၊ ၌။ သဗ္ဗညုတဉာဏံ၊ သည်။ ဓမ္မဓာတု နာမ၊ ဓမ္မဓာတ်မည်၏။ အနုကမ္ပဝစနာနုရူပံ၊ ပုဏ္ဏားအား အစဉ်သနားတော်မူ၏—ဟူသော စကားအားလျော်စွာ။ "ပုဏ္ဏစန္ဒော ဝိယာ" တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ "သုပ္ပဋိဝိဒ္ဓတ္တာ" တိ ဝစနံ၊ သည်။ အရိယဝစနံ[၁]၊ မြတ်သောစကားတည်း။ ဝါ၊ အရိယာတို့၏ ဥစ္စာဖြစ်သော စကားတည်း။ပဌဝီသမစိတ္တတာယ၊မြေကြီး နှင့်တူသော စိတ်ရှိသောအဖြစ်၏။ ကာရဏံ၊ အကြောင်းကို။ "ကမ္မကာဝိပ္ပါရ" န္တိ၊ ဟူ၍။ ဝဒန္တို၊ ကုန်၏။ ဟိ—ယုတ္တံ၊ ဆိုသင့်စွ။ အမှာနေ့၊ ကိုယ် တော်၏။ ဂုဏေ၊ ကျေးဇူးကို။ ပဋိစ္ဆာဒေတဗ္ဗေ၊ ဖုံးလွှမ်းအပ်ကျပ်လည်း။ "အာရဒ္ဓ ခေါ ပန မေ ဝီရိယ" န္တိအာဒိနာ၊ အစရှိသည်ဖြင့်။ ဟောသော နိ္တော၊

---

၁။ သူရိယဝစနံ (သဋ္ဌ)။

ပြတော်မူသောကြောင့်။ အတ္တနော၊ ၏။ ကရုဏာဝိပ္ဖါရံ၊ ကရုဏာတော်ပြန့်ခြင်းကို။ ပကာသေတိ၊ ၏။ ဣတိ၊ သို့။ ဂဟေတဗ္ဗော၊ ၏။ ဝရဘူရိမေဓသော၊ မြတ်သော ပြန့်ကျယ်သောဉာဏ်ရှိတော်မူသော။ ဝရပုထုလဉာဏော၊ မြတ်သော ပြန့်ကျယ်သော ဉာဏ်ရှိတော်မူသော မြတ်စွာဘုရားသည်။

[ဝရဘူရိမေဓသော—ကို ဝရပုထုလဉာဏော—ဟု ဝုတ္တိနည်း ဖွင့်တော်မူသည်]။

ဝါ၊ ကား။ ဘူရိတိ၊ သည်ကား။ ဘူမိ၊ မြေတည်း။ ဘူမိ ဝိယ၊ မြေကဲ့သို့။ ပတ္ထဋ္ဌဝရပညော၊ ပြန့်ကျယ်သော မြတ်သော ပညာရှိတော်မူသော မြတ်စွာဘုရားသည်။ ဣတိ အတ္ထော၊ တည်း။ ဧတ္ထ၊ ဤဗောဓိပင်၌။ အဗုဇ္ဈိ၊ သိတော်မူပြီ။ ဣတိပိ၊ ဤသို့သော သတ္တိကြောင့်လည်း။ အဓိကရဏေန၊ အဓိကရဏသာဓနဖြင့်။ လက္ခိတော၊ မှတ်အပ်သော။ ရုက္ခော၊ သစ်ပင်သည်။ ဗောဓိ၊ ဗောဓိမည်၏။ ဝါ၊ ကား။ သယံ၊ ကိုယ်တော်အလိုလို။ ဗုဇ္ဈတိ၊ သိတော်မူတတ်၏။ ဝါ၊ ကား။ ဧတေန၊ ဤမဂ်ဉာဏ်ဖြင့်။ တံသမင်္ဂိနော၊ ထိုမဂ်ဉာဏ်နှင့် ပြည့်စုံသော သူတို့သည်။ ဗုဇ္ဈန္တိ၊ သိတတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ သိကြောင်းဖြစ်သော သတ္တိကြောင့်။ မဂ္ဂေါ၊ သည်။ ဗောဓိ၊ မည်၏။ ဧဝံ၊ ဤအတူ။ သဗ္ဗညုတဉာဏမ္ပိ၊ သဗ္ဗညုတ ဉာဏ်တော်သည်လည်း။ ဗောဓိ၊ ဗောဓိမည်၏။ ဗုဇ္ဈိယတိ[၁]၊ သိလတ္တံ့။ ဣတိ—တသ္မာ၊ ကြောင့်။ နိဗ္ဗာနံ၊ သည်။ ဗောဓိ၊ မည်၏။ တိဿန္နံ ဝိဇ္ဇာနံ၊ သုံးပါးကုန်သော ဝိဇ္ဇာတို့၏။ ဥပနိဿယဝတော၊ ဥပနိဿယ အကြောင်းရှိသည်၏ အဖြစ်ကြောင့်။ ယထာသမ္ဘဝံ၊ ဖြစ်သင့်သည်အား လျော်စွာ။ တိဿော ဝိဇ္ဇာ၊ တို့ကို။ ဝေဒိတဗ္ဗာ၊ ကုန်၏။ ကေဝလတာဝသေန၊ ကေဝလတာ၏အစွမ်းအားဖြင့်။ တိက္ခဘာဝေါ၊ ထက်သောအဖြစ်ကို။ ဝေဒိတဗ္ဗော၊ ၏။ တိက္ခော ပိ၊ သော်လည်း။ ခေဋော၊ အချွံသော။ သရော၊ မြားသည်။ လက္ခံ၊ မှတ်တိုင်သို့။ ပတ္တော၊ ၍။ ကုဏ္ဌော၊ တုံးသည်။ ဟောတိ၊ ၏။ တထာ၊ ထိုအတူ။ ဣဒံ၊ ဤဝိပဿနာဉာဏ်သည်။ န ဟောတိ၊ မဖြစ်။ အဿ၊ ထို ဝိပဿနာဉာဏ်၏။ သတိန္ဒြိယဝသေန၊ ဖြင့်။ ခရဘာဝေါ၊ ခက်မာသောအဖြစ်ကို။ ဝေဒိတဗ္ဗော၊ ၏။ သဒ္ဓိန္ဒြိယဝသေန၊ ဖြင့်။ ဝိပ္ပသန္နဘာဝေါ၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ အန္တရာ၊ အကြား၌။ အနောသက္ကိတွာ၊ မဆုတ်မနစ်မူ၍။ ကိလေသပစ္စတ္ထိကာနံ၊ ကိလေသာဟူသော ရန်သူတို့ကို။ သဋ္ဌု၊ ကောင်းစွာ။ အဘိဘဝနတော၊ နှိပ်နင်းတတ်သောကြောင့်။ ဝီရိယိန္ဒြိယဝသေန၊ ဖြင့်။ သူရ

၁။ ဗုဇ္ဈိယတိ (ဆဋ္ဌ)

ဘာဝေါ စ၊ ကိုလည်း။ ဝေဒိတဗ္ဗော၊ ၏။ (ဝိပဿနာဉာဏသာ တိက္ခရ ဝိပ္ပသန္နသူရဘာဝေါ–ပါဠိ၌ အထူးကို ဋီကာနွင့် ဟပ်၍ပြသည်)။ သခ်ါရုပေက္ခာနန္တရံ၊ သခ်ါရုပေက္ခာ၏ အခြားမဲ့၌။ အနုလောမတ္တာ၊ ဖြစ်ခြင်းငှါ လျော်သည်၏ အဖြစ်ကြောင့်။ မဂ္ဂဝိဇာယနတ္ထံ၊ မဂ်၏ဖွားခြင်းငှါ။ ဂဗ္ဘဂ္ဂဟဏကာလော၊ ကို။ ဂဟိတော၊ ယူအပ်၏။

ဆန္ဒောတိ စ၊ ဟူ၍လည်းကောင်း။ သက်ပွေါဟိ စ၊ ဟူ၍လည်းကောင်း။ အဝတ္ထန္တရဘေဒဘိန္နော၊ အခိုက်အတန့် အထူးဖြင့် ပြားသော။ ရာဂေါ၊ ရာဂသည်သာလျှင်တည်း။ ကိံသု ဝိယ၊ တို့၌ကဲ့သို့နည်းဟူမူကား။–

“ရတ္တဟဒယော၊ တပ်သော နှလုံးရှိသော ယောကျ်ားသည်။ သ္နေဟာ၊ ချစ်သောအားဖြင့်။ ဣတ္ထျင်္ဂံ ဣတ္ထီအင်္ဂံ၊ မိန်းမ၏ ကိုယ်သို့။ ဥပေတိ၊ ကပ်၏။ ရာဂေန၊ ရာဂဖြင့်။ သမ္မဂတော၊ ပေါင်းယှက်လိုခြင်းသည်။ သတိ၊ သော်။ ရတ္တကာမံ၊ တပ်သော ကာမရာဂ ရှိသည်၏ အဖြစ်သို့။ ဥပေတိ၊ ကပ်၏။ လောကဿ၊ လူယောကျ်ားနှင့်။ မိဿာ၊ ရောသော၊ မတိံ၊ မိန်းမသည်။ ကာမပတိတံ၊ ကာမသို့ လိုက်ခြင်းသို့။ ဥပေတိ၊ ရောက်၏”။–

ဣတိအာဒိသု ဝိယ၊ တို့၌ကဲ့သို့တည်း။–ဝိဘင်္ဂေယေ၀ ကိဥ္စာပိ အတ္တော ဝုတ္တောတိ ဓတ္တေ၊ ဤ အဋ္ဌကထာပါဠိ၌။ အယံ၊ ဤ ဆိုလတ္တံ့သည်ကား။ အဓိပ္ပါယော၊ တည်း။–ဝိဘင်္ဂပါဠိ၊ ဝိဘင်းပါဠိကို။ အာနေတွာ၊ ဆောင်၍။ ဣမေ၊ ဤ ဝိဝိစ္စေဝ ကာမေဟိ–ဟူသော ဝိနည်းပါဠိတော်၌။ ဝုတ္တောပိ၊ အကျယ်ဆိုသော်လည်း။ သဗ္ဗေသံ၊ ခပ်သိမ်းသော ရဟန်းတို့အား။ ဥပကာရာယ၊ ကျေးဇူးပြုခြင်းငှါ။ န ဟောတိ၊ မဖြစ်။ တသ္မာ၊ ထိုကြောင့်။ တံ၊ ထိုပါဠိအဖွင့် ဈာန်စကားကို။ အဋ္ဌကထာနယေနေဝ၊ ဖြင့်သာလျှင်။ ပကာသယိဿာမိ၊ ပြပေအံ့။ ဣတိ–အဓိပ္ပါယော၊ တည်း။ (ပြန်)။ ဣတောတိ၊ ဟူသည်ကား။ ကာမေဟိ၊ တို့မှ။(အညေဟိပိ–၌ စပ်)။ (၄၆)ကာယာဝိဝေကာဒိဘု၊ တို့တွင်။ ဥပဓိဝိဝေကော၊ သည်။ တတိယော၊ သုံးခုမြောက်တည်း။ ယသ္မာ၊ ထိုကြောင့်။ ပါတိယံ၊ သုံးခုမြောက်ဖြစ်သော ဥပဓိဝိဝေကကို။ ဆဍ္ဍေတွာ၊ စွန့်၍။ ဒွေ၊ နှစ်ပါးကုန်သော ကာယဝိဝေက စိတ္တဝိဝေကတို့ကို။ ဂဟေတွာ၊ ၍။ တဒင်္ဂါဒိသု၊ တဒင်္ဂဝိဝေက စသည်တို့တွင်။ ဝိက္ခမ္ဘန

၁။ မာပြဲလမတိ(ဆဋ္ဌ)၊

ဝိဝေကံ၊ကို။ ဂဟေတွာ၊ ၍။ "တယော ဝေ ါ"တိ၊ သုံးပါးတို့သာဟူ၍။ ဝုတ္တာ၊ ကုန်၏။ ဧဝံ သတိ၊ ဤသို့ ယူအပ်သည်ရှိသော်။ စိတ္တဝိက္ခမ္ဘနာ၊ စိတ္တဝိဝေက, ဝိက္ခမ္ဘနဝိဝေကတို့သည်။ ကေတ္တာ ဝေ၊ တူသော အနက်ရှိကုန်သည်သာလျှင်တည်း။ ဣတိ-တသ္မာ၊ ကြောင့်။ ဝိသေသော၊ အထူးသည်။ န သိယာ၊ မဖြစ်ရာ။ ဣတိ၊ သို့၊ စေ ဝဒေယျ၊ အံ့။ အပ္ပနာဝ ါရတ္တာ၊ အပ္ပနာဝ ါရဖြစ်သောကြောင့်။ ဧဝံ၊ ဤသို့ သင်စောဒကဆိုသည့်အတိုင်း။န ပန ဒဋ္ဌဗ္ဗံ၊ မမှတ်အပ်။ ကာယဝိဝေကဂ္ဂဟဏေန၊ ဖြင့်။ ပုဗ္ဗဘာဂဂ္ဂဟဏံ၊ ဈာန်၏ ရှေ့အဖို့ကို ယူခြင်းကို။ဉာယတိ၊ ၏။ တသ္မာ၊ ကြောင့်။ စိတ္တဝိဝေကောတိ ဧတ္ထ၊ ၌။ တဒင်္ဂဝိဝေကော၊ ကို။ ဝုတ္တော၊ ၏။ ဝိက္ခမ္ဘနေန၊ ဝိက္ခမ္ဘနဝိဝေကဖြင့်။ အပ္ပနာကာလေ၊ အပ္ပနာအခါ၌။ ဝိဝေကော၊ ကို။ ဝုတ္တော၊ ၏။ ဣတိ၊ သို့။ အသင်္ကရတော၊ မရောယှက်သောအားဖြင့်။ ဂဒေဟတဗ္ဗံ၊ ၏။ အထဝ ါ၊ ကား။ စိတ္တဝိဝေကေန၊ ဖြင့်။ တဒင်္ဂဝိက္ခမ္ဘနာ၊ တဒင်္ဂဝိဝေက, ဝိက္ခမ္ဘနဝိဝေကတို့ကို။ ဂဟိတာ၊ကုန်၏။ ဣတရေန၊ ကာယဝိဝေကဖြင့်။ ဝိက္ခမ္ဘနဝိဝေကော ဧဝ၊ ကိုလျှင်။ ဂဟိတော၊ ၏။ ဣတိပိ၊ ဤသို့ယူသော်လည်း။ ယုတ္တံ၊ သင့်၏။ဝ ါ၊ ကား။ ကိလေသကာမတ္တာ၊ ကြောင့်။ဒွိသု ကမ္မေသု၊နှစ်ပါးကုန်သောအမှုတို့၌။ ပရိယာပန္နော၊ သော။ ပုရိသော ဝိယ၊ ကဲ့သို့။ ဂဟိတော၊ ၏။ အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ္တိဝသေန၊ ဖြင့်။ လောကေ၊ ၌။ "သဖလော၊ အသီးရှိသော။ ရုက္ခော၊ သစ်ပင်။"ဣတိ၊ သို့။ ဝုစ္စတိ ယထာ၊ ကဲ့သို့။ တထေဝ၊ ထိုအတူလျှင်။ ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ္တိဝသေန၊ ဖြင့်။ သာသနေ၌။ "သဝိတက္ကံ၊ ဝိတက်ရှိသော။ သဝိစာရံ၊ ဝိစာရရှိသော။ ဈာနံ၊ ဈာန်"။ ဣတိ၊ သို့။ ဝုစ္စတိ၊ ၏။ ဣတိ အဓိပ္ပါယော၊ ဤကား အဓိပ္ပါယ်တည်း။

ဝူပသမာတိ ဧတ္ထ၊ ပုဒ်၌။ ကေသံ၊ အဘယ်တရားတို့၏။ ဝ ါ၊ အဘယ်သို့သော ဝိတက်ဝိစာရတို့၏။ ဝူပသမာ၊ ငြိမ်းခြင်းကြောင့်နည်း။ ဣတိ ပုစ္ဆာ၊ ဤကား ပုစ္ဆာတည်း။

[ပုစ္ဆာကို ဖြေလိုသောကြောင့် ကိံ ပဌမ—စသည်ကို မိန့်၏]။

ပဌမဇ္ဈာနိကာနံ၊ပထမဈာန်ဖြစ်ကုန်သောဝိတက်ဝိစာရတို့၏။ဝူပသမာ ကိံ၊ ငြိမ်းခြင်းကြောင့်လော။ ဉဒါဟု၊ ထိုသို့မဟုတ်။ ဒုတိယဇ္ဈာနိကာနံ၊ ဒုတိယဈာန်ဖြစ်ကုန်သော ဝိတက် ဝိစာရတို့၏။ ဝူပသမာ ကိံ၊ ငြိမ်းခြင်းကြောင့်လော။ ဣတိ ဧတ္ထ၊ ဤအမေး၌။ ပဌမဇ္ဈာနိကာနံ၊ ကုန်သော ဝိတက် ဝိစာရတို့၏။ ဝူပသမာ၊ ကြောင့်။ ဒုတိယဇ္ဈာနံ၊ ကို။ ဉပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဟဒိ ဝိဟာသိ၊ အကယ်၍ နေသည်ဖြစ်အံ့။ ဧဝံ သတိ၊ သော်။ တေသံ၊ ထို

ဝိတက် ဝိစာရတို့၏။ ဝူပသမေ၊ ငြိမ်းခြင်းသည်။ နတ္ထိ၊ မရှိ။ ဟိ–သစ္စံ၊ ၏။ ပဋ္ဌမဇ္ဈာနံ၊ သည်။ ဝိတက္ကဝိစာရရဟိတံ၊ ဝိတက် ဝိစာရတို့မှ ကင်းခြင်းသည်။ နအတ္ထိ၊ မရှိ။ ဒုတိယဇ္ဈာနိကာနံ၊ ဒုတိယစျာန်ဖြစ်ကုန်သော ဝိတက် ဝိစာရတို့၏။ ဝူပသမာ၊ ကြောင့်။ ဒုတိယဇ္ဈာနံ၊ ကို။ ဥပသမ္ပဇ္ဇ၊ ၍။ ယဒိ ဝိဟာသိ၊ အံ့။ ဧဝံ သတိ၊ သော်။ တတ္ထ၊ ထို ဒုတိယစျာန်၌။ ဝူပသမေ၊ ငြိမ်းခြင်းသည်။ နတ္ထေဝ–နတ္ထိ ဧဝ၊ မရှိသည်သာလျှင်တည်း။ ကသ္မာ၊ မူကား။ တတ္ထ၊ ထို ဒုတိယစျာန်၌။ တဒဘာဝေါ၊ ထို ဝိတက် ဝိစာရတို့၏ မရှိသောကြောင့်။ ဣတိ၊ သို့။ ကောစိ၊ တစုံတယောက်သောသူသည်၊ စေ ပုစ္ဆေယျ၊ အကယ်၍ မေးငြားအံ့။ တေန၊ ထိုသို့မေးရာသောကြောင့်။ "သမတိက္ကမာ" တိ ဣဒံ၊ သမတိက္ကမာ–ဟူသော ဤပုဒ်ကို။ အာစရိယေန၊ အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ ၏။ သမတိက္ကမောပိ၊ လွန်ခြင်းသည်လည်း။ တေသံယေဝ၊ ထို ဝိတက် ဝိစာရတို့ကိုသာလျှင်။ သမတိက္ကမော၊ သည်။ န၊ မဟုတ်။ ကိန္တု၊ စင်စစ်ကား။ သကလဿပိ၊ သော။ ပဋ္ဌမဇ္ဈာနဓမ္မရာသိဿ၊ ပထမစျာန်တရားအစုကို။ သမတိက္ကမော၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ စေ ပုစ္ဆေယျ၊ အံ့။ တေန၊ ထိုသို့ မေးရာသောကြောင့်။ ဝါ၊ ထိုသို့အမေးရှိသောကြောင့်။ "ဩဠာရိကဿပန သမတိက္ကမာ" တိ အာဒိ၊ သော။ ဣဒံ၊ ဤစကားကို။ဝုတ္တံ၊ ၏။ ကေဝလံ၊ သက်သက်။ ဝိတက္က ဝိစာရ ဒွယမေဝ၊ ဝိတက် ဝိစာရနှစ်ခုသည်သာလျှင်။ ဩဠာရိကံ၊ သည်။ န၊ မဟုတ်။ သဗ္ဗေပိ၊ ကုန်သော။ ပဋ္ဌမဇ္ဈာနဓမ္မာ၊ ပထမစျာန်တရားတို့သည်။ ဒုတိယဇ္ဈာနတော၊ ဒုတိယ စျာန်ထက်။ ဩဠာရိကာဝ၊ ရုန့်ရင်းကုန်သည် မဟုတ်တုံလော။ ဣတိ၊ သို့။ စေ ပုစ္ဆေယျ၊ အံ့။ တေဟိ၊ ကုံ ဝိတက်ဝိစာရတို့နှင့်။ သမ္ပယုတ္တာနံ၊ ယှဉ်ကုန်သောပထမစျာန်တရားတို့၏။ ဩဠာရိကဘာဝတော၊ ကြောင့်။ ဝိတက္ကဝိစာရာ ယေဝ၊ တို့သည်သာလျှင်။ ဩဠာရိကာ၊ ကုန်သည်။ (ယည့်)။ န၊ မဟုတ်ကုန်။ ဣတိ–တသ္မာ၊ ကြောင့်။ တေသွေဝ၊ ထိုပထမစျာန်တို့၌သာလျှင်။ အာဒီနဝဒဿနေန၊ အပြစ်ကိုမြင်သဖြင့်။ ဝါ၊ အပြစ်ကိုရှုသဖြင့်။ ဒုတိယဇ္ဈာနက္ခဏေ၊ ဒုတိယစျာန်ခဏ၌။ တေသံ၊ ထိုပထမစျာန်တရားတို့၏။ အဘာဝေါ၊ မရှိခြင်းသည်။ ဟောတိ၊ ၏။ တေန၊ ထို့ကြောင့်။ "ဒုတိယဇ္ဈာနက္ခဏေ အပါတုဘာဝေါ" တိ၊ ဟူ၍။ အာစရိယေန၊ သည်။ ဝုတ္တံ၊ ဆိုတော်မူအပ်ပြီ။ ယထာ ဓမ္မဿ၊ ၏။ အာနုဘာဝေန၊ အာနုဘော်ကြောင့်။ ဝါ၊ ကား။ ယေန ဓမ္မေန၊ နှင့်။ ယောဂေန၊ ယှဉ်ခြင်းကြောင့်။ ဣဒံ ဈာနံ၊ ဤစျာန်ကို။ "သမ္ပသာဒန" န္တိ စ၊ ဟူ၍လည်းကောင်း။ "ဧကောဒိဘာဝ" န္တိ စ၊ ဟူ၍လည်းကောင်း။ ဝုစ္စတိ၊ ၏။ တဿ၊ ထိုသမ္ပသာဒန ဧကောဒိဘာဝ ဖြစ်သော–

အကြောင်းတရားကို။ ဒဿနတ္ထံ၊ ပြခြင်းငှါ။ ဝိဘင်္ဂေ၊ ၌။ သဒ္ဒါသမာဓယော၊ သဒ္ဒါ၊ သမာဓိတို့ကို။ ဝုတ္တာ၊ ကုန်၏။ ပဏီတဘောဇနသိက္ခာပဒေ၊ ၌။ သပ္ပိအာဒယော ဝိယ၊ တို့ကဲ့သို့တည်း။ ဣတိ၊ သို့။ ဝုတ္တော၊ သော်။ အယံ အတ္ထဝဏ္ဏနာ၊ ဤအနက်ဖွင့်သည်။ န ဝိရုဇ္ဈတိ၊ မဆန့်ကျင်ရာ။ သမံပဿတိတိ ဧတ္ထ၊ ၌။ လိနတ္ထစ္စံ၊ လိန ဥဒ္ဒစ္စကို။ ပဟာယ၊ စွန့်၍။ ခီဏာသဝဿ၊ ရဟန္တာပုဂ္ဂိုလ်အား။ ဆသု ဒွါရေသု၊ ခြောက်ဒွါရတို့၌။ ဣဋ္ဌာနိဋ္ဌဆဋ္ဌာရမ္မဏာပါထေ၊ ဣဋ္ဌ အနိဋ္ဌဖြစ်သော ခြောက်ပါးသော အာရုံ၏ ထင်ခြင်းသို့ရောက်သည်။ သတိ၊ သော်။ ပရိသုဒ္ဓပကတိဘာဝါဝိဇဟနာကာရဘူတာ၊ စင်ကြယ်သော ပကတိသဘောကို မစွန့်သော အခြင်းအရာဖြင့် ဖြစ်၍ဖြစ်သော။ ဥပေက္ခာ၊ ဥပေက္ခာသည်။ ဆဠင်္ဂုပေက္ခာ၊ ဆဠင်္ဂုပေက္ခာမည်၏။ နီဝရဏာဒိ၊ နီဝရဏအစရှိသည်ကို။ ပဋိသင်္ခါ၊ ဆင်ခြင်၍။ သန္တိဋ္ဌာနာ[၁]၊ ကောင်းစွာ ရှုသည်ဖြစ်၍။ ဂဟဏေ၊ ယူခြင်း၌။ မဇ္ဈတ္တဘူတာ၊ လျစ်လျူဖြစ်၍ဖြစ်သော။ ယာ ဥပေက္ခာ၊ သည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤ ဥပက္ခာသည်။ သင်္ခါရုပေက္ခာ နာမ၊ မည်၏။ ဝိစိနနေ၊ ဆင်ခြင်ခြင်း၌။ မဇ္ဈတ္တဘူတာ၊ သော။ ဥပေက္ခာ၊ သည်။ ဝိပဿနုပေက္ခာ နာမ၊ မည်၏။ တတ္ထ၊ ထို ဥပေက္ခာဆယ်ပါးတို့တွင်။ ဆဠင်္ဂုပေက္ခာ၊ သည်လည်းကောင်း။ ဗြဟ္မဝိဟာရုပေက္ခာ၊ သည်လည်းကောင်း။ ဗောဇ္ဈင်္ဂုပေက္ခာ၊ သည်လည်းကောင်း။ တတြမဇ္ဈတ္တုပေက္ခာ၊ သည်လည်းကောင်း။ ဈာနုပေက္ခာ၊ သည်လည်းကောင်း။(၄၇) ပါရိသုဒ္ဓုပေက္ခာ စ၊ သည်လည်းကောင်း။ ဣမေ၊ ဤ ဥပေက္ခာ ခုနစ်ပါးတို့သည်။ အတ္ထတော၊ အနက်အားဖြင့်။ ဝါ၊ သဘောအားဖြင့်။ ဧကာ၊ တူကုန်၏။ တတြမဇ္ဈတ္တုပေက္ခာဝ၊ တတြမဇ္ဈတ္တုပေက္ခာ တခုသည်သာလျှင်တည်း။ အဝတ္ထာဘေဒေန၊ အခိုက်အတန့်အပြားအားဖြင့်။ နေသံ၊ ထို ခုနစ်ပါးသော ဥပေက္ခာတို့၏။ ဘေဒေါ၊ အပြားသည်။ ဟောတိ၊ ၏။ သင်္ခါရုပေက္ခာဝိပဿနုပေက္ခာနမ္ပိ၊ နှစ်ပါးတို့၏လည်း။ ပညာဝသေန၊ ဖြင့်။ ဧကတာ၊ တူသည်၏အဖြစ်သည်။ ဟောတိ၊ ၏။ ကိစ္စဝသေနပန၊ ဖြင့်ကား။ ဒုဝိဓတာ၊ နှစ်ပါးပြားသည်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ ၏။

ဆဠင်္ဂုပေက္ခာ၊ သည်။ ကာမာဝစရာ၊ ကာမာဝစရဘုံ၌ဖြစ်၏။ ဗြဟ္မဝိဟာရုပေက္ခာ၊ သည်။ ရူပါဝစရာ၊ ရူပါဝစရဘုံ၌ဖြစ်၏။ ဣတိအာဒိနာ၊ ဖြင့်။ ဘူမိဝသေန၊ ဖြင့်။ ဝေဒိတဗ္ဗာ၊ ၏။ ဆဠင်္ဂုပေက္ခာ၊ သည်။ ခီဏာသဝဿဝ၊ အားသာလျှင်။ ဟောတိ၊ ၏။ ဗြဟ္မဝိဟာရုပေက္ခာ၊ သည်။ တိဏ္ဏမ္ပိ၊ သုံးပါးအပြားရှိသည်လည်းဖြစ်ကုန်သော။ ပုထုဇ္ဇနသေက္ခာသေက္ခာ

၁။ သန္တိဋ္ဌနာ (ဆဋ္ဌ)

နံ၊ ပုထုဇဉ်ပုဂ္ဂိုလ်, သေက္ခပုဂ္ဂိုလ်, အသေက္ခပုဂ္ဂိုလ်တို့အား။ ဟောတိ၊ ၏။ ဣတိ ဧဝံ၊ သို့။ ပုဂ္ဂလဝသေန၊ ဖြင့်။ ဝေဒိတဗ္ဗာ၊ ၏။ ဆဋ္ဌင်္ဂုပေက္ခာ၊ သည်၊ သောမနဿုပေက္ခာသဟဂတစိတ္တသမ္ပယုတ္တာ၊ သောမနဿသဟဂုတ်,ဥပေက္ခာသဟဂုတ်စိတ်တို့နှင့် ယှဉ်၏။ ဗြဟ္မဝိဟာရုပေက္ခာ၊ သည်။ ဥပေက္ခာသဟဂတစိတ္တသမ္ပယုတ္တာ ဧဝ၊ ဥပေက္ခာသဟဂုတ်စိတ်နှင့် ယှဉ်သည် သာလျှင်တည်း။ ဣတိ ဧဝံ၊ သို့။ စိတ္တဝသေန၊ ဖြင့်။ ဝေဒိတဗ္ဗာ၊ ၏။ ဆဋ္ဌင်္ဂုပေက္ခာ၊ သည်။ ဆဠာရမ္မဏာ၊ ခြောက်ပါးသော အာရုံရှိ၏။ ဗြဟ္မဝိဟာရုပေက္ခာ၊ သည်။ ဓမ္မာရမ္မဏာဝ၊ ဓမ္မာရုံသာအာရုံရှိ၏။ ဣတိ ဧဝံ၊ သို့။ အာရမ္မဏဝသေန၊ ဖြင့်။ ဝေဒိတဗ္ဗာ၊ ၏။ ဝေဒနုပေက္ခာ၊ ကို။ ဝေဒနာက္ခန္ဓေန၊ ဖြင့်။ သင်္ဂဟိတာ၊ ၏။ ဣတရာ၊ ဝေဒနုပေက္ခာမှ တပါးကုန်သော။ နဝ၊ ကိုးပါးကုန်သော ဥပေက္ခာတို့ကို။ သင်္ခါရက္ခန္ဓေန၊ ဖြင့်။ သင်္ဂဟိတာ၊ ကုန်၏။ ဣတိ ဧဝံ၊ သို့။ ခန္ဓသင်္ဂဟဝသေန၊ ခန္ဓာဟူသော အရေအတွက်၏ အစွမ်းဖြင့်။ ဝေဒိတဗ္ဗာ၊ ၏။ ဆဋ္ဌင်္ဂုပေက္ခာ စ၊ သည်လည်းကောင်း။ ဗြဟ္မဝိဟာရဗောဇ္ဈင်္ဂဇ္ဈာနုပေက္ခာ စ၊ တို့သည်လည်းကောင်း။ ပါရိသုဒ္ဓိတတြမဇ္ဈတ္တုပေက္ခာ စ၊ တို့သည်လည်းကောင်း။ အတ္ထတော၊ အနက်သဘောအားဖြင့်။ ဧကာ၊ တူကုန်၏။ တသ္မာ၊ ကြောင့်။ ဧကက္ခဏေ၊ တပြိုင်နက်သော ခဏ၌။ ဧကာဝ၊ တူသည်သာလျှင်။ သိယာ၊ ၏။ ဣတရာ၊ ဤမှတပါးသော ဥပေက္ခာတို့သည်။ ဧကာ၊ တူကုန်သည်၊ န သိယျုံ၊ မဖြစ်ကုန်ရာ။ သင်္ခါရုပေက္ခာဝိပဿနုပေက္ခာပိ၊ တို့သည်လည်း။ တထာ၊ ထို့အတူ။ ဧကာ၊ တူကုန်၏။ ဝေဒနာဝီရိယုပေက္ခာနံ၊ တို့၏။ ဧကက္ခဏေ၊ တပြိုင်နက်သော ခဏ၌။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းသည်။ သိယာ၊၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ ၏။ ဆဋ္ဌင်္ဂုပေက္ခာ၊ သည်။ အဗျာကတာ၊ အဗျာကတ တရားတည်း။ ဗြဟ္မဝိဟာရုပေက္ခာ၊ သည်။ ကုသလာ ဗျာကတာ၊ ကုသိုလ်တရား အဗျာကတ တရားတို့တည်း။ သေသာ၊ ကြွင်းသော ဥပေက္ခာတို့သည်။ တထာ၊ ထို့အတူတည်း။ ဝေဒနုပေက္ခာ ပန၊ သည်ကား။ အကုသလာပိ၊ သည်လည်း။ သိယာ၊ ၏။ ဧဝံ၊ သို့။ ကုသလတ္တိကဝသေန၊ ဖြင့်။ ဝေဒိတဗ္ဗာ၊ ၏။ ဒသပိ၊ ဆယ်ပါးပြားသည်လည်းဖြစ်ကုန်သော။ ဧတာ၊ ဤဥပေက္ခာတို့သည်။ သင်္ခေပေန၊ အကျဉ်းအားဖြင့်။ ဝီရိယဝေဒနာတတြမဇ္ဈတ္တဉာဏဝသေန၊ ဝီရိယစေတသိက်, ဝေဒနာ စေတသိက်, တတြမဇ္ဈတ္တတာ စေတသိက်, ပညာစေတသိက်တို့၏ အစွမ်းအားဖြင့်။ စတ္တာရောဝ ဓမ္မာ၊ တို့သည်သာလျှင်။ ဟောန္တိ၊ ကုန်၏။ "ဥက္ကဒေါပနယ သုခသောမနဿာန" န္တိ၊ ၌။ ဧဝံ၊ သို့။ ပဟာနက္ကမေန၊ ပဟာနအစဉ်ဖြင့်။ အဝတွာ၊ မဆိုမူ၍။ ဝိဘင်္ဂေ ၌။ ဝုတ္တာနယေန၊ ဖြင့်။ ကသ္မာ၊ ကြောင့်။ ဝုတ္တာနိ၊ နည်း။ ဣတိ၊ သို့။ စေ ပုစ္ဆေယျ၊ အံ့။ သုခါနုရက္ခဏတ္ထံ၊

ပါဠိကိုစောင့်ခြင်းငှါ။ ဝုတ္တာနိ၊ ကုန်၏။ဣဋ္ဌာနိဋ္ဌဝိပရိတန္တိဧတ္ထ၊ ၌။ “အာရမ္မဏဝသေန၊အာရုံတို့၏ အစွမ်းအားဖြင့်။အဂ္ဂဟေတွာ၊ ၍။ ဣဋ္ဌာနိဋ္ဌဝိပရိတာကာရေန၊ဣဋ္ဌဖြစ်သောဝိပရိတာကာရ, အနိဋ္ဌဖြစ်သော ဝိပရိတာကာရ အားဖြင့်။ အနုဘဝတိ၊ ခံစား၏။ဣတိ၊သို့၊ ဂဟေတဗ္ဗံ၊ ၏။” ဣတိ၊သို့။ ဝဒန္တိ၊ဆိုကုန်၏။ (သဣဋ္ဌာနိဋ္ဌဝိပရိတာနုဘာဝလက္ခဏာ—တွင် ဖွင့်သည်)။

[အာရုံ၏အစွမ်းအားဖြင့် အဘယ့်ကြောင့် မယူလေသနည်း အမေးကို ပြ၍ ဖြေလိုရကား ကသ္မာ-ဒိန္နံ]။

ကသ္မာ၊ နည်းဟူမူကား။ ဧကံယေဝ၊ တခုသာလျှင်ဖြစ်သော။ ကသိဏံ၊ ကသိုဏ်း ဟူသော အာရုံကို။ အာရဗ္ဘ၊ အာရုံပြု၍။ သဗ္ဗေသံ၊ အလုံးစုံသော ဈာန်တို့၏။ ပဝတ္တိတော၊ ကြောင့်တည်း။ တတိယဇ္ဈာနတော၊ မှ။ ပဋ္ဌာယ၊ ၌။ ဥပကာရော၊ ကျေးဇူးပြုတတ်သည်။ ဟုတွာ၊ ၍။ အာဂတာ၊ ၏။ ဣတိ၊ သို့။ သတိသီသေန၊ သတိကို အရင်းပြုသဖြင့်။ ဒေသနာ၊ ကို။ ကတာ၊ ၏။ ဝိဂတဝလာဟကာဒိနာ၊ ကင်းသော တိမ်တိုက်ရှိခြင်း အစရှိသဖြင့်။ရတ္တိယာ၊ ညဉ့်သည်။ သောမ္မတာယ၊ ကြည်လင်ဖွယ်ဖြစ်လတ်သော်။ ဝါ၊ သောမ္မတာယ၊ ကြည်လင်ဖွယ်ရှိသော။ ရတ္တိယာ၊ ၌။ ဝလာဟကာဒိနာ၊ တိမ်တိုက်အစရှိသည်ဖြင့်။ ကာလုဿိယေ၊ နောက်ကျုခြင်းသည်။ သတိပိ၊ ရှိပြန်သော်လည်း။ ဒိဝါဝိယ၊ နေ့၌ကဲ့သို့။ ရတ္တိံ၊ ညဉ့်၌။ အနုပကာရိကာ၊ ကျေးဇူးမပြုတတ်သည်။ န ဟောတိ၊ မဖြစ်။ တသ္မာ၊ ကြောင့်။ “အတ္တနော ဥပကာရကတ္တေန ဝါ” တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ (အချို့ဋီကာပါဠ်၌ ဟောတိ ရတ္တိံ-၌ န မရှိ)။ “သူရိယပ္ပဘာဘိဘဝါ၊နေအရောင်ဖြင့် နှိပ်စက်သောကြောင့်။ ရတ္တိယာ၊ညဉ့်ဟူသော အဖော်ကို။ အလာဘာ၊ မရသောကြောင့်”။ ဣတိ၊ သို့။ ပဌမိယော၊ ပဌမိဝိဘတ်အဆုံးရှိကုန်သော။ ဣမေ ဒွေ ဟေတူ၊ ဤနှစ်ပါးသော ဟိတ်တို့သည်။ အပရိသုဒ္ဓတာယ၊ အပရိသုဒ္ဓအဖြစ်၏။ ကာရဏံ၊ အကြောင်းတည်း။ “သောမ္မဘာဝေန၊ အတ္တနော ဥပကာရတ္တေန စာ” တိ စ၊—ဟူကုန်သော။ ဣမေ ဒွေ၊ ဤနှစ်ပါးသော အကြောင်းတို့သည်။ သဘာဂတာယ၊ သဘာဂအဖြစ်၏။ ကာရဏံ၊ တည်း”။ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ အပရိဝိသုဒ္ဓါယ၊ မစင်ကြယ်သော။ တဿာ ဇာတိယာ၊ ထိုသို့ ဖြစ်ခြင်း၏။ ဣတိ ဝုတ္တံ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ ကာရဏဝစနံ၊ တည်း။ ဣတိ၊ သို့။ကေစိ၊ တို့သည်။ ဝဒန္တိ၊ ကုန်၏။

ဈာနကထာဝဏ္ဏနာ၊ ဈာန်စကားအဖွင့်သည်။ နိဋ္ဌိတာ၊ ပြီးပြီ။

## ပုဗ္ဗေနိဝါသကထာဝဏ္ဏနာ

(၄၈) ၁၂။ ဈာနာနံ၊ ဈာန်တို့၏။ စိတ္တေကဂ္ဂတာသဘာဝတ္တာ၊ စိတ္တေကဂ္ဂတာအဖြစ်ဖြင့် တူသည်၏ အဖြစ်ကြောင့်။ "ကေသဉ္စိ စိတ္တေကဂ္ဂတတ္တာနိ" တိ၊ ၍။ အာဟ၊ ၏။ ကုသလာနံ၊ တို့၏။ ဘဝေါက္ကမနသဘာဂတ္တာ၊ ဘဝသို့ သက်ခြင်း သဘောတူသည်၏ အဖြစ်ကြောင့်။ "ကေသဉ္စိ ဘဝေါက္ကမနတ္တာနိ" တိ၊ ဟူ၍။ အာဟ၊ ၏။ အသဘာဂတ္တာ၊ သဘောမတူသည်၏ အဖြစ်ကြောင့်။ သေသဠ္ဌာနေသု၊ ကြွင်းသော အရာတို့၌။ "ပါဒကတ္တာနိ" တိ၊ ဟူ၍၊ အဝတွာ၊ မဆိုမူ၍။ "ပါဒကာနိ" တိ၊ ၍။ အာဟ၊ ၏။ တေန၊ ထိုပါဒကာနိ-ဟူသော ပါဌ်ဖြင့်။ ပါဒကဘူတာနမ္ပိ၊ ပါဒကဖြစ်၍ဖြစ်ကုန်သော ဈာန်တို့၏လည်း။ ယထာသမ္ဘဝံ၊ ဖြစ်သင့်သည်အားလျော်စွာ။ စိတ္တေကဂ္ဂတာဘဝေါက္ကမနတာဝဟာတဉ္စ၊ စိတ္တေကဂ္ဂတာအဖြစ်, ဘဝေါက္ကမနအဖြစ်သို့ ဆောင်ခြင်းကိုလည်းကောင်း။ ဋ္ဌတရေသံ၊ သမ္မသိတဈာန်, ပုဂ္ဂလဇ္ဈာသယဈာန်တို့၏။ ယထာသမ္ဘဝံ၊ စွာ။ ပါဒကတာဝဟာတဉ္စ၊ ကိုလည်းကောင်း။ ဒီပေတိ၊ ၏။ အသဘာဂတ္တာ၊ သဘောမတူကြသည်၏ ဖြစ်ကြောင့်။ ဇဝနဝိပဿနာပါဒကာနိ စ၊ ဇဝနပါဒက,ဝိပဿနာပါဒကတို့သည်လည်းကောင်း။ သမာနာနိ၊ တူကုန်သော၊ အဘိညာပါဒကာနိ စ၊ တို့သည်လည်းကောင်း။ ဟောန္တိ၊ ကုန်၏။ အဘိညာပါဒကာနိ၊ စ၊ တို့သည်လည်းကောင်း။ ဝိပဿနာပါဒကာနိ စ၊ တို့သည်လည်းကောင်း။ ဟောန္တိ၊ ကုန်၏။ ဣတိပိ၊ ဤသို့လည်း။ ဒီပေတိ၊ ၏။ တထာ၊ ထိုမှတပါး။ ပါဒကာဘာဝံ၊ ပါဒက၏မရှိခြင်းကို။ ဒီပေတိ၊ ၏။ ဟိ-ယုတ္တံ၊ စွ။ အဘိညာယ၊ အဘိညာဉ်၏။ စတုတ္ထမေဝ၊ စတုတ္ထဈာန်သည်သာလျှင်။ ပါဒကံ၊ အခြေသည်။ ဟောတိ၊ ၏။ ဣတရာနိ၊ စတုတ္ထဈာန်မှ တပါးကုန်သော ဈာန်တို့သည်။ ပါဒကာ၊ သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ တေသု၊ ထိုဈာန်တို့တွင်။ တတိယံ၊ တတိယဈာန်သည်။ စတုတ္ထဿ၊ ဈာန်၏။ ပါဒကံ၊ သည်။ ဟောတိ၊ ၏။ ဒုတိယံ၊ ဈာန်သည်။ တတိယဿ၊ တတိယဈာန်၏။ ပါဒကံ၊ သည်။ ဟောတိ၊ ၏။ ပဌမံ၊ ပဌမဈာန်သည်။ ဒုတိယဿ၊ ၏။ ပါဒကံ၊ သည်။ ဟောတိ၊ ၏။ ဣတိ ဝေါ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။ အထ ဝါ၊ ကား။ "စတ္တာရိ ဈာနာနိ" တိ ဣဒံ၊ ကို။ ယထာလာဘတော၊ ယထာလာဘနည်းဖြင့်။ ဝုတ္တံ၊ ၏။

ယသ္မာ၊ ကြောင့်။ သတ္ထု၊ မြတ်စွာဘုရား၏။ ဝေရဉ္ဇနိဝါသကပ္ပနံ၊ ဝေရဉ္ဇာပြည်၌ နေခြင်းကို ပြုခြင်းသည်။ ဝိနယနိဒါနနိမိတ္တံ၊ ဝိနည်းနိဒါန်း၏အကြောင်းဖြစ်၏။

တသ္မာ၊ ကြောင့်၊ ဘဂဝါ၊ သည်။ ဝေရဉ္ဇေ၊ ဝေရဉ္ဇာပြည်၌။ ဝိဇ္ဇတ္တယံ၊ ဝိဇ္ဇာသုံးပါးအပေါင်းကို။ အာဟ၊ ၏။

ဟိ–သစ္စံ၏။ "ဝိနယေ သုပ္ပဋ္ဌိတဿ ဘိက္ခု သီလသမ္ပတ္တိံ နိဿာယာ" တိ အာဒိ၊ သော။ ဧတံ၊ ဤစကားကို။ အာစရိယေန၊ အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ ၏။ ဟိ–ယုတ္တံ၊ ၏။ သီလပစ္စဝေက္ခဏတ္ထံ၊ သီလကျေးဇူးကို ဆင်ခြင်ခြင်းငှါ။ ရတ္တိဋ္ဌာနဒိဝါဋ္ဌာနေသု၊ ညဥ့်သန့်ရာ နေ့သန့်ရာအရပ်တို့၌။ နိသိန္နဿ၊ နေသော။ သီလဝတော၊ သီလရှိသော ယောဂီရဟန်း၏။ နိသဇ္ဇနတော၊ နေသည်မှ။ ပဋ္ဌာယ၊ ၍။ အတ္တနော၊ မိမိကိုယ်၏။ အတိတကိရိယာနုဿရဏ ဗဟုလတာယ၊ အတိတ်၌ ပြုအပ်သော ကိစ္စကို အဖန်တလဲလဲ အောက်မေ့ခြင်း များသည်၏ အဖြစ်ကြောင့်။ ပုဗ္ဗေနိဝါသာနုဿတိဝိဇ္ဇာ၊ ဝိဇ္ဇာသည်။ အပ္ပကသိရေန၊ မငြိုငြင်သဖြင့်။ သမိဇ္ဈတိ၊ ပြည့်စုံ၏။ တထာ၊ တူ။ အတ္တာနံ၊ မိမိကိုယ်ကို။ ပဋိစ္စ၊ စွဲ၍။ သတ္တာနံ၊ တို့၏။ စုတိပရိဂ္ဂဟဏ သီလတာယ၊ စုတေခြင်းကို သိမ်းဆည်းခြင်း အလေ့ရှိသည်၏အဖြစ်ကြောင့်။ စုတူပပါတဉာဏံ၊ စုတိ ပဋိသန္ဓေကို သိသောဉာဏ်သည်။ အပ္ပကသိရေန၊ မပင်ပန်းသဖြင့်။ သမိဇ္ဈတိ၊ ပြည့်စုံ၏။ ဥဒကာဒီသု၊ တို့၌။ သုခုမတ္တာဒဿန သီလတာယ၊ သိမ်မွေ့သည်၏အဖြစ်ကို မြင်လေ့ရှိသည်၏ အဖြစ်ကြောင့်။ ဒိဗ္ဗစက္ခုဉာဏံ၊ သည်။ သမိဇ္ဈတိ၊ ပြည့်စုံ၏။ ယသ္မာ၊ ကြောင့်။ သတ္တဝိဓ မေထုန သံယောဂ ပရိဝဇ္ဇနေန၊ ခုနစ်ပါးအပြားရှိသော မေထုန်နှင့်ယှဉ်ခြင်းမှ ကြဉ်သဖြင့်။ ဝါ၊ ကား။ ကာမာသဝါဒိပရိဝဇ္ဇနေန၊ ကာမာသဝအစရှိသည်ကိုကြဉ်သဖြင့်။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်သည်။ အခဏ္ဍာဒိဘာဝံ၊ အခဏ္ဍ အစရှိသောအဖြစ်သို့။ ပါပုဏာတိ၊ ၏။ တသ္မာ၊ ကြောင့်။ အဿ၊ ထိုပုဂ္ဂိုလ်၏။ အာသဝက္ခယဉာဏံ၊ သည်။ အပ္ပကသိရေန၊ ဖြင့်။ သမိဇ္ဈတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ ဧတ္ထ ဝိနယနိဒါနေ၊ ၌။ ဝိဇ္ဇတ္တယမေဝ၊ ကိုသာလျှင်။ ဒဿိတံ၊ ၏။ တသ္မာ၊ ကြောင့်။ "ယေသဉ္စ ဂုဏာနံ ဒါယကံ အဟောသိ၊ တေသံ ဧကဒေသံ ဒဿေန္တော" တိ၊ ဒဿေန္တော–ဟူ၍။ အာဟ၊ ၏။ အညထာ၊ ဆိုအပ်ပြီးသည်မှ တပါးသောအားဖြင့်။ ဝိဇ္ဇတ္တယ ပဋိလာဘမတ္တပ္ပသင်္ဂေါ၊ ဝိဇ္ဇာ သုံးပါး ကို ရခြင်းမျှသာ ဖြစ်၏ဟူသော လျှဉ်းပါးခြင်းသည်။ သိယာ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

သော ဝေန္တိ ဣမိနာ၊ ဖြင့်။ စတုန္နံ ဈာနာနံ၊ တို့၏။ ပုဗ္ဗဘာဂပဋိပဒါပိ၊ ရှေးအဖို့၌ဖြစ်သော ပဋိပဒါသည်လည်း။ သင်္ဂဟံ၊ သို့။ ဂစ္ဆတိ၊ ရောက်၏။ ဟိ၊ မှန်။ ကောဂလ်၊ သက်သက်။ ပုရိမဇ္ဈာနတ္တိကမေဝ၊ ရှေးဖြစ်သော ဈာန်

သုံးပါး အပေါင်းသည်သာလျှင်။ သင်္ဂဟံ၊ သို့။ ကိစ္စာပိ န ဂစ္ဆတိ၊ ရှင့်။ တထာပိ၊ ထိုသို့ မရောက်သော်လည်း ။ ကေဝလံ၊ အထူးအားဖြင့်။ ပုရိမဇ္ဈာနတ္တိကမေဝ၊ ရှေးဈာန်သုံးပါးအပေါင်းကိုသာလျှင်။ ဂဏှန္တော၊ ယူတော်မူသော အဋ္ဌကထာဆရာသည်။ "ဝေန္တိ စတုတ္ထဇ္ဈာနက္ကမ။ပ။ဝုတ္တံ ဟောတိ" တိ၊ ဝုတ္တံ ဟောတိ–ဟူ၍။ အာဟ၊ ၏။ တံ၊ ထိုသို့သောစကားကို။(၄၉) ကသ္မာ၊ ကြောင့်။ ဝုတ္တံ၊ နည်း။ ဣတိ၊ သို့။ စေ ဝဒေယျ၊ အံ့။ သမ္ဘာရဘူမိတ္တာ၊ သမ္ဘာရ၏ အရာဖြစ်သောကြောင့်။ ဝုတ္တံ၊ ၏။ ဟိ–ယုတ္တံ၊ စွ။ ဧတ္ထ စ၊ ဤဈာန်တို့တွင်လည်း။ ပုရိမာနိ၊ ကုန်သော။ တီဏိ ဈာနာနိ၊ တို့ကို။ (ဝေဒိတဗ္ဗာနိ–၌ စပ်) ယသ္မာ၊ ကြောင့်။ ပီတိဖရဏေန၊ ပီတိနှံ့သဖြင့်လည်းကောင်း။ သုခဖရဏေန စ၊ သုခနှံ့သဖြင့်လည်းကောင်း။ သုခသညာ၊ သုခဟု မှတ်ခြင်းသို့လည်းကောင်း။ လဟုသညာ၊ ပေါ့၏ဟု မှတ်ခြင်းသို့လည်းကောင်း။ ဩက္ကမိတွာ၊ သက်ဝင်၍။ လဟုမုဒုကမ္မညဘာဝယော၊ လျင်သော နူးညံ့သော အမှုလျှင် အပေါင်းအဖော်ရှိသည်။ ဟုတွာ၊ ၍။ ဣဒ္ဓိံ၊ ပြည့်စုံခြင်းသို့။ ပါပုဏာတိ၊ ၏။ တသ္မာ၊ ကြောင့်။ ဣမိနာ ပရိယာယေန၊ –ဤသို့သော အကြောင်းဖြင့်။ ဣဒ္ဓိပဋိလာဘာယ၊ တန်ခိုးကို ခြင်းငှါ။ သံဝတ္တနတော၊ ဖြစ်သောကြောင့်၊ သမ္ဘာရဘူမိယောတိ၊ ဟူ၍။ ဝေဒိတဗ္ဗာနိ၊ ကုန်၏။ စတုတ္ထံ ပန၊ ဈာန်သည်ကား။ ဣဒ္ဓိပဋိလာဘာယ၊ ဣဒ္ဓိကို ရခြင်းငှါ။ ပကတိဘူမိ ဧဝ၊ ပကတိဘုံသည်သာလျှင် တည်း။ ဣတိ ဧတံ ဝစနံ၊ ကို။ အဋ္ဌကထာယံ၊ ၌။ ဝုတ္တံ၊ ၏။ ဝါ၊ ကား။ ဣဒမေဝ အတ္ထံ၊ ဤသို့သော အနက်ကိုသာလျှင်။ သန္ဓာယ၊ ၍။ "ပုဗ္ဗေ ဣမာနိ စတ္တာရိ ဈာနာနိ ကေသဉ္စိ အဘိညာပါဒကာနီ"တိ၊ ဟူ၍။ အာဟ၊ ၏။ ဣခမေဝ အတ္ထံ၊ ကိုသာလျှင်။ သန္ဓာယ၊ ၍။ ယဒိ အာဟ၊ အံ့။ ဧဝံ သတိ၊ သော်။ စတုတ္ထဇ္ဈာနမ္ပိ၊ ကိုလည်း။ အနန္တောကတွာ၊ ၍။ ဝေန္တိ၊ ဟူ၍၊ ကိမတ္ထံ၊ ငှါ။ န ဝုတ္တံ၊ နည်း။ ဟိ–ယုတ္တံ၊ စွ။ တံ၊ ထိုစတုတ္ထဈာန်သည်။ ပကတိဘူမိ၊ ပကတိဘုံတည်း။ ဣတိ၊ သို့။ စေ ပုစ္ဆေယျ၊ အံ့။ စတုတ္ထဇ္ဈာနံ၊ ကို။ အန္တောကတွာ၊ ၍။ ဝေန္တိ၊ ဧဝံ-ဟူ၍။ န ဝတ္တဗ္ဗံ၊ မဆိုအပ်။ ကသ္မာ၊ မူကား။ စတုတ္ထဇ္ဈာနတော၊ မှ။ ပရသာ၊ နောက်ဖြစ်သော။ သမာဟိတာဒိဘာဝပ္ပတ္တသ္သ၊ သမာဟိတာဒိအစရှိသော အဖြစ်သို့ရောက်သော။ စိတ္တဿ၊ ၏။ အတ္ထိဘာဝပ္ပသင်္ဂတော၊ ရှိ၏ဟူသောအဖြစ်၏ လျဉ်းပါးသောကြောင့်

၁။ လဟုမုဒုကမ္မညကာယော (ဆဋ္ဌ)　　၂-၄။ ဣဒ္ဓိလာဘာယ (ဆဋ္ဌ)
၃။ စတုတ္ထဇ္ဈာန် (ဆဋ္ဌ).

တည်း။ ယသ္မာ၊ ကြောင့်။ ယသ္မိံ၊ အကြင်စတုတ္ထဈာန်သည်။ သတိ၊ သော်။ "ပုဗ္ဗေနိဝါသာနုဿတိဉာဏာယ စိတ္တံ အဘိနိန္နာမေသိ"န္တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ တသ္မာ၊ ကြောင့်။ တသ္မိံ စတုတ္ထဈာနစိတ္တေ၊ ထိုစတုတ္ထဈာန်စိတ်သည်။ ပကတိဘူမိဘာဝပ္ပတ္တေ၊ ပကတိဘုံအဖြစ်သို့ ရောက်သော။ အဘိညာပါဒကေ၊ အဘိညာဉ်၏အခြေသည်။ ဇာတေ၊ ဖြစ်လတ်သော်။ ပရိကမ္မစိတ္တံ၊ ကို။ "ပုဗ္ဗေနိဝါသာနုဿတိဉာဏာယ အဘိနိန္နာမေသိ"န္တိ၊ ဟူ၍။ အာဟ၊ ၏။ အဘိနီဟာရက္ခမံ ဟောတီတိ ဧတ္ထ၊ ပါဌ်၌။ ဉာဒ္ဓိဝိဓာဘိဂမတ္ထာယ၊ ဉာဒ္ဓိဝိဓအဘိညာဉ်ကို သိခြင်းအကျိုးငှါ။ တံ ပရိကမ္မစိတ္တံ၊ ထိုပရိကံဖြစ်သောစိတ်ကို။ အဘိနီဟရတိ၊ ရှေးရှုဆောင်၏။ ကသိဏာရမ္မဏတော၊ ကသိုဏ်းဟူသော အာရုံမှ။ အပနေတွာ၊ ဖဲ၍။ ဉာဒ္ဓိဝိဓာဘိမုခံ၊ ဉာဒ္ဓိဝိဓအဘိညာဉ်သို့ ရှေးရှု။ ပေသေသိ၊ စေ၏။ ဂဏ္ဌိပဒေ ပန၊ ဂဏ္ဌိပုဒ်၌ကား။ "အဘိညာပါဒကဈာနတော၊ အဘိညာဉ်၏ အခြေဖြစ်သောဈာန်မှ။ ဉာဒ္ဓိဝိဓဉာဏာဒီနံ၊ တို့ကို။ နီဟရဏတ္ထံ၊ ထုတ်၍ ဆောင်ခြင်းငှါ။ ဝုတ္တာနိ၊ ကုန်၏။ ဣတိ၊ သို့။ ဝုတ္တတ္တာ၊ ကြောင့်။ အဘိနီဟာရက္ခမံ၊ ရှေးရှုဆောင်ခြင်းငှါ ခန့်သည်။ ဟောတိ၊ ၏။ ဣတိ အတ္ထော၊ ကို။ ပကပ္ပိတော၊ ကြံအပ်၏။

သော အဟံ၊ သည်။ ဧဝံ၊ သို့။ သမာဟိတေ၊ တည်ကြည်ပြီးသော်။ ဧဝံ၊ သို့။ အာနေဉ္ဇပ္ပတ္တေ၊ မတုန်မလှုပ်ခြင်းသို့ ရောက်ပြီးသည်ရှိသော်။ ဣတိ ယောဇနာ၊ ကို။ ဒုတိယဝိကပ္ပေ၊ ၌။ ဝေဒိတဗ္ဗာ၊ ၏။ နီဝရဏဒူရီဘာဝေန၊ ဖြင့်လည်းကောင်း။ ဝိတက္ကာဒိသမတိက္ကမနေန၊ ဝိတက် အစရှိသည်ကို လွန်သဖြင့်လည်းကောင်း။ ဣတိ၊ သို့။ ပဉ္စမဈာနာဒီနံ၊ တို့၏။ ကိစ္စသင်္ဂဟော ကုန်တော၊ ကိစ္စကို သင်္ဂြိုဟ်တတ်သောကြောင့်တည်း။ အယံ ယောဇနာ၊ ဤသို့ သော ယောဇနာသည်။ ပဉ္စမဝိကပ္ပေ၊ ၌။ န သမ္ဘဝတိ၊ မဖြစ်သင့်။ "ပရိသုဒ္ဓေတိအာဒိသု ပန"တိ ဝစနေန၊ အာဒိသု ပန–ဟူသော သဒ္ဒါဖြင့်။ "ဧဝ"န္တိ ပဒဿ၊ ဧဝံ–ဟူသော ပုဒ်၏။ အနုပ္ပဗန္ဓနီဝရဏတော၊ အစဉ်ဖွဲ့ တတ်သော နီဝရဏမှ။ တေနေဝ ဥပေက္ခာသတိပါရိသုဒ္ဓိဘာဝေန၊ ထိုသို့သော ဥပေက္ခာသတိပါရိသုဒ္ဓိအဖြစ်ဖြင့်။ ပရိသုဒ္ဓေ၊ စင်ကြယ်ပြီးသော်။ ဣတိအာဒိ၊ ဤသို့ အစရှိသော အစဉ်ကို။ အာဟ၊ ဆို၏။ ဣစ္ဆာဝစရာနန္တိ ဧတ္ထ၊ ၌။ "အဟံ၊ သည်။ အာပတ္တိဉ္စေဝ၊ အာပတ်သို့လျှင်။ အာပန္နော၊ ရောက်သည်။ အဿံ၊ ဖြစ်၏။ မံ၊ အာပတ်သင့်သော ငါ့ကို။ ဘိက္ခူ၊ တပါးသောရဟန်း တို့သည်။ န စ ဇာနေယျုံ၊ မသိကြကုန်မူကား။ အဟော ဝတ၊ ကောင်း

၁။ ဝိစာရေတဗ္ဗတ္ထော။

လေစ္ဆ”။ ဣတိအာဒိနာ၊ သော။ နယေန၊ ဖြင့်။ ဥပ္ပန္နဣစ္ဆာဝသေန၊ ဖြစ်သော အလို၏ အစွမ်းအားဖြင့်။ ပဝတ္တာနံ၊ ကုန်သော။ ကောပအပစ္စယာနံ၊ အမျက်ထွက်ခြင်း, ရန်ငြိုးဖွဲ့ခြင်းတို့၏။ ဝါ၊ အမျက်ထွက်တတ်သောသဘော, မယုံကြည်အပ်သော သဘောတရားတို့၏။ အဘာဝေန၊ မရှိသောကြောင့်။ အနင်္ဂဏော၊ ကိလေသာဟူသော အင်္ဂဏ မရှိပြီးသော်။ ဣတိ အတ္ထော၊ တည်း။ ဧတ္ထ စ ပန၊ ဤနေရာ၌ကား။ ယထာဝုတ္တပ္ပကာရာ၊ အကြင်အကြင် ဆိုအပ်ပြီးသောအပြားရှိသော ။ ဣစ္ဆာပိ၊ အလိုသည်သည်း။ ပဋ္ဌမဇ္ဈာနာဒီနံ၊ တို့ကို။ အဓိဂမာယ၊ ရခြင်း၏။ အန္တရာယိကာ၊ အန္တရာယ်ကို ပြုတတ်၏။ ကသ္မာ၊ မူကား။ “သမ္ပဇာနမုသာဝါဒေါ ခေါ ပနာယသ္မန္တော အန္တရာယိကော ဓမ္မော”တိ၊ ဟူ၍။ ဝုတ္တတ္တာ၊ ကြောင့်တည်း။ ဣစ္ဆာဝစရာ၊ ဣစ္ဆာဝစရဖြစ်ကုန်သော။ ကောပအပစ္စယာ၊ ကောပ အပ္ပစ္စယတို့သည်။ ပဂေဝ၊ အဘယ်ဆိုဘွယ်ရှိကုန်အံ့နည်း။ တသ္မာ၊ ကြောင့်။ “ဈာနပဋိလာဘပစ္စနီကာနံ ပါပကာနံ ဣစ္ဆာဝစရာန”န္တိအာဒိ၊ ကို။ ဝုတ္တံ၊ ၏။ ကတ္ထစိ ပန၊ အချို့သော အဋ္ဌကထာ၌ကား။ “ဈာနပဋိလာဘပစ္စယာနံ ဣစ္ဆာဝစရာန”န္တိ၊ ဟူ၍။ ပေါတ္ထကေသု၊ ပေတို့၌။ ပါဌော၊ ပါဠ်သည်။ ဒိဿတိ၊ ထင်၏။ သော ပါဌော၊ ထိုပါဌ်သည်။ ပမာဒလေခေါ၊ မေ့လျော့၍ ရေးမိသော ပါဌ် တည်း။ ဂဏ္ဌိပဒေ စ၊ ၌လည်း။ “သတ္ထာ၊ မြတ်စွာဘုရားသည်။ မမဥ္စေဝ၊ ငါ့ကိုသာလျှင်။ ပဋိပုစ္ဆိတွာ၊ မေး၍။ ဓမ္မံ၊ တရားကို။ (၅၀)ဒေသေယျ၊ ဟောပါမူကား။ အဟော ဝတ၊ ကောင်းလေစွ” ။ဣတိ၊ သို့၊ တဒတ္ထော၊ ထိုဣစ္ဆာဝစရဟူသောပုဒ်၏ အနက်ကို။ ယော လိခိတော၊ အကြင်သို့ ရေးအပ်၏။ သော လိခိတော၊ ထိုသို့ ရေးအပ်သော ပါဌ်သည်။ ဒုလ္လိခိတော၊ မကောင်းသဖြင့် ရေးအပ်သော ပါဌ်မည်၏။ ဟိ-သစ္စံ၊ ၏။ ဈာနပဋိလာဘပစ္စယာ၊ ဈာန်ကို ရခြင်း၏ အကြောင်းဖြစ်ကုန်သော။ ကောပါဒယော၊ ကောပအစရှိသည်တို့ကို။ အနင်္ဂဏာသုတ္တေ၊ သုတ်၌။ န ဝုတ္တာ၊ မဟောအပ်ကုန်။ “ယုတ္တိတော စ၊ ယုတ္တိအားဖြင့်လည်း။န သမ္ဘဝန္တိ၊ မဖြစ်သင့်ကုန်။ ကသ္မာ၊ မူကား။ ဈာနလာဘိနော၊ ဈာန်ကိုရသောပုဂ္ဂိုလ်၏။ တဒဘာဝါ၊ ထိုကောပအစရှိသည်တို့၏ မရှိသောကြောင့်တည်း”။ ဣတိ၊ သို့။ အာစရိယော၊ အရှင်အာနန္ဒာဆရာသည်။ ဝဒတိ၊ ၏။ တံ၊ ထိုသို့ဆိုသော စကားကို။ ဝီမံသိတဗ္ဗံ၊ စုံစမ်းရာ၏။ ဧတ္ထ၊ ဤဝိဇ္ဇာသုံးပါးကို ဝေဖန်ရာ၌။ ဝိဇ္ဇတ္တယာဿ၊ ဝိဇ္ဇာသုံးပါးအပေါင်း၏။ ဉတ္တရုတ္တရဝိသေသဒဿနတ္ထံ၊ နောက်နောက်သော ဝိဇ္ဇာ၏ ထူးသည်ကို ပြခြင်းငှါ။ “သော ဧဝံ သမာဟိတေ စိတ္တေ”တိအာဒိနာ၊ ဖြင့်။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ အင္ဂဏ်နိဒဿနံ၊ ရှစ်ပါးသော အင်္ဂါကို ပြ

ခြင်းကို ကတံ၊၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။ တေသံ၊ ထိုဝိဇ္ဇာတို့၏။ ဥတ္တရုတ္တရဝိသေသာ စ၊ နောက်နောက်သော ဝိဇ္ဇာတို့၏ ထူးသည်၏အဖြစ်ကိုလည်း။ အတ္တဒုက္ခပရဒုက္ခဒဿနတာဒုပသမတ္တ ဒီပနတော၊ မိမိကိုယ်၏ ဆင်းရဲကို မြင်ခြင်း, သူတပါးတို့၏ ဆင်းရဲကို မြင်ခြင်း, ထို နှစ်ပါးသော ဆင်းရဲမှ ငြိမ်းသည်၏အဖြစ်ကို ပြတတ်သောကြောင့်။ ဝေဒိတဗ္ဗာ၊ ၏။ ဟိ – ဝိတ္ထာရေမိ၊ အံ့။ ဘဂဝါ၊ သည်။ ပုဗ္ဗေနိဝါသာနုဿတိဉာဏေန၊ ဖြင့်။ အတ္တနော၊ ကိုယ်တော်၏။ အနန္တသံသာရဒုက္ခံ၊ အဆုံးမရှိသော သံသရာ၌ဖြစ်သော ဆင်းရဲကို။ ပဿိတွာ၊ မြင်တော်မူ၍။ စုတူပပါတဉာဏေန၊ စုတူပပါတဉာဏ်ဖြင့်။ ပရဿ၊ တပါးသော။ လောကဿ စ၊ လောက၏လည်း။ ဒုက္ခံ၊ကို။ ပဿိတွာ၊ ၍။ (လိုက်)။ အာသဝက္ခယဉာဏေန၊ ဖြင့်။ တဒုဘယူပသမတ္တဉ္စ၊ ထိုနှစ်ပါးသော ဆင်းရဲတို့မှ ငြိမ်းသည်၏အဖြစ်ကိုလည်း။ ပဿိတွာ၊ ၍။ တံ၊ ထိုဝိဇ္ဇာသုံးပါးတရားကို။ ဒေသေတိ၊ ဟောတော်မူ၏။ ဝါ၊ ကား။ ပဌမေန၊ ပထမဖြစ်သော ဝိဇ္ဇာဉာဏ်ဖြင့်။ အတ္တဒုက္ခဒဿနတော၊ ကြောင့်။ အတ္တသိနေဟပရိစ္စာဂံ၊ မိမိကိုယ်၌ ချစ်ခြင်းကို စွန့်ခြင်းကို။ ဒီပေတိ၊၏။ ဒုတိယေန၊ဖြင့်။ ပရဒုက္ခဒဿနတော၊ သူတပါးတို့၏ ဆင်းရဲကို မြင်သောကြောင့်။ ပရေသု၊ သူတပါးတို့၌။ ကောပပရိစ္စာဂံ၊ အမျက်ထွက်ခြင်းကို စွန့်ခြင်းကို။ ဒီပေတိ၊ ၏။ တတိယေန၊ ဖြင့်။ အရိယမဂ္ဂဒဿနတော၊ အရိယမဂ်ကိုမြင်သောကြောင့်။ မောဟပရိစ္စာဂဉ္စ၊ မောဟစွန့်ခြင်းကိုလည်း။ ဒီပေတိ၊ ၏။ ဧဝံ၊ သို့။ နာနာဂုဏဝိသေသဒီပနတော၊ အထူးထူးသော ကျေးဇူးအထူးကို ပြတတ်သောကြောင့်။ ဣမသ္မိံ လောကိယာဘိညာဒွယဿ၊ လောကီဖြစ်သော ဉာဏ်အဘိညာဉ်နှစ်ပါးကိုသာလျှင်။ ဣဓ၊ ဤ ဝိနယနိဒါန်း၌။ ဝါ၊ ဤ ဝိဇ္ဇာကို ဝေဖန်ရာ၌။ ဂဟဏံ၊ ယူခြင်းကို။ ကတံ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

ယသ္မာ၊ ကြောင့်။ အတီတဇာတိ ဧဝ၊ အတိတ်၌ ဖြစ်ခြင်းသည်သာလျှင်။ ဝါ၊ အတိတ်ဖြစ်သော ဘဝသည်သာလျှင်။ နိဝါသော၊ နေခြင်းတည်း။ တသ္မာ၊ ကြောင့်။ "အတီတဇာတီသု"တိ၊ ဟူ၍။ နဝတ္တဗ္ဗံ-နဝတ္တဗ္ဗံ၊ မဖွင့်အပ်။ ဣတိ၊ သို့။ စေ ဝဒေယျ၊ အံ့။ ဇာတိယာ၊ ဖြစ်ခြင်း၏။ ဝါ၊ ဇာတိယာ၊ ဖြစ်ရာဘဝ၏။ ဧကဒေသေပိ၊ တစိတ်၌လည်း။ နိဝါသဝေါဟာရ သိဒ္ဓိဒဿနတော၊ နေ၏ဟူသော ဝေါဟာရ၏ ပြီးခြင်းကို မြင်သောကြောင့်။ "အတီတဇာတီသု"တိ၊ ဟူ၍။ န ဝတ္တဗ္ဗံ၊ မဖွင့်အပ်သည်။ န၊ မဟုတ်။ ဝတ္တဗ္ဗံ ဧဝ၊ ဖွင့်အပ်သည်သာလျှင်တည်း။ ပါဠိယံ၊ ပါဠိတော်၌။ "ဧကမ္ပိ ဇာတိံ ဒွေပိ ဇာတိယော"တိ အာဒိဝစနေန၊ ဖြင့်။ သကလဇာတိယာ၊

အလုံးစုံသော ဖြစ်ခြင်းကို။ ဝါ၊ အလုံးစုံသော ဘဝကို။ အနုဿရဏမေဝ၊ အောက်မေ့ခြင်းသည်သာလျှင်။ ပုဗ္ဗေနိဝါသာနုဿတိ ဝိယ၊ ကဲ့သို့။ ကိစ္စာပိ ဒိဿတိ၊ ရှင့်။ တထာပိ၊ သော်လည်း။ ဧဝံ၊ ဤသို့ ထင်တိုင်း။ န ဒဋ္ဌဗ္ဗံ၊ မမှတ်အပ်။ တဒေကဒေသာနုဿရဏမ္ပိ။ ထို ဘဝတစိတ်ကို အောက်မေ့ခြင်းသည်လည်း။ ပုဗ္ဗေနိဝါသာနုဿတိ ဧဝ၊ လျှင်တည်း။ ဣတိ ဒဿနတ္ထံ၊ ဤသို့ပြခြင်းငှါ။ ဘုမ္မဝစနံ၊ ပုဗ္ဗေ—ဟု သတ္တမီဝိဘတ်ကို။ ကတံ၊ ၏။ သြကာသာဒိသင်္ဂဟတ္ထဥ္စ၊ သြကာသ အစရှိသည်ကို သင်္ဂြိုဟ်ခြင်းငှါလည်း။ ဘုမ္မဝစနံ၊ ကို။ ကတံ၊ ၏။ "ဆိန္နဝဋ္မမကာနုဿရဏာဒိသု" တိ ဧတ္ထ၊ ၌။ အာဒိ–သဒ္ဒေန၊ ဖြင့်။ အနိဝုတ္ထလောကဓာတုဒီပရဋ္ဌနဂရဂါမာဒိဂ္ဂဟဏံ၊ မနေဘူးသော လောကဓာတ်, မနေဘူးသော ကျွန်း, တိုင်း, မြို့, ရွာ အစရှိသည်ကို ယူခြင်းကို။ ဝေဒိတဗ္ဗံ၊ ၏။ ဂဏ္ဌိပဒေ ပန၊ ၌ကား။ "ဆိန္နဝဋ္မမကာနံ၊ ဖြတ်အပ်သော ဝဋ်ရှိကုန်သော၊ တေသံ၊ ထိုရဟန္တာပုဂ္ဂိုလ်တို့၏။ လောကုတ္တရသီလာဒီနိ၊ တို့ကို။ ဘဂဝတော၊ ၏။ ဗောဓိသတ္တကာလေ၊ ဘုရားလောင်း ဖြစ်သော အခါ၌။ န ဝိညာတာနိ၊ မသိအပ်ကုန်။" ဣတိ–ဝုတ္တံ၊ ၏။ အတ္တာပတ္တိတော၊ အတ္တာပတ္တိဖြင့်။ လောကိယာနိ၊ လောကီ ဖြစ်ကုန်သော သီလ စသည်တို့ကို။ ဝိညာတာနိ၊ ကုန်၏။ ဣတိ အဓိပ္ပာယော၊ သည်။ အာပဇ္ဇတိ၊ ၏။ တံ၊ ထိုစကားသည်။ ဒိဗ္ဗစက္ခုညာဏာဓိကာရေ၊ ဒိဗ္ဗစက္ခုညာဏ်အရာ၌။ "အရိယာနံ ဥပဝါဒကာ" တိ ဝစနေန၊ ဖြင့်၊ သမေန္တံ ဝိယ၊ ညီသကဲ့သို့။ ဒိဿတိ၊ ၏။ ဟိ–သစ္စံ၊ ၏။ အရိယေ၊ တို့ကို။ အပဿန္တဿ၊ မမြင်ရသော သူအား။ ဧဝံ၊ ဤသို့ စွပ်စွဲခြင်းသည်။ ဝါ၊ ဧဝံ၊ ဤသို့သော ပုဗ္ဗေနိဝါသညာဏ်သည်။ န ဟောတိ၊ မဖြစ်။ ကိမတ္ထံ ပန၊ အဘယ်အကျိုးငှါကား။ ဧတ္ထ၊ ဤ ဝိနယနိဒါန်း၌။ ဝါ၊ ဤဝိဇ္ဇာကို ဝေဖန်ရာ၌။ အနုဿတိ၊ ကို။ ဝုတ္တာ၊ နည်း။ သေ–ဧသော အဓိကာရော၊ ဤအရာသည်။ ဝိဇ္ဇာဓိကာရော နနု၊ ဝိဇ္ဇာအရာ မဟုတ်တုံလော။ ဣတိ၊ သို့။ စေ ပုစ္ဆေယျ၊ အံ့။ အာဒိကမ္မိကဿ၊ အစ၌ ပြုအပ်သော ကမ္မဋ္ဌာန်းတည်းဟူသောအမှုရှိသော ယောဂီပုဂ္ဂိုလ်အား။ သတိဝသေန၊ ဖြင့်။ နိပ္ဖတ္တိတော စ၊ ဖြစ်သောကြောင့်လည်းကောင်း။ အတီတဓမ္မာနံ၊ တို့၏။ သတိယာပိ၊ သတိ၏လည်း။ ဝိသေသာဓိကာရတ္တာ စ၊ ထူးသော အရာ ဖြစ်သောကြောင့်လည်းကောင်း။ ဝုတ္တာ၊ ၏။ ဟိ–သစ္စံ။ ၏ "အနုဿရာမိ" တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

"ဝတ္တမာနေသု ဝိဇ္ဇာန–မတီတေသု သရတိ။
အနာဂတေသု ဓမ္မေသု၊ သရတိ ဝိဇ္ဇာန ပဏ္ဍိတော" တိ–

ပဏ္ဏိမိ–ဟူ၍။ အာစရိယကုမာရိတေန၊ ကုမာရိတ အမည်ရှိသော ဆရာသည်။ သိလောကောပိ၊ ဂါထာကိုလည်း။ ဝုတ္တော၏။

[တေန သိလောကောပိ ဝုတ္တော–လည်း ပါဌ်ရှိ၏။ အစောင်စောင်သော ဋီကာပါဌ်တို့၌ အခွဲအခြားရှိသည်။ အနက်ခက်သည်။ ထင်တိုင်းကိုသာ သမ္ဘန်အံ့]။

ဝတ္တမာနေသု၊ ဝတ္တမာန်ကာလ၌ ဖြစ်သော အရာတို့၌။ ဝိဇ္ဇာနံ၊ သိခြင်းသည်။ အဿ၊ ဖြစ်၏။ အတီတေသု၊ အတိတ်ကာလ ဖြစ်သော အရာတို့၌။ သရတိ–သရဏံ၊ အောက်မေ့ခြင်းသည်။ အဿ၊ ၏။ အနာဂတေသု၊ ကုန်သော။ ဓမ္မေသု၊ တို့၌။ သရတိ၊ အောက်မေ့ခြင်းသည်လည်းကောင်း။ ဝိဇ္ဇာနံ၊ သိခြင်းသည်လည်းကောင်း။ အဿ၊ ၏။ ဣတိ၊ သို့။ ပဏ္ဏိမိ၊ ပိုင်းခြားခြင်းကို။ ဝေဒိတဗ္ဗာ၊ ၏။

[ကြံစည်၍ သမ္ဘန်ပါလေဦး]။

(၅၁) တတ္ထ၊ ထို သံဝဏ္ဏ–စသော ကမ္ဘာအခွဲ၌။ရာဂေ၊ ရာဂသည်။ ဥဿန္နတရေ၊ ပြောသည်ရှိသော်။ တေဇောသံဝဋ္ဋော၊တေဇောသံဝဋ္ဋသည်။ ဟောတိ၊ ၏။ ဒေါသေ၊ သည်။ ဥဿန္နတရေ၊ ပြောသည်ရှိသော်။ အာပေါသံဝဋ္ဋော၊ အာပေါသံဝဋ္ဋသည်။ ဟောတိ၊ ၏။ မောဟေ၊ သည်။ ဥဿန္နတရေ၊ သော်။ ဝါယောသံဝဋ္ဋော၊ သည်။ဟောတိ၊ ၏။ ကေစိ၊ တို့သည်။ "ဒေါသေ၊ သည်။ ဥဿန္နတရေ၊ သော်။ တေဇောသံဝဋ္ဋော၊ သည်။ ဟောတိ၊ ၏။ ရာဂေ၊သည်။ ဥဿန္နတရေ၊ သော်။ အာပေါသံဝဋ္ဋော၊ သည်။ ဟောတိ၊ ၏။"ဣတိ ဝဒန္တိ၊ ကုန်၏။ ယသ္မာ၊ ကြောင့်။ အမုတြာတိ၊ ဟူ၍။ စိတ္တံ ဝါ၊ စိတ်သည်လည်းကောင်း။ ဝစနံ ဝါ၊ စကားသည်လည်းကောင်း။ ဘဝါဒိနိယမေန၊ ဘဝအစရှိသည်ကို မှတ်သဖြင့်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။"ဘဝေ ဝါ" တိအာဒိ၊ ဘဝေ ဝါ–ဤသို့စသောစကားကို။ အာဟ၊၏။ "ဧဝံနာမော ဧဝံဂေါတ္တော"တိ ပဒဒ္ဒယေန၊ ဧဝံဂေါတ္တော–ဟူသော ပုဒ်နှစ်ခုအပေါင်းဖြင့်။ အဇ္ဈတ္တဗဟိဒ္ဓါမူလကံ၊ အဇ္ဈတ္တ,ဗဟိဒ္ဓလျှင် အကြောင်းရှိသော။ ပညတ္တိသခ်ါတံ၊ ပညတ်ဟု ဆိုအပ်သော။ ဂေါစရနိဝါသံ၊ ဂေါစရနိဝါသကို။ ဝါ၊ ကျက်စားလေ့ကျက်ရာဖြင့် နေခြင်းကို။ ဒီပေတိ၊ ၏။ ပဝတ္တဖလဘောဇနော၊ ပဝတ္တဖလဘောဇန ဟူသည်။ သယံပတိတဖလာဟာရော၊ အလိုလို ကြွေကျသော အသီးလျှင် အာဟာရရှိ၏။ စတုရာသီတိကပ္ပသဟဿပရမာယုပရိယန္တော ဝါတိ ဧတ္ထ၊ ဤ အဋ္ဌကထာပါဌ်၌။ ပဏ္ဏိမာနတော၊ ဘုရားဆုကိုပန်သည်မှ။ ပုဗ္ဗေ၊ ၌။ ပဋ္ဌိနိဝတ္တန္တဿ၊ ဆုတ်လျက်။ ပစ္စဝေက္ခဏံ၊ ဆင်ခြင်ခြင်း

သည်။ ပုဗ္ဗေနိဝါသာနုဿတိဉာဏံ၊ သည်။ န ဟောတိ၊ မဖြစ်။ တေ၊ ဤ
စတုရာသီတိသဟဿပရမာယုပရိယန္တော ဝါ-ဟူသော စကားသည်။ ပုဗ္ဗေနိ
ဝါသာနုဿတိဉာဏလာဘီနံ ပန၊ ဉာဏ်ကို ရကုန်သောပုဂ္ဂိုလ်တို့၏။ အာနု
ဘာဝပရိဒီပနံ၊ အာနုဘော်ကို ပြသောသဒ္ဒါတည်း။ ဣတိ၊ သို့။ ဂဏ္ဌိပဒေ၊
၌။ ဝုတ္တံ၊ ၏။ ဒဠှမုဠှာတိ ဝေတ္ထ၊ ၌။ ပဌမယောဇနာယံ၊ ၌။ သီဟောက္ကန္တ
ဝသေန၊ သီဟောက္ကန္တနည်း၏ အစွမ်းအားဖြင့်။ အနုဿရဏံ၊ ကို။ ဝုတ္တံ၏။
တဥ္စ ခေါ၊ ထိုသို့ အောက်မေ့ခြင်းသည်လည်း။ အနုလောမဝသေန၊ ဖြင့်။
ဟောတိ၊ ၏။ ပဋိလောမဝသေနာတိပိ၊ ဟူ၍လည်း။ လိခန္တိ၊ ကုန်၏။ တံ၊
ထိုစကားသည်။ ဒုဝိညေယျံ၊ သိနိုင်ခက်သည်။ ဟောတိ၊ ၏။ သီဟောက္ကန္တံ၊
ကို။ ဒဿေတုံ၊ ငှါ။ "အနေကေသု ကပ္ပကောဋိသူ"တိအာဒိ၊ ကို။ ဝုတ္တံ၊
၏။ ယထာတန္တိ နိဒဿနေန၊ ယထာ တံ-ဟူသော ဥပမာစကားဖြင့်။ ပဋိ
ပတ္တိသာခါရဏေန၊ အကျင့်တည်းဟူသော ဆက်ဆံခြင်းဖြင့်။ ဖလသာခါ
ရဏံ၊ အကျိုးနှင့် ဆက်ဆံသည်၏အဖြစ်ကို။ ဒဿေန္တော၊ ပြသည်ဖြစ်၍။
ဗြာဟ္မဏဿ၊ အား။ အာဒရံ၊ ရိုသေခြင်းကို။ ဇနေတိ၊ ဖြစ်စေ၏။ ကော
အသဒိသံ၊ အတုမရှိသော။ အတ္တာနမေဝ၊ ကိုယ်တော်ကိုသာလျှင်။ ဥက္ကံသေ
တိ၊ ချီးမြှင့်တော်မူ၏။ ဣတိ ဝစနံ၊ ဤသို့သော စကားကို။ နိဝါရေတိ၊
မြစ်တော်မူ၏။ "သာဓု ခေါ ပန။ပ။ ဒဿနံ ဟောတိ"တိ၊ ဟောတိ-ဟူ၍။
တဿ၊ ထိုပုဏ္ဏားအား။ ပုဗ္ဗေ၊ ရှေး၌။ ဥပ္ပန္နစိတ္တေ ဧဝ၊ ဖြစ်သော စိတ်[1]
ကိုသာလျှင်။ နိယောဇေတိ၊ တိုက်တွန်းတော်မူ၏။ ပဌမာအဘိနိဗ္ဗိဒါတိ
ဝစနေန၊-သဒ္ဒါဖြင့်။ အဝိဇ္ဇဏ္ဍကောသဿ၊ အဝိဇ္ဇာတည်းဟူသော ဥခွံ၏။
ဗဟုပဋလဘာဝံ၊ များသော အလွှာ အထပ်ရှိသည်၏အဖြစ်ကို။ ဒဿေတိ၊
၏။ တေန၊ ထိုသို့ပြသဖြင့်။ အဠဝိဂုဏဿရိယာဒိနာ၊ ရှစ်ပါးသော ကျေးဇူး
ကို အစိုးရခြင်း အစရှိသည်ဖြင့်။ အနဘိနိဗ္ဗိဒံ၊ မဖောက်မထွင်းနိုင်သည်၏
အဖြစ်ကို။ ဒီပေတိ၊ ၏။

ပုဗ္ဗေနိဝါသကထာဝဏ္ဏနာ၊ သည်။ နိဋ္ဌိတာ၊ ပြီးပြီ။

---

### ဒိဗ္ဗစက္ခုဉာဏကထာဝဏ္ဏနာ

၁၃။ "စုတူပပါတဉာဏာယာ"တိ ဣဒံ၊ ကို။ [illegible]ရေန၊ ဖြင့်။ ဝုတ္တံ၊
၏။ ဟိ-သစ္စံ၊ ၏။ ဣဒံ ဒိဗ္ဗစက္ခုဉာဏံ၊ ဤ ဒိဗ္ဗ[illegible]။ ရူပါရမ္မ
ဏတ္တာ၊ ရူပါရုံလျှင် အာရုံရှိသည်၏အဖြစ်ကြောင့်။ [illegible]ဗဟိဒ္ဓါ

---

၁။ စိတ်၌သာလျှင် (?)

ရမ္မဏံ၊ ပရိတ္တတရား ပစ္စုပ္ပန်တရား အဇ္ဈတ္တဗဟိဒ္ဓတရားအာရုံရှိသည်။ ဟော တိ၊ ၏။ စုတိံ ဝါ၊ စုတိကိုလည်းကောင်း။ ပဋိသန္ဓိံ ဝါ၊ ပဋိသန္ဓေကိုလည်း ကောင်း။ အာရမ္မဏံ၊ ကို။ န ကရောတိ၊ မပြု။ တသ္မာ၊ ထို့ကြောင့်။ "ယထာကမ္မုပဂေ သတ္တေ ပဇာနာမိ"တိ ဝစနံ ဝိယ၊ ကဲ့သို့။ ဖလူပစာရေ နေဝ၊ ဖြင့်သာလျှင်။ ဣဒံ၊ ဤ စုတူပပါတဉာဏာယ—ဟူသော စကားကို။ ဝုတ္တံ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။ ဒိဗ္ဗဝိဟာရသန္နိဿိတတ္တာ၊ ဒိဗ္ဗဝိဟာ ရကို မှီသည်၏အဖြစ်ကြောင့်။ ကာရဏောပစာရေန၊ ဖြင့်။ ဒိဗ္ဗံ၊ ဒိဗ္ဗမည်၏။ ဣမိနာ ပန၊ ဤ ဒိဗ္ဗဝိဟာရသန္နိဿိတတ္တာ—ဟူသောပါဌ်ဖြင့်ကား။ ကေစိ၊ကုန် သော။ အာစရိယာ၊ တို့သည်။ "ကုသလာကုသလာ၊ ကုသိုလ် အကုသိုလ်ဖြစ် ကုန်သော။ စက္ခူ၊ တို့သည်။ဒိဗ္ဗစက္ခု၊ ဒိဗ္ဗစက္ခုတည်း။ ကာမာဝစရံ၊ တည်း။" ဣတိ၊ သို့။ ဝဒန္တိ၊ ဆိုကုန်၏။ တေ၊ ထိုဆရာတို့ကို။ ပဋိသေဓိတာ၊ မြစ်အပ်ကုန် သည်။ဟောန္တိ၊ကုန်၏။ စတုတ္ထဇ္ဈာနသညာ၊ ကို။ ဧတ္ထ၊ ဤဒိဗ္ဗစက္ခုကထာ၌။ ဟိ-ယသ္မာ၊ ကြောင့်။ အဓိပ္ပေတာ၊ လိုအပ်၏။ တသ္မာ၊ ကြောင့်။ ပဋိသေဓိ တာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ မဟာဇုတိကတ္တာ မဟာဂတိကတ္တာတိ ဧတေသု၊ ဤဝါကျတို့၌။ "သဒ္ဒသတ္တာနုသာရေနာ"တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ကောဒသန္နံ၊ ကုန်သော။ (၅၂)ဥပက္ကိလေသာနံ၊ တို့၏။ ဇေ၊ သို့။ ဥပ္ပတ္တိက္က မော စ၊ ဖြစ်ခြင်းအစဉ်ကိုလည်းကောင်း။ ဥပက္ကိလေသဘာဝေါ စ၊ ညစ်ညူး စေတတ်သည်၏အဖြစ်ကိုလည်းကောင်း။ ဝေဒိတဗ္ဗော၊ ၏။ မဟာသတ္တဿ၊ ဘုရားလောင်း၏။ အာလောကံ၊ အလင်းကို။ ဝဍ္ဎေတွာ၊ ပွါးစေ၍။ ဒိဗ္ဗ စက္ခုနာ၊ ဖြင့်။ နာနာဝိဓာနိ၊ အထူးထူး အပြားပြားရှိကုန်သော။ ရူပါနိ၊ ရူပါရုံတို့ကို။ ဒိသွာ၊ မြင်၍။ "ဣဒံ၊ ဤအာရုံသည်။ ကိံ နု ခေါ၊ အဘယ် နည်း"။ဣတိ၊ သို့။ ဝိစိကိစ္ဆာ၊ သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ သော၊ ထိုသို့ဖြစ်ခြင်းသည်။ ဥပက္ကိလေသော၊ မည်၏။ ကသ္မာ၊ ကား။ ဥပက္ကိလေ သသုတ္တေ၊ ၌။ "မေ၊ ငါ၏။ သမာဓိ၊ သည်။ ဝိစိကိစ္ဆာဓိကရဏဉ္စ၊ ဝိစိ ကိစ္ဆာအကြောင်းရှိသည်ဖြစ်၍လည်း။ စဝိ၊ ရွေ၏။ ဝါ၊ လျှပ်၏။ သမာဓိမှိ၊ သည်။ စုတေ၊ ရွေ့သည်ရှိသော်။ ဩဘာသော၊ လင်းသောအရောင်သည်။ အန္တရဓာယတိ၊ ကွယ်၏။ ရူပါနံ၊ ရူပါရုံတို့ကို။ ဒဿနဉ္စ၊ မြင်ခြင်းသည် လည်း။ အန္တရဓာယတိ၊ ၏။" ဣတိ ဝစနတော၊ ဤသို့ ဟောတော်မူ သောကြောင့်တည်း။ တတော၊ ထို့နောင်မှ။ "ရူပါနိ၊ ရူပါရုံတို့ကို။ ပဿတော၊ ရှုသော။ မေ၊ ငါ့အား။ ဝိစိကိစ္ဆာ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။

---

၁။ ပညာ (ဆဋ္ဌ)

